ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သူတစ်ပါးအားမညစ်နွမ်းစေသင့်**

သူတစ်ပါးကို သင့်လျော်သောအကျင့်၌ တည်စေလို၍ ဆုံးမသောပုဂ္ဂိုလ်သည် မိမိက ရှေးဦးစွာ ထိုအကျင့်၌ တည်နိုင်ရန်ကြိုးစားရာ၏။ ထိုနောက်မှ သူတစ်ပါးအား ညွှန်ကြားဆုံးမရာ၏။ မိမိ၌ ထိုတရားမျိုးမရှိဘဲ သူတစ်ပါးအား ဆုံးမခြင်းသည် အများ၏ကဲ့ရဲ့ ရှုတ်ချဖွယ်ဖြစ်၏။ ပညာရှိမည်သည် သူတစ်ပါးအား ကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေသင့်ပေ။

အတ္တဝဂ်(ဓမ္မပဒ-၁၅၈)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လကွယ်၊ တနင်္ဂနွေနေ့။ Sunday , 30 October 2016 (၈၇၃၀)

# ဝေးလံခေါင်ဖျားဒေသများသို့ ခရီးစဉ်များရေးဆွဲကာ မြန်မာ့ခရီးသွားကဏ္ဍ မြှင့်တင်မည်

*မြန်မာနိုင်ငံ၌ ခရီးသွားလာရန် နိုင်ငံတကာမှ စိတ်ဝင်စားမှုမြင့်တက်လာချိန်တွင် ပြည်ပခရီးသွားများ သွားလာမှုများပြားလေ့ရှိသည့် အဓိက ခရီးသွားဆွဲဆောင်ရာဒေသများအပြင် လုပ၍ ခရီးစဉ်သစ်များဖြစ်သည့် ဝေးလံခေါင်ဖျားဒေသများရှိ ခရီးစဉ်များကိုလည်း စိတ်ဝင်တစားလည်ပတ်နိုင်ရန် ဆွဲဆောင်မြှင့်တင်မှုများ ပြုလုပ်ရန်လိုအပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုးက ပြောသည်။*





**ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ ပဒေါင်တိုင်းရင်းသားများနေထိုင်ရာ အိမ်ရာများ(အပေါ်ပုံ)နှင့် ပဒေါင်တိုင်းရင်းသူ(ယာပုံ)တို့အား တွေ့ရစဉ်။**

မြန်မာနိုင်ငံအတွင်း ယခင်က ခရီးအသွားအလာနည်းခဲ့သော ဝေးလံခေါင်ဖျားဒေသများသို့ ခရီးသွားကဏ္ဍ ဆွဲဆောင်မြှင့်တင်ရန် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အရင်က သွားလို့မရတဲ့ဒေသတွေ အခုသွားလို့ရလာပြီဖြစ်တဲ့အတွက် အဲဒီဒေသတွေကို ခရီးသွားကဏ္ဍ မြှင့်တင်ဖို့လိုပါတယ်။ ကယား၊ တနင်္သာရီ၊ ကရင်၊ ရခိုင်၊ ချင်း၊ ကချင် စတဲ့ ဒေသတွေမှာ ခရီးသွားဆွဲဆောင်မှုတွေ အများကြီးရှိတဲ့အတွက် တကယ့်ကို စိတ်ဝင်တစားနဲ့ လာရောက်လည်ပတ်နိုင်တဲ့ ခရီးသွား ဆွဲဆောင်ရာဒေသအဖြစ် မြှင့်တင်ရမှာပါ။ အဲဒီလို ဝေးလံခေါင်ဖျားတဲ့ဒေသ remote areas တွေကို ခရီးသွားမြှင့်တင်နိုင်ဖို့အတွက် ကျွန်တော်တို့ အနေနဲ့ ဟိုတယ်ပေါင်း ၇၆ ခုနဲ့ လက်တွဲပြီး ဝန်ဆောင်မှုပေးနေပါတယ်"ဟု ခရီးသွားဝန်ဆောင်မှုလုပ်ငန်း အွန်လိုင်းဘိုကင်စနစ် ဆောင်ရွက်လျက်ရှိသော Jovago.com မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအတွင်း ခရီးသွားဆွဲဆောင်ရာဒေသများတွင် ပြည်ပခရီးသည် ဝင်ရောက်မှု အများဆုံးဒေသမှာ ရန်ကုန်၊ ကျိုက်ထီးရိုး၊ ပဲခူး၊ ပုဂံ၊ မန္တလေး၊ ဟဲဟိုး၊ ပင်းတယ၊ အင်းလေး၊ တောင်ကြီး၊ မြောက်ဦး၊ ငပလီ စသည့် ဒေသများဖြစ်ပြီး ခရီးသွားလာမှု အဆင်ပြေလွယ်ကူမှုရှိခြင်းကြောင့်လည်း ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် အဆိုပါဒေသများအပြင် ဝေးလံခေါင်ဖျားသောဒေသများနှင့် ပြည်တွင်းခရီးစဉ်သစ်များအပေါ် စိတ်ဝင်စားမှု များပြားလာပြီး ပြည်တွင်းမှ ခရီးသည်များ လည်ပတ်မှုများပြားလာခြင်းအပြင် ပြည်ပခရီးသည်များကိုလည်း ဆွဲဆောင်နိုင်သည့် ခရီးစဉ်များအဖြစ် **စာမျက်နှာ ၅ ကော်လံ ၁ သို့**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် CATIC ကုမ္ပဏီထုတ် Y-9 E သယ်ယူပို့ဆောင်ရေးလေယာဉ် ကြည့်ရှုလေ့လာ

သတင်း စာမျက်နှာ - ၃



ကြေးမုံ

# ပြည်သူတို့၏ ကျန်းမာရေးအန္တရာယ် ကာကွယ်ရေး

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ထုတ်ပြန်သော သတင်းများအရ အစားအသောက်ဆိုင်ရာ ဥပဒေအသစ်၊ အလှကုန်ပစ္စည်းဆိုင်ရာ ဥပဒေအသစ်၊ ဆေးပစ္စည်းဆိုင်ရာ ဥပဒေအသစ်နှင့် အရည်အသွေးထိန်းချုပ်သော ဓာတ်ခွဲခန်းဆိုင်ရာ ဥပဒေအသစ်တို့ကို ရေးဆွဲသွားရန်ရှိကြောင်း ကြားသိရပါသည်။ ထိုသို့ရေးဆွဲရန်ရှိသော ဥပဒေအသစ်လေးခုစလုံးသည် နိုင်ငံသူ နိုင်ငံသားတို့အတွက် အထူးလိုအပ်လျက်ရှိသော ဥပဒေများဖြစ်၍ အလေးအနက် ကြိုဆိုအပ်ပါသည်။

ပြည်သူလူထု နေ့စဉ်စားသောက်နေကြသော အစားအစာများတွင် မသုံးသင့် မသုံးထိုက်သော ဓာတုပစ္စည်းများပါဝင်နေသည့် သတင်းများကို အဆက်မပြတ်ဆိုသလို ကြားသိနေရပါသည်။ မြန်မာနိုင်ငံ၌ ကင်ဆာရောဂါကဲ့သို့သော ရောဂါများ အလျင်အမြန်တိုးပွားလာနေခြင်းသည် အစားအသောက်များတွင်ပါဝင်နေသော အဆိုပါ မသုံးသင့် မသုံးထိုက်သည့် ဓာတုပစ္စည်းများကြောင့်ဟု ယူဆသတ်မှတ်နိုင်ပါသည်။ ပထမအဆင့်အနေဖြင့် မည်ကဲ့သို့သော အစားအစာများ၌ မည်ကဲ့သို့သော ဓာတုပစ္စည်းများပါဝင်နေသည်ကို အတိအကျဖော်ထုတ်နိုင်ရန် လိုအပ်ပါသည်။ လက်ရှိ၌လည်း အဆိုပါ ဖော်ထုတ်ရေးလုပ်ငန်းတို့ကို တတ်အားသရွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)က နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းကြီးတစ်ခု တည်ဆောက်နေခြင်းသည်လည်း ပြည်သူတို့၏ ကျန်းမာရေးကို အန္တရာယ်ပြုလျက်ရှိသည့် ဓာတုပစ္စည်းပါ အစားအသောက်များဖော်ထုတ်ရာ၌ များစွာအထောက်အကူ ဖြစ်မည်ဖြစ်ပါသည်။

ဥပဒေသစ်များ ရေးဆွဲနေသည်နှင့်တစ်ပြိုင်တည်း လက်ရှိဥပဒေဘောင်အတွင်းက ဆောင်ရွက်နိုင်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် မည်ကဲ့သို့ တိုးမြှင့်ဆောင်ရွက်မည်ဟူသော လက်တွေ့လုပ်ငန်းစဉ်များကိုလည်း မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)က ဆောင်ရွက်နေမည်ဟု ယုံကြည်ပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်၍ ဘတ်ဂျက်လိုအပ်ချက်များပြားမည်ဖြစ်ပါသည်။ ပြည်သူလူထု၏ ကျန်းမာရေးအန္တရာယ်တို့ကို ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ပိုမိုထိရောက်သည်သာမက ပြည်သူလူထုနှင့် နိုင်ငံတော်၏ဘတ်ဂျက်အပေါ် မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုးတိုးခြင်းမှလည်း လျော့ပါးသက်သာစေမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ လုပ်ငန်းစဉ်များမြန်နိုင်သမျှ မြန်မြန်တိုးချဲ့ဆောင်ရွက်နိုင်ရန် အရေးတကြီး လိုအပ်လျက်ရှိပါသည်။ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာ၌ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ လုပ်ငန်းစဉ်များတိုးချဲ့နိုင်ရေးကို ဦးစားပေးကိစ္စတစ်ရပ်အဖြစ် မူဝါဒချမှတ်ဆောင်ရွက်ပါရန် လေးစားစွာ အကြံပြုတင်ပြအပ်ပါသည်။ ပြည်သူလူထု၏ ကျန်းမာရေးအပေါ် ထိခိုက်နိုင်သော ပမာဏအတိုင်းအတာ ပေါ်မူတည်၍ အစားအသောက်များတွင် မသုံးသင့် မသုံးထိုက်သော ဓာတုပစ္စည်းများ သုံးစွဲသည့် လုပ်ငန်းရှင်များအား လုပ်ငန်းလုပ်ပိုင်ခွင့်လိုင်စင် ပိတ်သိမ်းသည်အထိ အရေးယူခြင်းမျိုးကိုလည်း ထည့်သွင်းသုံးသပ်သင့်သည်ဟု ယူဆမိပါသည်။ ချုပ်၍တင်ပြရပါက ပြည်သူလူထုအပေါ် ကျရောက်နိုင်မည့် ကျန်းမာရေးအန္တရာယ်တို့ကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ဘက်ပေါင်းစုံမှ သုံးသပ်ဆောင်ရွက်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## မီးဘေးကြိုတင်ကာကွယ်ရေး အသိပေးဟောပြော

**ပုလော အောက်တိုဘာ ၂၉**

ပုလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲက ပုလောမြို့ မြို့မ အားကစားကွင်း၌ စက်သုံးဆီ အရောင်းကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးပြီး မီးသတ်စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက စက်သုံးဆီ အရောင်းဆိုင်များတွင် အရေးပေါ် မီးလောင်ကျွမ်းမှုပေါ်ပေါက်ပါက မီးငြှိမ်းသတ်မှုနည်းစနစ်များနှင့် DCP မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




# 2016 Asia-Yangon Regional Programming Contest ပြိုင်ပွဲ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

အမေရိကန်နိုင်ငံ Baylor University တွင် အခြေစိုက်သော ACM-ICPC အဖွဲ့ကြီး၏ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးမှုဖြင့် 2016 Asia-Yangon Regional Programming Contest ပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ သိရသည်။

အဆိုပါ နိုင်ငံတကာအဆင့်ပြိုင်ပွဲကြီးကို ယခုနှစ် ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲအတွက် ပံ့ပိုးကူညီပေးမည့် Media Sponsorship အဖြစ် ပါဝင်ကူညီနိုင်ရန်အတွက်လည်း ဖိတ်ခေါ်ထားကြောင်း သိရသည်။

ပြိုင်ပွဲ၏ အဓိကရည်ရွယ်ချက်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ နိုင်ငံတကာအဆင့် Programming ပြိုင်ပွဲကို မိမိတို့နိုင်ငံတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သော အခွင့်အရေးရရှိစေပြီး အာရှပစိဖိတ်နှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်ဒေသအတွင်းရှိ နိုင်ငံခြားတက္ကသိုလ်ကိုယ်စားပြု ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများနှင့် အတွေ့အကြုံဖလှယ်ခွင့် ရရှိစေမည့်အပြင် ထူးချွန်ပြီး အရည်အချင်းကောင်းမွန်သော ICT မျိုးဆက်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

2016 ACM ICPC Asia-Yangon Regional Programming Contest ပြိုင်ပွဲအတွက် ယခုနှစ် ဇွန် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် Asia-Yangon National Programming Contest ကို ပြုလုပ်ခဲ့ပြီး ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကွန်ပျူတာတက္ကသိုလ် ၂၄ ခုမှ ပြိုင်ပွဲဝင်အသင်း ၆၅ သင်း၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူပေါင်း ၁၉၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အဆိုပါပြိုင်ပွဲမှ ပြိုင်ပွဲဝင် အသင်း ၃၈ သင်းကို မြန်မာနိုင်ငံ ကိုယ်စားပြုအသင်းအဖြစ် ရွေးချယ်ထားကာ အာရှပစိဖိတ်နှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်ဒေသအတွင်းရှိ နိုင်ငံခြားတက္ကသိုလ်ကိုယ်စားပြုအသင်း ၂၃ သင်းတို့ 2016 ACM ICPC Asia-Yangon Regional Programming Contest ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကြီးကို နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးသည့် ACM အဖွဲ့မှာ Association for Computing Machinery ၏ အတိုကောက်ဖြစ်ပြီး အမေရိကန်နိုင်ငံ Baylor University အခြေစိုက် ကမ္ဘာ့အကြီးဆုံး Educational and Scientific Computing Society အဖွဲ့အစည်းဖြစ်သည်။ ယင်းအဖွဲ့မှ ကမ္ဘာတစ်ဝန်းရှိ ပညာရေးနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ သုတေသနပြုနေသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ ပါဝင်ကြပြီး နည်းပညာဖွံ့ဖြိုးတိုးတက်မှုများကို ရှာဖွေလေ့လာသည့်အပြင် IBM အကူအညီဖြင့် ကမ္ဘာတစ်ဝန်းရှိ ACM-ICPC အဖွဲ့ကြီး၏ အသိအမှတ်ပြု တက္ကသိုလ်များ၌ ICPC ပြိုင်ပွဲများကို ကူညီထောက်ပံ့လျက်ရှိသည်။

ယခုကျင်းပမည့် Regional ပြိုင်ပွဲ၌ ရွေးချယ်ခံရသည့် အသင်းများသည် 2017 World Final ကမ္ဘာ့အဆင့်ပြိုင်ပွဲသို့ ယှဉ်ပြိုင်နိုင်မည်ဖြစ်ရာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ကျင်းပမည့် ၂၀၁၆ ACM ICPC Asia-Yangon Regional Programming Contest ပြိုင်ပွဲအတွက် Media Sponsorship အဖြစ် ပါဝင်ကူညီပံ့ပိုးနိုင်ရန် ဖိတ်ခေါ်ထားကြောင်း ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ သိရသည်။

**(ဆုနှင်းလှဲ့)**



**သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် CATIC ကုမ္ပဏီထုတ် Y-9 E သယ်ယူပို့ဆောင်ရေးလေယာဉ် ကြည့်ရှုလေ့လာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Y-9 E သယ်ယူပို့ဆောင်ရေးလေယာဉ်အတွင်း ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းရှီဟွမ် ဘုရင့်စစ်သည်တော် ရုပ်တုအား ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကူမင်းမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် Shan Xi ပြည်နယ် Hang Zhong မြို့သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် CATIC ကုမ္ပဏီမှ ထုတ်လုပ်သည့် Y-9 E သယ်ယူပို့ဆောင်ရေးလေယာဉ်ကို ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် Xian မြို့သို့ရောက်ရှိကြပြီး Xian မြို့ရှိ ချင်းရှီဟွမ် ဘုရင့်စစ်သည်တော်ရုပ်တုများအား သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဒဂုံဆိပ်ကမ်းမြို့နယ် ဧရာဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



**ရန်ကုန် အောက်တိုဘာ ၂၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ဧရာဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိခဲ့ပြီး ရှင်းလင်းဆောင်တွင် မြို့ပြအခြေခံအဆောက်အအုံ စီမံကိန်းဖွံ့ဖြိုးရေးဌာနခွဲမှ အင်ဂျင်နီယာမှူးကြီးက အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို တင်ပြသည်။ ဆက်လက်၍ ရေသန့်၊ လျှပ်စစ်နှင့် အဆောက်အအုံအထူးအဖွဲ့များမှ တာဝန်ခံအင်ဂျင်နီယာများ၊ CHD Bank နှင့် ကုမ္ပဏီတို့မှ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ ဘဏ်ချေးငွေစနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် Power Point ဖြင့် အသီးသီးရှင်းလင်းတင်ပြကြသည်။

တင်ပြမှုတို့အပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ ရေမီးရရှိအောင် ဦးစားပေးဆောင်ရွက်ရေး၊ အိမ်ခန်းဝယ်ယူနေထိုင်သူများ သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျ အဆင်ပြေစွာနေထိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်ရာစီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်သည့် လုပ်ငန်းများနှင့် Show Gallery တည်ဆောက်မှု၊ Landscape နှင့် ကလေးကစားကွင်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**(သတင်းစဉ်)**

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ စခန်းချလေ့ကျင့်မှုသင်တန်းဆင်းပွဲများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့်နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၄၁၁ ဦးအား အောက်တိုဘာ ၁ ရက်တွင် စခန်းချလေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် သင်တန်းဆင်းပွဲများကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တို့ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းများ၌ ပြုလုပ်ကြသည်။

သင်တန်းဆင်းပွဲများသို့ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် သင်တန်းနည်းပြများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး တိုင်းမှူးများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးများနှင့်တာဝန်ရှိသူများက သင်တန်းများအလိုက် ထူးချွန်ဆုရရှိသော သင်တန်းသား သင်တန်းသူများ၊ အောင်မြင်စွာသင်တန်းတက်ရောက်ခဲ့သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ အသီးသီးပေးအပ်ကြသည်။ **(မြဝတီ)**

# မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်

**ဝမ်းတွင်း အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ဝမ်းတွင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကျောင်းသူလေးများ၏ အေရိုးဗစ်အက၊ ပန်းပွားပေါင်းစပ်အကများဖြင့်လည်းကောင်း၊ အားကစားသမား ခိုင်ထွန်းလွင်၏ “ငါတို့ချစ်တဲ့ဝမ်းတွင်း”သီချင်းဖြင့် ကျောင်းသူလေးများက ဝမ်းတွင်းမြို့အမည် အင်္ဂလိပ်အက္ခရာအတိုကောက် WDN စာတန်းနှင့် အိုလံပစ်ကွင်း (၅)ကွင်းပုံဖော်အကများဖြင့်လည်းကောင်း ဂုဏ်ပြုကပြဖျော်ဖြေခဲ့သည်။

အဆိုပါပြိုင်ပွဲအား အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၅၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**(သန်းတင်အောင်)**

# မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၂၉**

အောက်တိုဘာ ၂၉ ရက် နံနက် ၀၀ နာရီ ၀၈ မိနစ် ၁၅ စက္ကန့်တွင် နေပြည်တော် မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၄၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(တောင်တွင်းကြီးမြို့၏အရှေ့မြောက်ဘက် ၁၆ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၃ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(ကြေးမုံ)**


# ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

**သိန္နီ အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီ-ခမ်းတိမ်း-နောင်ကားလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သိန္နီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းတို့ အောက်တိုဘာ ၂၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သိန္နီမြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးထွဏ်းနှင့် ရောင်စဉ်ပွင့် သစ်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသခဲ့ကြသည်။

အဆိုပါလမ်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်း(၁/၄)မိုင် ခွင့်ပြုငွေကျပ် (၁၁၆ ဒသမ ၁၈ )သန်းဖြင့် ဆောင်ရွက်ခဲ့သောလမ်းဖြစ်ပြီး ခမ်းတိမ်းကျေးရွာအုပ်စုအတွင်းရှိ ခမ်းတိမ်း၊ ဟိုနား၊ မန်ဆောက်၊ နောင်ကား၊ နောင်တိုက်၊ ကောင်းလန်း၊ ကုံးမုံနှင့် တာပုံကျေးရွာများသို့ ဆက်သွယ်သည့်လမ်းဖြစ်ကာ ကျေးလက်နေပြည်သူများအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သီပေါကိုလတ်)**

# ဟီလာရီကလင်တန်၏ အီးမေးလ်အသစ်များအား စစ်ဆေးမှုများပြုလုပ်မည်ဟု FBIအဖွဲ့ပြောကြား

**ဝါရှင်တန် အောက်တိုဘာ ၂၉**
အမေရိကန်ထောက်လှမ်းရေးဗျူရို FBI အဖွဲ့က ဟီလာရီကလင်တန်၏ ကိုယ်ပိုင်ဆာဗာနှင့် အီးမေးလ်အသုံးပြုခဲ့မှုကို အမေရိကန်သမ္မတရွေးကောက်ပွဲကျင်းပရန် ရက်အနည်းငယ်သာကျန်တော့သည့်အချိန်တွင် ပြန်လည်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

FBI အဖွဲ့၏ ယခင်စစ်ဆေးမှုများတွင် မတွေ့ရှိခဲ့သည့် အီးမေးလ်အသစ်များကို ထပ်မံရှာဖွေတွေ့ရှိခဲ့ပြီးနောက် ၎င်းအီးမေးလ်များတွင် အရေးကြီးသတင်းအချက်အလက်များ ပြင်ပလောကသို့ပျံ့နှံ့နိုင်ခြေရှိ၊ မရှိ သိရှိစေရန် ဟီလာရီ၏ အီးမေးလ်များကို ပြန်လည်စစ်ဆေးမည်ဖြစ်ကြောင်း အဖွဲ့ဒါရိုက်တာ ဂျိမ်းစ်ကိုမီက ကွန်ဂရက်သို့ အောက်တိုဘာ ၂၈ ရက်တွင် အစီရင်ခံစာပေးပို့ခဲ့သည်။

ယခုအချိန်တွင် ဟီလာရီကလင်တန်နှင့် ဒေါ်နယ်ထရန့်တို့သည် နိုဝင်ဘာ ၈ ရက်၌ကျင်းပမည့် သမ္မတရွေးကောက်ပွဲမတိုင်မီ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကို အစွမ်းကုန်ကြိုးစားနေကြသည့် အချိန်ဖြစ်သည်။

ဇူလိုင်လတွင် ဟီလာရီကလင်တန် နိုင်ငံခြားရေးဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့စဉ် အလုပ်သဘောအရ အသုံးပြုခဲ့သည့် ဆာဗာနှင့် အီးမေးလ်များအား စစ်ဆေးမှုကို FBI အဖွဲ့က အဆုံးသတ်ခဲ့ပြီး စစ်ဆေးမှုနှင့်ပတ်သက်ပြီး သံသယဖြစ်နိုင်ဖွယ်ကောင်းသည့် မည်သည့်အီးမေးလ်ကိုမျှ တွေ့ရှိခဲ့ခြင်းမရှိဟု ကြေညာခဲ့သည်။

FBI အဖွဲ့က အီးမေးလ်အသစ်များတွေ့ရှိခဲ့ပြီးနောက် စစ်ဆေးမှုများ ထပ်မံလုပ်ဆောင်မည်ဟု ကြေညာခဲ့သည့်အတွက် ကလင်တန်အနေဖြင့် အောက်တိုဘာ ၂၈ ရက်တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဆောလျင်စွာ စီစဉ်ခဲ့သည်။ စစ်ဆေးမှုများပြုလုပ်ပြီးပါက ထွက်ပေါ်လာသည့် ရလဒ်ကိုပြည်သူများ အချိန်နှင့်တစ်ပြေးညီသိနိုင်စေရန် ထုတ်ပြန်ပေးပါဟု ကလင်တန်က အဆိုပါသတင်းစာရှင်းလင်းပွဲတွင် FBI အဖွဲ့အား တိုက်တွန်းပြောကြားခဲ့သည်။ ထို့ပြင် ထပ်မံတွေ့ရှိလာသည့် အီးမေးလ်အသစ်များသည် သူ့အားစစ်ဆေးခဲ့သည့် FBI၏ နောက်ဆုံးရလဒ်ထွက်ပေါ်မှုကို ပြောင်းလဲသွားမည် မဟုတ်ကြောင်း ဟီလာရီက အခိုင်အမာပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## မြောက်ဒါကိုတာ ရေနံပိုက်လိုင်းသွယ်တန်းမှု ကန့်ကွက်ဆန္ဒပြသူများကို ရဲတပ်ဖွဲ့ထိန်းသိမ်း



**ဘင့်စမတ် အောက်တိုဘာ ၂၉**
အမေရိကန်ပြည်ထောင်စု မြောက်ဒါကိုတာပြည်နယ်၌ အငြင်းပွားဖွယ်ရာ ရေနံပိုက်လိုင်း တည်ဆောက်မှုကို ရပ်တန့်ပေးရန် တောင်းဆိုသည့် ဆန္ဒပြပွဲအတွင်း အဓိကရုဏ်းများဖြစ်ပွားခဲ့ပြီးနောက် ရဲတပ်ဖွဲ့က ဆန္ဒပြသမား ၁၄၁ ဦးကို ထိန်းသိမ်းခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိန်းသိမ်းခံရသူများမှာ မူလတိုင်းရင်းသားများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများဖြစ်ကြသည်။ အငြင်းပွားဖွယ်ရာ ရေနံပိုက်လိုင်းသစ် တည်ဆောက်မှု ရပ်ဆိုင်းပေးရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။

အဆိုပြုထားသည့် ရေနံပိုက်လိုင်းသည် မြောက်ဒါကိုတာပြည်နယ်ရှိ ဘာကင်ရှေလ ရေနံမြေမှသည် အမေရိကန်ပင်လယ်ကွေ့ ကမ်းရိုးတန်းဒေသရှိ ရေနံချက်စက်ရုံများသို့ ရေနံပေးပို့ရန် ရည်ရွယ်သည်။

**ရိုက်တာ။**

## နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ မိုင်ဒူဂူရီမြို့တွင် အသေခံပုံးခွဲသမားနှစ်ဦး ဖောက်ခွဲတိုက်ခိုက်၍ လူရှစ်ဦးသေဆုံး



**မိုင်ဒူဂူရီ အောက်တိုဘာ ၂၉**
နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းရှိ မိုင်ဒူဂါရီမြို့တွင် အသေခံပုံးခွဲသမားနှစ်ဦး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူရှစ်ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း နိုင်ဂျီးရီးယားစစ်ဘက်က ပြောကြားသည်။ မိုင်ဒူဂူရီမြို့သည် နိုင်ဂျီးရီးယားနိုင်ငံတွင် အကြမ်းဖက်သောင်းကျန်းမှု သက်တမ်းခုနစ်နှစ်ကြာပြီဖြစ်သည့် ဘိုကိုဟာရမ် စစ်သွေးကြွလက်နက်ကိုင်အဖွဲ့၏ လှုပ်ရှားရာ အချက်အချာဒေသဖြစ်သည်။

ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ လတ်တလောတွင် မည်သည့် အဖွဲ့အစည်းကမျှ ၎င်းတို့ တာဝန်ရှိကြောင်း မပြောကြားသော်လည်း နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် အစ္စလာမ့်စ် နိုင်ငံထူထောင်ရေးအတွက် ကြိုးပမ်းနေသည့် ဘိုကိုဟာရမ်အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း ထင်ရှားသိသာသည်ဟု သတင်းတွင် ဖော်ပြသည်။ ဘိုကိုဟာရမ်စစ်သွေးကြွများ၏ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် နိုင်ဂျီးရီးယားတွင် လူထောင်ပေါင်းများစွာ သေဆုံးခဲ့ပြီး အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်သူပေါင်း နှစ်သန်းကျော်ရှိပြီဖြစ်သည်။

မိုင်ဒူဂူရီမြို့ ဆင်ခြေဖုံးရှိ ရွှေ့ပြောင်းခိုလှုံသူများ နေထိုင်ရာ ဘာကာဆီစခန်းရှေ့တွင် အသေခံပုံးဖောက်ခွဲသူ အမျိုးသမီးတစ်ဦးက ဒေသစံတော်ချိန် နံနက် ၂ နာရီတွင် ၎င်းကိုယ်၎င်း အသေခံပုံးဖောက်ခွဲခဲ့ရာ အမျိုးသားငါးဦးသေဆုံးပြီး အမျိုးသမီး ၁၁ ဦး ဒဏ်ရာရခဲ့ကြောင်း နိုင်ဂျီးရီးယား စစ်ဘက်မှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ယင်းနှင့် တစ်ချိန်တည်းတွင် အခြားအသေခံပုံးခွဲသူ အမျိုးသမီးတစ်ဦးက နိုင်ဂျီးရီးယားအစိုးရ ရေနံလုပ်ငန်း (အန်အန်ပီစီ)၏ လောင်စာဆီသိုလှောင်ဌာနအတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းကာ ၎င်းကိုယ်၎င်းအသေခံပုံးဖောက်ခွဲ ခဲ့ရာ လူသုံးဦးသေဆုံးခဲ့ကြောင်း နိုင်ဂျီးရီးယားစစ်ဘက်မှ သတင်းထုတ်ပြန်ကြေညာသည်။

**ဆင်ဟွာ။**

## တရုတ်နိုင်ငံ အရှေ့ပိုင်း ကျီနန်းမြို့နှင့် လော့စ်အိန်ဂျလိစ်မြို့ကြား တိုက်ရိုက်လေကြောင်းပျံသန်းမှု လမ်းကြောင်းသစ် ဖွင့်မည်

**ကျီနန်း အောက်တိုဘာ ၂၉**
တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် မြို့တော် ကျီနန်းနှင့် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အကြား တိုက်ရိုက်လေကြောင်း ပျံသန်းမှုလမ်းကြောင်းသစ်ကို ဖွင့်လှစ်သွားမည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက အောက်တိုဘာ ၂၉ ရက်တွင် ပြောကြားသည်။

အဆိုပါလေကြောင်းခရီးစဉ်ကို စီချွမ်လေကြောင်းလိုင်းက ကျီနန်းမြို့မှ ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့တိုက်ကြီးများကို တိုက်ရိုက်ပျံသန်းမည်ဖြစ်ကြောင်း တရုတ်မြို့ပြလေကြောင်းအုပ်ချုပ်ရေးအဖွဲ့ ရှန်ဒေါင်းဗျူရိုက ပြောကြားသည်။

ကျီနန်းနှင့် လော့စ်အိန်ဂျလိစ်မြို့အကြား တိုက်ရိုက်လေကြောင်း ပျံသန်းမှုအား ယခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် စတင်ရန် စီစဉ်ထားပြီး အပတ်စဉ် အင်္ဂါနှင့် စနေနေ့များတွင် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၅၀ တွင် ပျံသန်းမည်ဖြစ်ပြီး အပတ်စဉ် ဗုဒ္ဓဟူးနှင့် တနင်္ဂနွေနေ့ ပေကျင်းစံတော်ချိန် နံနက် ၄ နာရီ မိနစ် ၅၀ တွင် ကျီနန်းသို့ ပြန်လည်ဆိုက်ရောက်မည်ဖြစ်သည်။

အရှေ့တောင်အာရှဒေသနိုင်ငံအချို့သို့ စင်းလုံးငှားလေယာဉ်ခရီးစဉ်များအဖြစ် ပျံသန်းနေမှု အချို့ကိုလည်း ပုံမှန်လေကြောင်း ပျံသန်းမှုများအဖြစ် ပြုလုပ်သွားမည်ဖြစ်ပြီး ယင်းခရီးစဉ်များထဲတွင် ထိုင်းနိုင်ငံ ကရာဘီနှင့် ဗန်ကောက်ခရီးစဉ်နှင့် မလေးရှားနိုင်ငံမှ ကီနာဘာလူးမြို့များသို့ ပျံသန်းနေသည့် ခရီးစဉ်များ ပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

## ပါကစ္စတန်အတိုက်အခံပါတီက ၎င်း၏အဖွဲ့ဝင်များ ဖမ်းဆီးခံရဟုဆို

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၂၉**
ပါကစ္စတန်အတိုက်အခံပါတီ ပီတီအိုင်မှ ပါတီဝင် ၃၀ ကျော်အား ဆန္ဒဖော်ထုတ်ရန်စီစဉ်ဆောင်ရွက်မှုဖြင့် ရဲတပ်ဖွဲ့က အောက်တိုဘာ ၂၉ရက်တွင် ဖမ်းဆီးလိုက်သည်။

အောက်တိုဘာ ၂၈ ရက်က ရဝါပန်ဒီမြို့တွင် ပီတီအိုင်ပါတီခေါင်းဆောင် ခရစ်ကတ်ကစားသမားဟောင်း အိုင်မာခန်းအား ထောက်ခံသူများနှင့် ရဲတပ်ဖွဲ့တို့အကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည်။ အစ္စလာမ်မာဘတ်နှင့် ရဝါပန်ဒီမြို့တွင်လူထုစုဝေးပွဲများအားတာဝန်ရှိသူများက နှစ်လကြာ ပိတ်ပင်သောအမိန့်ထုတ်ပြန်ပြီးနောက် ရဲတပ်ဖွဲ့က ပီတီအိုင်ပါတီဝင် ၃၈ ဦးအား ဖမ်းဆီးခဲ့သည်။ အဂတိလိုက်စားမှုဖြင့် စွပ်စွဲခံရသော ဝန်ကြီးချုပ် နာဝပ်ရှာရစ်အား နုတ်ထွက်ရန် ဖိအားပေးလို သောကြောင့် ခန်းက အဆိုပါဆန္ဒဖော်ထုတ်ပွဲများအား စီစဉ်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းကပြောကြားခဲ့သည်။ ပါကစ္စတန်နိုင်ငံတွင် ဆိုးဝါးတဲ့ အဂတိလိုက်စားမှုများဖြစ်ပေါ်နေကြောင်းဟု ဒေါ်မိုဟာမက်အမည်ရှိစက်ချုပ်သမားတစ်ဦးကဆိုသည်။ **ရိုက်တာ။**

# စီမံခန့်ခွဲရေးသင်တန်းနှင့် စာရေးဝန်ထမ်းသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည့် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၆၅) နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၉၅) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် သင်တန်းတက်ရောက်လာကြသည့် ဝန်ထမ်းများအနေဖြင့် အရည်အသွေးထက်မြက်ပြီး အတွေးအခေါ်မြင့်မားလာစေရန်၊ မိမိရာထူးအဆင့်နှင့်အညီ နိုင်ငံ့လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်၊ မိမိဝန်ကြီးဌာန၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရက ဝန်ထမ်းများ၏ အကျိုးအတွက် မေတ္တာစေတနာများဖြင့် ဖြစ်သင့်ဖြစ်ထိုက်သော ခံစားခွင့်များအားဆောင်ရွက်ပေးနေသကဲ့သို့ ဝန်ထမ်းများကလည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး ပြည်သူလူထု၏ အကျိုးစီးပွားကို စေတနာထားဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အထူးမှာကြားလိုသည်မှာ ဝန်ထမ်းများအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် လုပ်ငန်းတာဝန်များကို ခိုင်ခိုင်မြဲမြဲ ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် စည်းကမ်းလိုက်နာမှု၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့်အတူ အများနှင့်လိုက်လျောညီထွေ နေထိုင်လုပ်ကိုင်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ အမှန်တကယ်လိုအပ်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း တင်ပြလာပါက ဆင့်ကဲဆင့်ကဲ တင်ပြသွားကြရန် မှာကြားလိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်၍ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်းလုပ်ဆောင်ရုံဖြင့် မရဘဲ မိမိနိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရမည်ဟု ခံယူ၍ တာဝန်သိသော စိတ်ဓာတ်ဖြင့် အစွမ်းကုန် လုပ်ဆောင်သွားကြရန်နှင့် ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် မိမိဝန်ကြီးဌာန၏ ဂုဏ်ကိုမြှင့်တင်သွားကြရန် ထပ်ဆင့်မှာကြားခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများအား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) သို့ သွားရောက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် စတင်တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းသားအိပ်ဆောင်၊ ရှစ်ခန်းတွဲနှစ်ထပ် ဆရာများဆောင်၊ ရှစ်ခန်းတွဲနှစ်ထပ် ဆရာမများဆောင်၊ ရှစ်ခန်းတွဲနှစ်ထပ် အခြေခံဝန်ထမ်းအိမ်ရာများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ သွားရောက်၍ တည်ဆောက်ရေးလုပ်ငန်းများနှင့် ယာဉ်၊ ယန္တရားများစုဖွဲ့ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■



# ဘုရင့်နောင်ပွဲရုံနှင့် သီရိမင်္ဂလာဈေးသစ်တို့သို့ ဝင်၊ ထွက်မည့် ကုန်ကားများ နိုဝင်ဘာ ၁ ရက်မှစတင်မည့် အကြောင်းကြားစာနှင့် အကျုံးမဝင်သေး

**ရန်ကုန် အောက်တိုဘာ ၂၉**

နိုဝင်ဘာ ၁ ရက်မှစတင်၍ ကုန်တင်ယာဉ်ကြီး၊ ကုန်သေတ္တာတင်ယာဉ်များ ည ၉ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီထိသာ မြို့တွင်းသတ်မှတ်ထားသော လမ်းကြောင်းအတိုင်း သွားလာခွင့်ပြုမည်ဟု ဖော်ပြထားသော အောက်တိုဘာ ၂၅ ရက်နေ့စွဲဖြင့် အကြောင်းကြားစာတွင် ကုန်တင်ယာဉ်ကြီး အမျိုးအစားများဖော်ပြထားခြင်းမရှိခဲ့သဖြင့် ကုန်ကားပိုင်ရှင်၊ ကုန်ကားဂိတ်လုပ်ငန်းရှင်များ၊ ကုန်သည်များအနေဖြင့် သိရှိလိုနေကြသည်။

အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပသောအစည်းအဝေးအရ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့ရန် ဘုရင့်နောင်ပွဲရုံဝင်းနှင့် သီရိမင်္ဂလာဈေးသစ်တို့သို့ နယ်များမှ ဝင်၊ ထွက်မည့် ကုန်ကားများ အကျုံးမဝင်သေးဟု သိရသည်။ ပြည်ပ ပင်လယ်ကူးဆိပ်ကမ်းများသို့ ဝင်၊ ထွက်မည့် ပို့ကုန်/သွင်းကုန်များတင်ဆောင်သည့် ကုန်တင်ကားကြီးများသာ အကျုံးဝင်သည်ဟု ယင်းအစည်းအဝေးသို့ တက်သည့် ကုန်တင်ယာဉ် NGO အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဘုရင့်နောင်ပွဲရုံနှင့် သီရိမင်္ဂလာဈေးသစ်သို့ နယ်များမှ ဝင်၊ ထွက်မည့် ကုန်တင်ယာဉ်များအနေဖြင့် နယ်မှ သီရိမင်္ဂလာဈေးသစ်ထိ ဝင်၊ ထွက်သွားလာနိုင်ခြင်းကို နေ့ပိုင်းတွင် ပြုလုပ်နိုင်ခွင့်ရှိရာ ကုန်စိမ်းနှင့် ကုန်ခြောက်ကုန်စည်မျိုးစုံနယ်မှ ဝင်၊ ထွက်မှုအပေါ် ပုံမှန်အတိုင်း သွားလာနိုင်မည်ဖြစ်သည့်အတွက် ကုန်စည်ရောင်းဝယ်ရေးလုပ်ကိုင်သူများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် အဆင်ပြေမှုရှိနိုင်မည်ဟု သီရိမင်္ဂလာဈေးသစ်နှင့် ဘုရင့်နောင်ပွဲရုံဝင်းတို့မှ လုပ်ငန်းလုပ်ကိုင်နေသူများက ဆိုသည်။

နယ်ပို့အဝေးပြေးကုန်တင်ယာဉ်ကြီး၊ ငယ်များသည် ဆောက်လုပ်ရေးကားလမ်းများ ပျက်စီးမှုနည်းရန်အတွက် ၂၀၁၁ ခုနှစ် နှစ်လယ်မှ စတင်ကျင့်သုံးခဲ့သော အာဆီယံစံချိန်စံညွှန်းအတိုင်း ကုန်တင်ဆောင်မှုရှိနေကြသည်။ ရန်ကုန်မြို့တွင်းတွင်မူ အာဆီယံစံချိန်စံညွှန်း သတ်မှတ်တင်ဆောင်ခြင်း မပြုလုပ်မီကာလများအတိုင်း ယနေ့တိုင်တင်ဆောင်ခွင့်ရရှိနေဆဲဖြစ်သည်ဟု နယ်ပို့အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယာဉ်+ကုန်တန်ချိန်သတ်မှတ်ချက် ၁၆ တန်ရှိသော ဝင်ရိုးနှစ်ချောင်းပါ ခြောက်ဘီးကုန်တင်ယာဉ်ကြီးများ နယ်ပို့အဝေးပြေးခရီးစဉ်များတွင် ကုန်တင်ချိန် ရှစ်တန်မှ ဆယ်တန်အတွင်းသာ ယာဉ်အလေးချိန်ပေါ်မူတည်၍ သွားလာနေရသည်။ ရန်ကုန်မြို့တွင်းတွင်မူ ကုန်တန်ချိန် ၁၅ တန် ဝန်းကျင်ထိ တင်ဆောင်ခွင့်ရှိနေဆဲဖြစ်သည်ဟု ခြောက်ဘီးယာဉ်ပိုင်ရှင် ဦးရဲဝင်းချိုက ပြောသည်။**(မောင်စေအောင်)**



# အမှတ်(၁၅)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**မော်လမြိုင် အောက်တိုဘာ ၂၉**

မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ရုံး ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လှိုင်မင်းထွန်း ဦးစီးသော အရာရှိ၊ အရာခံ၊ အကြပ်တပ်သား တပ်ဖွဲ့ဝင် ၃၂ ဦးတို့သည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပသည်။

သွေးလှူဒါန်းပွဲသို့ မွန်ပြည်နယ် အထွေထွေ ရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး သွေးလှူဘဏ်တာဝန်ခံ ဆရာဝန်ကြီးများ၊ ဆရာ ဆရာမများက သွေးစစ်၊ သွေးဖောက်၊ သွေးယူမှုများဆောင်ရွက်ပြီး ကြည့်ရှုအားပေးကာ သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား အာဟာရကျွေးမွေးခြင်း၊ ဆေးဝါးများထောက်ပံ့ခြင်းနှင့် ဂုဏ်ပြုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် ဇန်နဝါရီလမှ အောက်တိုဘာ ၂၇ ရက်ထိ တပ်ဖွဲ့ဝင်များ၊ မိသားစုများအပါအဝင် သွေးလှူဒါန်းသူ ၆၈၀ လှူဒါန်းခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

**(ကြေးမုံ)**

### ❒ ရှေ့ဖုံးမှ

ခရီးသွားမြှင့်တင်ဆောင်ရွက်ရန်လိုအပ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။

ပြည်တွင်းရှိ ခရီးသွားဆွဲဆောင်ရာဒေသများကို နိုင်ငံခြားသားခရီးသွားဧည့်သည်များ ပိုမိုသိရှိစေရန် ဆောင်ရွက်မှုလိုအပ်ပြီး ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ သွားလာရေးယာဉ်များ၊ သွားလာရ လွယ်ကူချောမွေ့သောလမ်းကြောင်းများ၊ စားသောက်ဆိုင်၊ သန့်စင်ခန်း စသည့်လိုအပ်ချက်များဖြည့်ဆည်းရန်လိုအပ်မည် ဖြစ်ကြောင်း သုံးသပ်ကြသည်။

"ဒေသခံတွေကိုလည်း အသိပညာပေး ဖြန့်ဝေပေးဖို့လိုအပ်ပါတယ်။ ကယားပြည်နယ်ဆိုရင် အခုခရီးသွားဧည့်သည်တွေ စိတ်ဝင်တစားလာနေကြပြီ။ ကိုယ့်တိုင်းရင်းသားရိုးရာတွေကို သူများနိုင်ငံကယူပြီး ပြနေတာတွေက စိတ်မကောင်းစရာပဲ။ ကိုယ့်နိုင်ငံထဲမှာ လုပ်လို့ရတာတွေ အများကြီးရှိပါတယ်။ ပြည်တွင်းက ဝေးလံခေါင်ဖျားတဲ့ ဒေသတွေကလည်း ခရီးစရိတ်မြင့်မားနေတယ်။ လေယာဉ်နဲ့ ရောက်နိုင်တဲ့ခရီးစဉ်မျိုးက နိုင်ငံခြားသားတွေအတွက် အဆင်ပြေတယ်။ ပြည်တွင်းကလူတွေအတွက်က ပြည်တွင်းခရီးစဉ်တွေမှာ စင်ကာပူကို အသွား/အပြန် သွားလို့ရတဲ့စရိတ်လောက်ဖြစ်နေတယ်။ ကုန်းလမ်းခရီးက လုံခြုံစိတ်ချမှုမရှိတာမျိုးတွေရှိနေတယ်။ ဒီလိုခရီးစဉ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ဆိုရင် မှန်ကန်တဲ့ရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်တယ်။ မှန်ကန်တဲ့တကယ့်ကို ငွေသုံးနိုင်တဲ့ နိုင်ငံခြားသားဧည့်သည်တွေလည်း လာဖို့လိုအပ်တယ်။ ဒေသရဲ့ ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်၊ ရှေးဟောင်းအမွေအနှစ်တွေကိုလည်း တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ဖို့လည်း လိုအပ်မယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**ဆုနှင်းလှဲ့၊ ဓာတ်ပုံ- ဒွေးအောင်(ကြေးမုံ)**

# အောင်ဇမ္ဗူခရီးသည်တင်ယာဉ် ယာဘက်ရှေ့ဘီးပေါက်၍ လမ်းလယ်ကပ်တုံးတိုက်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၂၉**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မြို့ချောင်းအမြန်လမ်းရဲစခန်းအပိုင်၊ မိုင်တိုင်အမှတ် (၉၇/၆) နှင့် (၉၇/၇) အကြား ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း ဦးတင်စိုး မောင်းနှင်လာသော အောင်ဇမ္ဗူ Express ခရီးသည် တင်ယာဉ်သည် အောက်တိုဘာ ၂၈ ရက် ည ၇ နာရီခွဲတွင် ယာဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိမ်းနိုင်ဘဲ လမ်းလယ်ကပ်တုံး တိုက်ပြီးနောက် လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိရပ်တန့်သွားခဲ့သည်။



ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါရှိသူ ယာဉ်မောင်းပါ အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၁၃ ဦး ပေါင်း ၄၇ ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ သို့သော် ယာဉ်မှာ ရှေ့ဘန်ဘာ ပိန်ချိုင့်၊ ယာဘက်ရှေ့မီးကွဲ၊ ရှေ့ရှပ်တန်းကျိုးကာ ပျက်စီးသွားသည်။ အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ယာဉ်ကို အဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဦးတင်စိုးအား မြို့ချောင်းအမြန်လမ်း ရဲတပ်ဖွဲ့စခန်းက ယာဉ်(ပ)၁၂၉/ ၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၁၂၇၉ အရ အမှုဖွင့်အရေးယူထားကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**
**ဓာတ်ပုံ- အမြန်လမ်းရဲတပ်ဖွဲ့**

■

# ပုဂံဒေသ ငလျင်ဒဏ်သင့် ရှေးဟောင်းဘုရားစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းမွမ်းမံရန် အလှူငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၉**

ပုဂံဒေသငလျင်ဒဏ်သင့် ရှေးဟောင်းဘုရားစေတီ ပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမွမ်းမံရန်အတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားသည်။




ထို့နောက် အလှူရှင် ၄၂ ဦးတို့က စုစုပေါင်း အလှူငွေကျပ် ၂၂၁၄၅၆၀၀၀ နှင့် ဒေါ်လာ ၃၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အနောက်ဘက်မုခ်ဦးနှင့် ကမ္ပည်းစာတမ်းများဖွင့်ပွဲ အခမ်းအနားများကို နံနက် ၁၁ နာရီခွဲတွင် ကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက မေတ္တာသုတ်ပရိတ် တရားတော်ကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင် လေးကျွန်းသူဖောင်ဒေးရှင်းတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မဟာပါသာဏလှိုဏ်ဂူသိမ်တော်ကြီး အနောက်ဘက်မုခ်ဦးနှင့် ကမ္ပည်းစာတမ်းများ အသစ်မွမ်းမံပြင်ဆင်ခြင်းအတွက် အလှူရှင် လေးကျွန်းသူဖောင်ဒေးရှင်းက ငွေကျပ် ၂၀၆ သိန်းကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ သန်လျင်မင်းကျောင်း ဆရာတော်က လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူသည်။

ယင်းနောက် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၏ အနောက်ဘက်မုခ်ဦး၊ တောင်ဘက်၊ အရှေ့ဘက်နှင့် မြောက်ဘက်တို့ရှိ မုခ်ဦးများတွင် ကမ္ပည်းစာတမ်းများကို ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင် လေးကျွန်းသူ ဖောင်ဒေးရှင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး ကမ္ပည်းစာတမ်းကို ဆဋ္ဌသင်္ဂါယနာတင်တော်မူရာဌာနအဖြစ် ရဟန်းရှင်လူ ပြည်သူများ သိရှိနိုင်စေရန်ရည်သန်လျက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဧကာဒသမ အစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့်အညီ "ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး"ဟု ပြင်ဆင်မွမ်းမံပြီး ပိုမိုခံ့ညားထည်ဝါမှုရှိစေရန်အတွက် အနောက်ဘက်မုခ်ဦးနှင့် ကမ္ပည်းစာတမ်းများကို အသစ်ထပ်မံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သမိုင်းဝင် ရွှေတောင်ကျောင်းတိုက်၏ လေးထပ်ကျောင်းဆောင်တွင် ဓာတ်လှေကားဖွင့်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၂၉**

မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော် မြောက်ဘက်မုခ်ဦးရှိ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက်ကြီး၏ လေးထပ်ကျောင်းဆောင်တွင် ငွေကျပ်သိန်းတစ်ထောင့်တစ်ရာ အကုန်အကျခံတည်ဆောက်ပြီးစီးခဲ့သည့် ဓာတ်လှေကားဖွင့်ပွဲ၊ ရေစက်ချအလှူတော်မင်္ဂလာပွဲ၊ မတည်အလှူရှင်နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို အောက်တိုဘာ ၂၈ ရက်က ယင်းကျောင်းတိုက် လေးထပ်ဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထို့နောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် မတည်အလှူရှင် ဦးမင်းကျော်ဇောတို့က ဓာတ်လှေကားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက မတည်အလှူရှင်နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ဓာတ်လှေကားတပ်ဆင်ခြင်းလုပ်ငန်းတွင် အလှူရှင်များ စုပေါင်းလှူဒါန်းသော အလှူငွေကျပ်သိန်း တစ်ထောင်ကျော် အကုန်အကျခံတည်ဆောက်ခဲ့ပြီး လေးထပ်ကျောင်းဆောင်နှင့် အတက်၊ အဆင်း၊ နေ့၊ ည ဆရာတော်အား ဖူးမြော်နိုင်ရန်၊ သက်ကြီးရွယ်အိုများ တက်ရောက်ဖူးမြော်ရေးအတွက် တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



# ခိုးကူး ဒီမိုကရေစီ

ကြာခဲ့ပါပြီ။ ၂၀၀၃ ခုနှစ်ရဲ့ ဟိုဘက်နှစ်များဆီက နာမည်ရှိအသံသွင်းစတူဒီယိုတွေမှာ နေ့ညမပြတ် လူသူ တစ်ရှန်းရှန်း၊ ပန်းကန်ခွက်ယောက်၊ ပုလင်းဖန်ခွက်သံ တညံညံနှင့် ပွဲတော်ကြီးတမျှ အမြဲစည်ကားခဲ့တာ ပုံပြင်လေးတစ်ပုဒ် ဖြစ်သွားခဲ့ပါပြီ။ ခုများတော့ ကျီးနှင့် ဖုတ်ဖုတ်၊ စတိတ်ရှိုးသီချင်းတိုက်တာကလွဲလို့ အလုပ်မရှုပ်ဖြစ်နေတာ ဂီတလောကသားတွေအားလုံးအသိ၊ ရွှေခေတ်ဆီက လူဦးရေ သန်း ၄၀ ဝန်းကျင်ရှိစဉ် ကက်ဆက်ခွေသိန်းချီရောင်းကောင်းခဲ့တဲ့ သီချင်းစီးရီး ဒုနဲ့ဒေးကနေပြီး ယနေ့ i Music, i Tune လူဦးရေ ၅၁ သန်းကျော်ခေတ်ကြီးမှာ Top Ten တစ်နှစ်လုံးပတ်လည်ပေါက်ခဲ့တဲ့ အခွေရောင်းအားက သောင်းဂဏန်းကျော်ကျော်ဆိုတာ ဂီတလောကကြီးမှာ ထူးပေဆန်းပေသည်။ ရှူးပွေ့၊ နှမ်းပွေ့သည်လို့များဆိုရမလားပဲ။

**ခိုးကူးပန်းပန်**

တရားခံက အလံမလဲတဲ့သံခဲ၊ နန်းမဆန်ဘဲ ပန်းပန်နေတဲ့ ခိုးကူးမိစ္ဆာကြီးဆိုတာ လယ်ပြင်မှာ ဆင်သွားတာထက် ထင်ရှားပြီးသားပါ။ နည်းပညာဖွံ့ဖြိုးမှုဘေးထွက်ဆိုးကျိုးကြီးရဲ့ ရက်စက်မှု၊ အထုအထောင်း၊ အဆော်အဘောဒဏ်တွေကြောင့် ဂီတလောကကြီးဟာ ဒဏ်ရာဗလပွနဲ့ ရောင်ကိုင်းဖူးအစ်နေရာကနေ ခါးပါကျိုး၊ ဘုန်းဘုန်းလဲတော့မယ့် အခြေအနေကြီးပါ။ ခိုးကူးပန်းပန်လာသရွေ့ ဂီတကျန်းခမ်းမသာဘူးဆိုတာ အမြင်သာကြီးမို့ ဘယ်လိုကုထုံးနဲ့ နာလန်ထူစေရမလဲဆိုတာ နည်းလမ်းများစဉ်းစားဖို့ အချိန်တန်ပြီမဟုတ်ပါလား။

**ပြစ်ဒဏ်ကြီးကြီး**

Piracy ဆိုတာ တစ်ကမ္ဘာလုံး ဒုက္ခပေးနေတဲ့ အင်တာနေရှင်နယ်မိစ္ဆာကြီးပါလို့ ဝါးလုံးရှည်နဲ့သိမ်းရမ်းလို့ရလောက်ပေမယ့် မြန်မာပြည်နဲ့ မတူရေးချာမတူတဲ့ ထင်သာမြင်သာ အခြေခံအယူအဆရေးရာ ခြားနားချက်ကြီးတစ်ခုက သူတို့ဆီမှာ ကိုယ့်နိုင်ငံသားမပိုင်တဲ့သူများဆီက အနုပညာပစ္စည်းတွေ ကြိုက်သလိုခိုး၊ ကိုယ်နိုင်ငံမှာ ထုတ်လုပ်တဲ့ပစ္စည်းတော့ လာမထိနဲ့ ကြောက်စရာကောင်းလောက်တဲ့ ပြစ်ဒဏ်ကြီးကြီးတွေ စောင့်နေလေရဲ့ဆိုတဲ့ Self-Protectionism ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကြီးက နိုင်ငံတော်အတွက် မားမားမတ်မတ်ရပ်တည်နေလို့ပါပဲ။

**စည်းစိမ်ပြုတ်သွားမယ်**

ဥဒဟုဂုဏ်ဆောင်ရရင် ဒီက ယုဇနပလာဇာလိုမျိုး ဗန်ကောက်က ဖန်တစ်ပလာဇာကြီးမှာနဲ့ ကုန်တိုက်ကြီးတွေရဲ့ ခွက်ပုန်းနောက်ဖေးပေါက် အခွေအချပ်အရောင်းဆိုင်လေးတွေမှာတောင် သီချင်းနဲ့ဇာတ်ကား ထိုင်းခိုးကူးခွေရှိလားလို့ မေးရင်တောင် ဆိုင်ရှင်က မျက်ထောင့်နီနဲ့ "မင်းငါ့ကို ဒုက္ခလာပေးတာလား" ဆိုတဲ့အကြည့်နဲ့ အရှိုးခံရလိမ့်မယ်။ အဲ့ဒီလိုပဲ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့က အတုပစ္စည်းပေါင်းစုံစုဝေးရာ တရုတ်တန်းညဈေးမှာ မလေးရှားစုန်းတစ္ဆေကားတွေ၊ သီချင်းတွေမေးကြည့်၊ စင်ကာပူက ဆင်လင်းတာဝါမှာ သူတို့ဆီကထွက်တဲ့ ခိုးကူးခွေတစ်ခွေရှာဝယ်လို့ရရင် ဆုငွေပေးမယ်လို့ ဆိုရင်တောင် ဘယ်လိုမှ ဝယ်လို့မရနိုင်တဲ့ အခြေအနေပါ။ ဟောလီးဝုဒ်ဇာတ်ကားတွေ၊ အမေရိကန်နာမည်ကြီး ဓာတ်ပြားတိုက်ထုတ် သီချင်းချပ်တွေနဲ့ Software ပေါင်းစုံကြိုက်သလိုခိုး No Problem။ ပြည်တွင်းထုတ် အနုပညာပစ္စည်းတစ်ခုခုတော့ ထိမယ်မကြံနဲ့။ ထိရင် ထောင်နန်းစံရုံမကဘူး။ ဒဏ်ငွေက စည်းစိမ်ပြုတ်သွားမယ်။ အထင်ရှားဆုံး FBI Warning မှာဆိုရင် ဖက်ဒရယ်အကျဉ်းသားအဖြစ် ငါးနှစ်နဲ့ ဒဏ်ငွေအမေရိကန်ဒေါ်လာ နှစ်သိန်းခွဲ၊ နည်းတာမှတ်လို့။ လက်ရှောင်တာလည်းမပြောနဲ့ ကျောချမ်းစရာကြီး။ လက်တွေ့ဘဝပျက်သွားမယ့် အဖြစ်ကြီးကိုး။

**ဂေါ်ဇီလာကို လေးခွနဲ့ပစ်တာမျိုး**

ဒီမှာလည်း ကိုယ့်အရပ်နဲ့ကိုယ်ဇာတ်။ ၁၉၉၆ ခုနှစ် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနဲ့ ဗီဒီယိုဥပဒေပုဒ်မ (၃၂/ခ) အရ ထောင်ဒဏ်သုံးနှစ်နှင့် ဒဏ်ငွေတစ်သိန်း၊ ဆက်စပ်ပစ္စည်းသိမ်း၊ ပြစ်ဒဏ်တွေရှိပြီးသားပါ။ ၁၉၉၆ က စီးရီးတစ်ခွေ၊ ဗီဒီယိုတစ်ကားလုပ်ရင် သုံးသိန်းကျော်လောက်ပဲ ကုန်ကျစဉ်ကာလ၊ အဲဒီခေတ်က ငွေကြေးအရ ဒဏ်ငွေတစ်သိန်းဆိုတော့ လိုက်လျောညီထွေဖြစ်တဲ့ ပြစ်ဒဏ်သတ်မှတ်ချက်လို့ ပြောလို့ရပေမယ့် ယနေ့ခေတ်ကာလ ဘာထုတ်ထုတ် သိန်းရာကျော်ကုန်ကျစရိတ်ခေတ်ကြီးမှာ ဒဏ်ငွေတစ်သိန်းဆိုတာ ဂေါ်ဇီလာကို လေးခွနဲ့ ပစ်တာမျိုး၊ သတ္တဝါနဲ့ လက်နက်နဲ့မမျှ ဖြစ်နေတာပေါ့။

ခိုးကူးလုပ်စားတစ်ယောက်အနေနဲ့ တရားရုံးကချမှတ်တဲ့ ဒဏ်ငွေသုံးသောင်း၊ လေးသောင်းဆိုတာ အဆင်ပြေရင်တစ်ရက်အတွင်း ရှာလို့ရတဲ့ဝင်ငွေဆိုတော့ ပြစ်မှုနဲ့ပြစ်ဒဏ်က တစ်ခါတစ်လေ ပန်းနဲ့ပေါက်တာလည်း နာချင်တယ်ဖြစ်နေတာမျိုး။ ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံးနဲ့ အာဏာပိုင်တွေ ပူးပေါင်းပြီး ခိုးကူးခွေ ဖမ်းဆီးမှုပေါင်း ရာချီရှိခဲ့ရာမှ ထောင်ဒဏ်ချမှတ်ခံရမှု ဆယ်ဂဏန်းသာသာလောက်ရှိခဲ့ပြီး အားလုံးက ဒဏ်ငွေ သုံးသောင်းဝန်းကျင်လောက်ဆောင်ရတာ Formula ဖြစ်နေပြီ။ ခိုးကူးခွေအနေနဲ့ကလည်း ရာဇဝတ်မှုလို့တောင် မထင်မှတ်ကြတော့ဘဲ သာမန်အသက်မွေးဝမ်းကျောင်းမှုအဖြစ်သာမှတ်ယူပြီး နိုင်ငံတကာခံယူချက်ဖြစ်တဲ့ Piracy is crime ဆိုတာကို တမင်မေ့ပစ်လိုက်ကြတာထင်ပါရဲ့။ ပလက်ဖောင်းပေါ်က ခိုးကူးဖမ်းရင်တောင် ထွက်မပြေးကြဘဲအေးအေးဆေးဆေးအဖမ်းခံရဲလာကြပြီ။ အဖြေက သိနေတာကိုး။ ရဲစခန်းအာမခံအလွယ်တကူပေးလို့ရတဲ့ အမှုဖြစ်နေတာကြောင့်လည်း မကြောက်ရေးချ မကြောက် ဖြစ်တာနေမှာပါ။

**ခိုးကူးဈေးကွက်**

တစ်တိုင်းပြည်လုံးအိမ်ပေါက်စေ့ ကင်ဆာဆဲလ်တွေလို ပျံ့နှံ့အမြစ်တွယ်နေတဲ့ ခိုးကူးရောဂါဆိုးကြီးကို ဆေးခါးကြီးပြင်းပြင်းတစ်ခွက်နဲ့က မပျောက်နိုင်ပေမယ့် တိုက်ကြည့်သင့်တာတော့ အမှန်ပါပဲ။ ဈေးနှုန်းမြင့်နေလို့ ခိုးကူးအားပေးကြတာဆိုပေမယ့် သိန်းရာချီကုန်တဲ့စီးရီးအစစ်အမှန်(နှစ်ခွေစာ)ပျမ်းမျှဈေးနှုန်း (ကြေးအိုးတစ်ပွဲစာပါ)။ အစစ်တစ်ခွေကို လက်ဖက်ရည်တစ်ခွက်ဖိုး ကျော်ကျော်ဈေးနဲ့တော့ ဘယ်ထုတ်လုပ်ရေးကမှ ရောင်းဖို့မဖြစ်နိုင်ပါဘူး။ တချို့ထုတ်လုပ်သူတွေ အတန်းစားအမျိုးမျိုးဝိတ်ချပြီး ခိုးကူးဈေးထက်ပိုပိုတစ်ချပ် ကျပ် ၆၀၀ လောက်နဲ့ ရောင်းရင်တောင်မှ ခိုးကူးဈေးကွက်မှာ ပုံမှန်ကျပ် ၃၅၀ ရောင်းဈေးကနေ တစ်ချပ် ၂၅၀ ဈေးလောက်အထိချပြီး နှိပ်ကွပ်ခံခဲ့ကြရတာပါပဲ။

အရင်းမစိုက်လှေထိုးလိုက်စရာမလိုတဲ့ ခိုးကူးကကိုက်ပါသေးတယ်။ သုံးစွဲသူ User တွေအနေနဲ့ကလည်း ဈေးပေါ၊ ဝယ်ရလွယ်တာတစ်ခုတည်း မစဉ်းစားဘဲ အနုပညာလောကကြီးတစ်ရပ်လုံးမျက်နှာကိုထောက်ထားဖို့ အသိပညာပေးရမှာလည်း လက်တွေ့တော်တော်ခက်ပါတယ်။ လင်ခရူဇာစီးလာတဲ့လူလည်း လမ်းဘေးမှာ ခိုးကူးဆင်းဝယ်တယ်ဆိုတာတော့ အမြင်မတော် ဆင်တော်နဲ့ခလောက်ပါ။

**တားဆီးအမြစ်ဖြတ်ဖို့လို**

ထိရောက်သောအရေးယူမှုများ မီဒီယာများမှတစ်ဆင့် ယင်းအရေးယူမှုများကို ပြည်သူကြားသို့ ပြန့်ပွားသွားအောင် သတိပြုမိစေခြင်း၊ Effective Action and awareness လိုအပ်နေပါပြီ။ ထိရောက်တဲ့အရေးယူမှုရှိတိုင်း လက်တွေ့မှာ ရောင်းအားသိသိသာသာတက်ခဲ့တဲ့ အထောက်အထားတွေ ဂီတအစည်းအရုံးမှာ မှတ်တမ်းထားရှိထားတာမို့ ဖိဖိစီးစီးအရေးယူမှုလုပ်သင့်တာ သိသာလှပါတယ်။ ၂၀၁၅ ခုနှစ်နောက်ပိုင်း နိုင်ငံတော်ရဲ့ စေတနာထင်ရှားတဲ့ အလှည့်အပြောင်းတစ်ရပ်မှာ ပန်းပန်နေတဲ့ခိုးကူးဒီမိုကရေစီကို တားဆီးအမြစ်ဖြတ်ဖို့ လိုအပ်နေပါပြီ။

ဒီမိုကရေစီရဲ့ ချစ်စရာအကောင်းဆုံးအနှစ်သာရဖြစ်တဲ့ ဥပဒေရဲ့ ကာကွယ်မှုအရိပ်အာဝါသအောက်တွင် အေးချမ်းမျှတစွာ နေထိုင်အသက်မွေးဝမ်းကျောင်းပြုခြင်းဆိုတာ လူတိုင်းအသိပါ။ ဒီမိုကရေစီအလေ့အထများနဲ့ ဂီတဘဝရှင်သန်ဖို့ လိုနေပါပြီ။ လိုအပ်နေသော နိုင်ငံတော်အခွန်အပိုရဖို့ ဂီတသမားတွေ အူစိုကြဖို့လည်း လိုအပ်နေပါပြီ။

"ခိုးကူးရန်ဘေး ကင်းစင်ဝေး ဂီတညီမျှပြည်လှပပါစေ။"

ထုတ်လုပ်သူတစ်ဦး၊
မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)

ကြေးမုံ

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ပွဲစားလိမ်လည်မှုများ သတိထား

## သောင်းလွင်ဦး(ကညန)

**အထူးသဖြင့် ငွေကြေးကြွယ်ဝသူများနှင့် ရုံးလုပ်ငန်း၌ သွားလာဆောင်ရွက်လိုစိတ်မရှိသူ အများစုသည် ရုံးကို မလာချင်၊ ရုံးနှင့်အဆက်အဆံမဆောင်ရွက်လိုခြင်းကိုက ပွဲစား အားကိုးသူ လူတန်းစားတစ်ရပ် အလိုလိုမွေးဖွား စေခဲ့ပါသည်။ ထိုသူတို့ မသွားချင်သည့်အကြောင်းရင်းခံ တချို့မှာလည်း တစ်ရုံးနှင့်တစ်ရုံး လုပ်ငန်းအဆင့်ဆင့် နှင့်ဆက်စပ်ဆောင်ရွက်ရသည့်သဘာဝကိုက နေရာတိုင်း လူတရုံးရုံးဖြစ်နေတတ်ကြလေတော့ . . .**

ပွဲစားဟူသော လူတန်းစားတစ်ရပ်သည် မြန်မာနိုင်ငံ၏ အရောင်းအဝယ်လောက၊ ရုံးလုပ်ငန်းများနှင့် လူမှုရေးနယ်ပယ်အသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့်ပင် နေရာယူထားသည်ကို တွေ့ရှိရပေသည်။

**ပွဲစားမျိုးစုံ**

ယနေ့ခေတ်ကာလ ပွဲစားမျိုးစုံကို သတိထားလေ့လာကြည့်သည့်အခါ လုပ်ငန်းသဘာဝအလိုက် ပွဲစားမျိုးစုံရှိကြရာ စိန်ပွဲစား၊ ကျောက်ပွဲစား၊ မြေပွဲစား၊ အိမ်ပွဲစား၊ သစ်ပွဲစား မှသည် ရုံးလုပ်ငန်းများတွင်လည်း တရားရုံးအမှုပွဲစား၊ အခွန်၊ အကောက်ခွန်ပွဲစား၊ ဆိပ်ကမ်းပွဲစား၊ အာမခံပွဲစား၊ တယ်လီဖုန်းပွဲစား၊ ကားလောကခေတ်စားလာပြန်တော့ အရည်ကြိုပွဲစား၊ ကားဝယ်ရောင်းပွဲစား၊ ကားလိုင်စင်ပွဲစားစသည်ဖြင့် ပွဲစားအမျိုးမျိုးကို လေ့လာတွေ့ရှိရပါသည်။ မှန်မှန်ကန်ကန် ဆောင်ရွက်သည့် လူမျိုးလည်းရှိသလို မမှန်မကန် ဆောင်ရွက်မှုများပြုလုပ်ပြီး ပြည်သူများအားလှည့်ဖြား၍ အပိုငွေကြေးများ တောင်းခံခြင်း၊ လိမ်လည်ခြင်းများကြောင့်လည်း ယနေ့ပွဲစားလောကအတွင်းတွင် ရှုပ်ထွေးမှုအများဆုံး၊ ပြဿနာအများဆုံး မြင်တွေ့နေရခြင်းဖြစ်ပါသည်။ အထူးသဖြင့် တိုးတက်များပြားလာသော ကားများ၏ ဝယ်မှု၊ ရောင်းမှုမှအစ လိုင်စင်ကိစ္စအဆုံး တစ်ရုံးနှင့်တစ်ရုံး ဆက်စပ်ဆောင်ရွက်နေရသော လုပ်ငန်းများအတွင်း ပွဲစားတို့ကချင်းနင်း ဝင်ရောက်၍ မမှန်မကန် ဆောင်ရွက်နေမှုများကြောင့် အလိမ်ခံရသူ၊ ဒုက္ခရောက်ကြသူများစွာ ရှိကြပါသည်။ သက်ဆိုင်ရာရုံးများမှ ဝန်ထမ်းများမှာလည်း ပွဲစားများကြောင့် ပြည်သူတို့၏ အထင်အမြင်လွဲခံရမှု၊ စွပ်စွဲခံရမှုများကို ရင်ဆိုင်နေကြရပါသည်။

**လေထိုးလေလျှော်**

စားဝတ်နေရေးအရ အခက်အခဲရှိမှု၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှုတို့ကြောင့် လက်လုပ်လက်စား လူတန်းစားများသည် ကားလောကနှင့် ဆက်နွှယ်သော ရုံးအသီးသီး၏ ဝန်းကျင်တွင် ရုံးမဖွင့်ခင်ကတည်းက ရောက်ရှိ နေရာယူကြပြီး ကားလာလျှင်တားဆီးကြ၍ ဘာလုပ်ပေးမည်၊ ညာလုပ်ပေးမည် စသည်ဖြင့် ပါးစပ်တစ်ခု အရင်းပြုကာ လေထိုးလေလျှော်ကာ ပွဲစားအဖြစ် လှုပ်ရှားလုပ်စားကြလေရာ တစ်ဦးကအစ တစ်ရာမက ဆွေမျိုးညီအစ်ကို မောင်နှမပါမချန် ရုံးအသီးသီးတွင်ဝန်းရံနေကြသည်ကလည်း ဖြေရှင်း၍ မရနိုင်သေးသော လူမှုရေးပြဿနာတစ်ခုဖြစ်နေပါသည်။

**ရှေးရှေးခေတ်က ပွဲစားကြီးများ**

ရှေးရှေးကာလ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းတို့၏ မှင်ခြစ်ဦးတော်တော်များများတွင် ပွဲစားကြီးများ၏ ကောင်းမှုကုသိုလ် အတော်များများကို ကျွန်တော်တွေ့ခဲ့ဖူးပါသည်။ ပွဲစားဟူသော ဝေါဟာရကို စတင်ခဲ့သည့် ရှေးရှေးခေတ်က ပွဲစားကြီးများသည် လုပ်ငန်းပိုင်း၌ စားသင့်သည့် ပွဲခ၊ ပွဲညွှန့်ကိုသာ စားကြပြီး ချမ်းသာကြွယ်ဝသော ဂုဏ်သရေရှိလူကြီးများအဖြစ် ရပ်တည်ကြသလို အလှူအတန်း၌ရက်ရော၍ သစ္စာရှိမှု၊ အကျင့်သိက္ခာပိုင်း၊ လူမှုရေး၊ ဘာသာရေးအပိုင်းမှအစ မြို့ရွာ၏ သာရေးနာရေးအဆုံး၊ အားလုံး၏ ယုံကြည်လေးစားအားထားမှုကို ရယူနိုင်ခဲ့ကြသည်ဟု သုံးသပ်မိပါသည်။ သို့သော် ယခုအချိန်အခါတွင် မှန်မှန်ကန်ကန်ဖြင့် လုပ်ကိုင်သော ပွဲစားဆိုသည်မှာ အလွန်နည်းပါးလာပြီး ရှေးရှေးကာလ ပွဲစားကြီးများ၏ သိက္ခာ၊ သမာဓိ၊ ပညာတို့ကို မသိမမြင်နိုင်ကြဘဲ ပွဲစားအမည်ခံ လိမ်လည်ဆောင်ရွက်နေကြသော ဖြစ်ရပ်များစွာက လူမှုရေးနယ်ပယ်အတွင်းတွင် အရုပ်ဆိုးအကျည်းတန်စွာ ဝင်ရောက်နေရာယူနေပါတော့သည်။ ပွဲစားများ၏ လိမ်လည်ပုံ၊ လိမ်လည်နည်း အရှုပ်တော်ပုံမျိုးစုံကိုလည်း စာဖတ်သူတို့ ကြားဖူးမြင်ဖူးကြပြီးဖြစ်ပါလိမ့်မည်။

**ပွဲစားအားကိုးသူ လူတန်းစားတစ်ရပ်**

ကျွန်တော်တို့အမျိုးတွေ၏ အကျင့်ဟုပင်ဆိုရမလား။ စိတ်မရှည်တတ်ကြဘူးဟုပဲ ဆိုရမလား။ ရုံးလုပ်ငန်းအများစုကို ကိုယ်တိုင်သွားလာလုပ်ကိုင်ဆောင်ရွက်သူ အလွန်နည်းပါးလှပါသည်။ အထူးသဖြင့် ငွေကြေးကြွယ်ဝသူများနှင့် ရုံးလုပ်ငန်း၌ သွားလာဆောင်ရွက်လိုစိတ်မရှိသူ အများစုသည် ရုံးကိုမလာချင်၊ ရုံးနှင့် အဆက်အဆံ မဆောင်ရွက်လိုခြင်းကိုက ပွဲစားအားကိုးသူ လူတန်းစားတစ်ရပ် အလိုလို မွေးဖွားစေခဲ့ပါသည်။ ထိုသူတို့ မသွားချင်သည့် အကြောင်းရင်းခံ တချို့မှာလည်း တစ်ရုံးနှင့်တစ်ရုံး လုပ်ငန်းအဆင့်ဆင့်နှင့် ဆက်စပ်ဆောင်ရွက်ရသည့် သဘာဝကိုက နေရာတိုင်း လူတရုံးရုံး ဖြစ်နေတတ်ကြလေတော့ သူတို့က စိတ်မရှည်ချင်ကြတာ သဘာဝကျသလိုပင်။ သို့ဖြစ်ရာ ကိုယ်တိုင်မလာချင်သဖြင့် မိမိကားကိစ္စကို အလွယ်ပင် ရုံးရှေ့ဝန်းကျင်တွင် လုပ်ပေးမည်ဟု ပြောဆိုသည့် ပွဲစားထံအပ်နှံ၍ တောင်းသမျှငွေကိုပေးကာ ဆောင်ရွက်စေသည့်အခါ ငွေပိုတောင်းသူကတောင်း၊ ဝန်ထမ်းများအားပေးရမည်ဟု ပြောသူကပြော၊ ငွေရော စာရွက်စာတမ်းများပါ လစ်ပြေးသူကပြေး၊ အချင်းချင်း ဝေစုမတည့်၍ ရန်ဖြစ်သူကရန်ဖြစ်နှင့် နောက်ဆုံး ပြဿနာဖြစ်လာတော့ ရုံးကိုပင်တိုင်တည် ယိုးမယ်ဖွဲ့ကြပြန်သည်။

ဝန်ထမ်းများမှာ ပွဲစားများနှင့် ထိပ်တိုက်ရင်ဆိုင်၍လည်းမဖြစ်၊ မိမိလုပ်ငန်းကို မိမိပြီးပြတ်အောင် လုပ်ရသည်ကတစ်မျိုး၊ ဝန်ထမ်းအင်အားနည်းရသည့်အထဲ အချိန်နှင့်အမျှ တိုးတက်လာနေသည့် ကားစီးရေနှင့် ယာဉ်မောင်းလိုင်စင် လုပ်ငန်းများစွာတို့ကြောင့် အလုပ်ကို မနိုင်မနင်းပြီးစီးအောင်လုပ်နေကြရသည်။ ထိုကြားထဲမှ ဖြစ်လာသည့် ပြဿနာအရှုပ်အထွေးများကို မပတ်သက်ချင်ဘဲ ပတ်သက်ကြရ၊ ရှင်းလင်းနေကြရသည့် ဝန်ထမ်းတို့အဖို့မှာလည်း စိတ်မောစရာပင်။ ပွဲစားကြောင့် ယုန်ထင်ကြောင်ထင်ဖြင့် အတိုင်ခံရပြီး အထက်အဆင့်ဆင့်သို့ ဖြေရှင်းတင်ပြရသည်များလည်း မနည်းတော့ပေ။





**အတုနှင့်အစစ် ခွဲခြားရန်မခက်**

ယခုတလော ကားလိုင်စင်အတုတို့ကို ဆောင်ရွက်လာကြောင်း တွေ့ရှိလာရပါသည်။ ကားလိုင်စင်စာအုပ်၊ ဗီးတက်၊ လိုင်စင်တို့ကို “အတု” ဟုဆိုရာတွင် ရုံးကတရားဝင် ထုတ်ပေးထားသည့် အစစ်နှင့်ကွာခြားပြီး Color Printer ကဲ့သို့ စက်မျိုးဖြင့် တုပရိုက်နှိပ်ထားခြင်းမျိုးပင်ဖြစ်ပါသည်။ ပိုက်ဆံကို Color Printer နှင့်ရိုက်ထုတ်သော်လည်း အစစ်ဖြစ်မလာသလိုပင် ကညနရုံးလုပ်ငန်းအားလုံးသည် မှတ်ပုံတင်လုပ်ငန်းဖြစ်ရာ မှတ်တမ်းများကို စနစ်တကျ ကွန်ပျူတာများဖြင့် ထိန်းချုပ်ထားသဖြင့် အတုနှင့်အစစ်ခွဲခြားဖို့ရာ မခက်ပါပေ။ ရုံးမှထုတ်ပေးထားသော ယာဉ်မောင်းလိုင်စင်၊ ယာဉ်သက်သေခံလက်မှတ် စသည်တို့မှာ Smart Card အမျိုးအစားဖြစ်ပြီး တုပ၍မလွယ်ကူအောင် ပိုက်ဆံကဲ့သို့ ရေစာ၊ 2D Bar Code များ၊ Micro Text စာတန်းများစသည်တို့ဖြင့် ထိန်းချုပ်ထားခြင်းဖြစ်ပါသည်။ ရုံးတွင်လည်း အသုံးပြုမှုအလိုက်အရ အသုံးလက်ကျန်စာရင်းများကို လုံခြုံမှုအဆင့်သတ်မှတ်၍ နေ့စဉ်မှတ်တမ်းထားရှိ စစ်ဆေးဆောင်ရွက်လျက်ရှိသဖြင့် အလွဲသုံး၍လည်း မရနိုင်ပါပေ။

**ထင်ယောင်ထင်မှား**

မြန်မာနိုင်ငံ၏ ထူးခြားမှုက အိမ်နီးချင်းနိုင်ငံများမှ နယ်စပ်ချင်းဖြတ်ကျော်၍ တရားမဝင်ခိုးသွင်းရောက်ရှိလာသော Without ကားများက ဘယ်လောက်အထိ ပေါ်များနေမှန်း ဘယ်သူမှမပြောနိုင်ပါ။ တရားဝင်မှတ်ပုံတင်ထားသော ယာဉ်တစ်စီးနှင့် တရားမဝင်ယာဉ် Without ယာဉ်တစ်စီးစီ၏ တန်ဖိုးကွာခြားချက်မှာ သိန်းရာဂဏန်းမှ တန်ဖိုးကြီးကားများဆိုလျှင် သိန်းထောင် ဂဏန်းအထိရှိကြလေရာ အတုကိုအစစ်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် တုပရောင်းချကြသော ပွဲစားလူလိမ်တို့သည် ကညန ရုံးဝန်းကျင်တွင် အရိပ်ခို၍ မမှန်မကန်လုပ်ဆောင်မှုများကို ရဲရဲတင်းတင်းပြုလုပ်လာကြကြောင်း စတင်တွေ့ရှိလာရပါသည်။ ပစ္စည်းတစ်ခုကို တန်ရာတန်ကြေးပေး၍ မဝယ်ဘဲ အချို့အချောင်ရယူလိုသူ လူအချို့သည် ပေါက်ဈေးထက် အနည်းငယ်လျှော့ရောင်းသော Without ကားနှင့် စာအုပ်အတုကို မှားယွင်းဝယ်ယူမိပါလျှင် ဒုက္ခပင်လယ်ဝေသွားပါလိမ့်မည်။ ထို့အတူ ယာဉ်မောင်းလိုင်စင်ကိုလည်း တကယ်တတ်ကျွမ်းမောင်းနှင်နိုင်မှု ရှိ၊ မရှိ စနစ်တကျ စစ်ဆေးပြီး အောင်မြင်မှသာ ထုတ်ပေးလျက်ရှိရာ အလွယ်တကူဖြင့် မဖြေဘဲရမည်ဟုပြောပြီး ငွေနှင့်အောင်တောင်း၍ ရခဲ့သည်ဆိုလျှင်တော့ အတုသာဖြစ်ပါလိမ့်မည်။

**ကုန်ကျစရိတ်သက်သာ**

ယခုဆောင်းပါးဖြင့် ယာဉ်ပိုင်ရှင်၊ လိုင်စင်လာရောက်ဆောင်ရွက်လိုသူ အပေါင်းအား အသိပေးတင်ပြလိုသည်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးအသီးသီးဝန်းကျင်တွင် လာရောက်နေကြသော ပွဲစားများနှင့် ဆက်ဆံခြင်းမပြုမိစေဖို့ ပညာပေးခြင်း၊ အသိပေးခြင်း ဆောင်ရွက်ထားသလို ယာဉ်ပိုင်ရှင်ကိုယ်တိုင် လာရောက်ဆောင်ရွက်ပါက ဦးစားပေး၍လုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်ပေးခြင်းကို ပြုလုပ်ပေးလျက်ရှိကြောင်း၊ ယာဉ်ပိုင်ရှင်ပြည်သူများအား အဆင်အပြေဆုံး ကူညီဆောင်ရွက်ပေးရန် စီစဉ်ထားရှိပါကြောင်း အသိပေးလိုပါသည်။ ကိုယ်တိုင်ဆောင်ရွက်လျှင် ငွေကြေးအမှန်အတိုင်းသာ သက်ဆိုင်ရာငွေခန်းများ၌ ပေးသွင်းဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး လုပ်ငန်းမြန်ဆန်စွာဖြင့် ပြီးမြောက်ပါလိမ့်မည်။ အကယ်၍ အခက်အခဲရှိပါကလည်း ရင်ထိုးတံဆိပ်တပ်ဆင်ထားသည့် ဝန်ထမ်းများအားလည်းကောင်း၊ သက်ဆိုင်ရာအရာရှိ၊ ဦးစီးမှူးများထံတွင်လည်းကောင်း အကူအညီ တောင်းခံဆောင်ရွက်ပါက ကူညီပေးနိုင်ရန် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။ ပေးသွင်းရမည့် ငွေများကိုလည်း ရုံးတိုင်းတွင် ဗီနိုင်းများဖြင့် ပွင့်လင်းမြင်သာစွာကြေညာထားရှိပါသည်။ ပိုင်ရှင်ကိုယ်တိုင်လာပါက ပွဲစားများ လျော့နည်းပပျောက်သွားနိုင်မည်ဖြစ်ပါသည်။ သို့မဟုတ်ပါက ကိုယ်တိုင် မလာရောက်ချင်သူများမှာ ပွဲစား အားပေးသူများ အလိုလိုဖြစ်သွားပါလိမ့်မည်။

**ပွဲစားယုံ၍စုံလုံးကန်း**

အရေးအကြီးဆုံး သတိပေးတင်ပြလိုသည်မှာ ယာဉ်အတုနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကညန ရုံးတွင် စစ်ဆေးခြင်းမရှိဘဲ ဝယ်ထားခဲ့သူ တစ်ဦးဦးသည် လိုင်စင်မဲ့ (Without) ကားအတုနှင့် စာအုပ်အတု၊ ယာဉ်သက်သေခံလက်မှတ် (အဝိုင်း) အတုတို့ကို ဝယ်ယူထားမိပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများတွင် လိုင်စင်ဝင်ခြင်း (သို့မဟုတ်) ရှောင်တခင်စစ်ဆေးသည့်အခါ ဖမ်းမိခြင်းဖြစ်ပါက ဥပဒေကြောင်းအရ ယာဉ်လက်ဝယ်ရှိသူတွင်သာ တာဝန်ရှိနေသဖြင့် ဖမ်းဆီးအရေးယူခံရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယာဉ်ဝယ်ယူမည်ဆိုတိုင်း မော်တော်ယာဉ်နှင့် စာအုပ်၊ ယာဉ်သက်သေခံ လက်မှတ် (အဝိုင်း)တို့ကို သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန (ကညန)ရုံးတွင် အစစ်ဆေးခံပြသစေပြီး မှန်ကန်မှသာ ငွေပေးချေဝယ်ယူသင့်ပါကြောင်း အကြံပြုလိုပါသည်။ ပွဲစားယုံ၍ စုံလုံးကန်းကြသူတွေ တစ်ပုံကြီးဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ ပွဲစားလူလိမ်တို့၏ လိမ်လည်လှည့်ဖြားခံရခြင်းမှ ကင်းဝေးကြပါစေကြောင်း ဤဆောင်းပါးဖြင့် စေတနာရှေ့ထား ရေးသားဖော်ပြအပ်ပါသည်။ ။



# ကိုရီးယားနိုင်ငံ စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက်တို့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၉**

ကိုရီးယားသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ စစ်သမိုင်းပြတိုက်သို့ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားပြတိုက်ကို ကြည့်ရှုလေ့လာသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ကိုရီးယား-မြန်မာ လွှတ်တော်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Park Byeong-seug နှင့် ချစ်ကြည်ရေးအသင်းဝင် လွှတ်တော်ကိုယ်စားလှယ်များက ယမန်နေ့ ညပိုင်းတွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးလမ်းစဉ်တွင် မဖြစ်မနေသွားရမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် ဆုံးဖြတ်ချက်များချနိုင်

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပဒိုစောကွယ်ထူးဝင်း၊ ဦးသုဝေနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့မှကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယနေ့အစည်းအဝေးတွင် UPDJC ၏ လုပ်ငန်းလမ်းညွှန်ကို ဆွေးနွေးအတည်ပြုခြင်း၊ UPDJC အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းလမ်းညွှန်ကို ဆွေးနွေးအတည်ပြုခြင်း၊ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းလမ်းညွှန်ကို ဆွေးနွေးအတည်ပြုခြင်းနှင့် အထွေထွေကိစ္စရပ်များ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက UPDJC အဖွဲ့ဝင်များအနေဖြင့် မိမိတို့ကော်မတီ၏ ရည်ရွယ်ချက်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း၊ ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ရည်ရွယ်ချက်ချင်း တူညီလျှင် ညီညွတ်မှုရရန်၊ ဆုံးဖြတ်ချက်များချရန် လွယ်ကူသော်လည်း ရည်ရွယ်ချက်ချင်း မတူညီပါက ညီညွတ်မှုရရန်၊ ဆုံးဖြတ်ချက်များချရန် အခက်အခဲများရှိမည်ဖြစ်သောကြောင့် ညှိနှိုင်းဆွေးနွေး၍ အဖြေရှာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

တိုင်းရင်းသား လက်နက်ကိုင်များအစုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက နိုင်ငံ၏အနာဂတ်အတွက် တာဝန်အရှိဆုံးပုဂ္ဂိုလ်များက အနာဂတ်၏ ငြိမ်းချမ်းရေးနှင့် အနာဂတ်၏ ကောင်းစားရေးအတွက် အားလုံးစုစည်းပြီး ညှိနှိုင်းအဖြေရှာသည့် နိုင်ငံရေးဆွေးနွေးပွဲကို စတင်နိုင်ရန် ဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်ချမှတ်သည့်နေရာတွင် လက်တွေ့ကျပြီး အကောင်အထည်ဖော်နိုင်သည့် အခြေအနေကို ဆုံးဖြတ်ရန်လိုအပ်ပါကြောင်း၊ လက်တွေ့မကျသည့်ဆုံးဖြတ်မှု၊ ဆောင်ရွက်မှုများကို လုပ်ဆောင်သည့်အခါ မိမိတို့ လိုချင်သည့်၊ မိမိတို့မျှော်မှန်းသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်မည်မဟုတ်ပါကြောင်း။

လက်တွေ့အကောင်အထည်ဖော်သည့်နေရာတွင် အစုအဖွဲ့ တစ်ဖွဲ့ချင်းစီက တာဝန်ခံမှု၊ တာဝန်ယူမှု ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကောင်းစားရေးအတွက် UPDJC ၏ နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်ရန် UPDJC အဖွဲ့ဝင် တစ်ဦးချင်းစီတွင် လည်းကောင်း၊ တစ်ဖွဲ့ချင်းစီတွင်လည်းကောင်း တာဝန်ရှိသည့်အတွက် အတူတကွ ပူးပေါင်းပြီး အေးချမ်းသည့်နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ယနေ့ ဆုံးဖြတ်ချက် ကိုးချက်နှင့် မှတ်တမ်း ရှစ်ချက်ကို အောင်မြင်စွာရရှိခဲ့ပါကြောင်း၊ အထူးသဖြင့် ငြိမ်းချမ်းရေးလမ်းစဉ်တွင် မဖြစ်မနေသွားရမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် ဆုံးဖြတ်ချက်အတော်များများ ချနိုင်ခဲ့ပါကြောင်း၊ လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံ ဒုတိယအစည်းအဝေးမတိုင်မီ လုပ်ဆောင်ရန်ကိစ္စများစွာကို ယခုအစည်းအဝေးကချမှတ်နိုင်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် မှတ်တမ်းများက အထောက်အကူများစွာ ဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

UPDJC အစည်းအဝေးကို အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်ကြာပြုလုပ်ခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှုအဆင့်ဆင့်ပုံစံ (Structure)၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်များ၊ လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်၊ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်၊ အကြောင်းအရာအလိုက် ဆွေးနွေးသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ လုပ်ငန်းလမ်းညွှန်၊ UPDJC လုပ်ငန်းလမ်းညွှန်၊ UPDJC အတွင်းရေးမှူး အဖွဲ့ လုပ်ငန်းလမ်းညွှန်၊ လုပ်ငန်းကော်မတီများ လုပ်ငန်းလမ်းညွှန်၊ UPDJC ရုံးအဖွဲ့ဖွဲ့စည်းပုံ၊ ပထမအကြိမ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် ခေါင်းစဉ်ခွဲများကို ဆွေးနွေးခဲ့ကြသည်။

ယခု အစည်းအဝေးအပြီးတွင် ဆုံးဖြတ်ချက် ကိုးချက်နှင့် မှတ်တမ်းတင်မှု ရှစ်ချက်ရရှိခဲ့ကြောင်းနှင့် "အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ"များကို အဆင်သင့်ဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စတင်ကျင်းပနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ပြည်တွင်းစစ်ရပ်စဲရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုနှင့် ငြိမ်းချမ်းရေး တေးဂီတဖျော်ဖြေပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

ပြည်တွင်းစစ်ရပ်စဲရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုနှင့် ငြိမ်းချမ်းရေး တေးဂီတ ဖျော်ဖြေပွဲကို ယနေ့မွန်းလွဲ ၂ နာရီမှ စတင်၍ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပရာ ရှေးဦးစွာ တက်ရောက်လာကြသူများက ပြည်တွင်းစစ်ရပ်စဲရေး လက်မှတ်ရေးထိုး လှုပ်ရှားမှုကို ပြုလုပ်ကြပြီး RAGA MUSIC BANDမှ ကိုတွတ်ကီ၊ ကိုမြတ်မိုး၊ စောရန်နိုင်၊ ရာဝဏ၊ စိုင်းရှုမိုး၊ ဆူမိုတို့နှင့် အတူ နိုင်ငံကျော် တေးသံရှင်များဖြစ်ကြသည့် မွန်းအောင်၊ အက်စ်ကဲနက်၊ တူးတူး၊ ဝီလျံ၊ မောင်တင်အုန်း၊ ဆူမို၊ ကိုပြည့်၊ ကိုကိုနိုင်၊ ကိုစောဝေ၊ မီမီဝင်းဖေ၊ Fanny၊ ဆိုင်းစံ၊ ဆုရည်လတ်နှင့် ဆုမွန်းအောင်တို့က သီဆိုဖျော်ဖြေကြသည်။

အဆိုပါ ပြည်တွင်းစစ်ရပ်စဲရေး လက်မှတ်ရေးထိုး လှုပ်ရှားမှုနှင့် ငြိမ်းချမ်းရေး တေးဂီတဖျော်ဖြေပွဲကို မြန်မာနိုင်ငံတစ်ဝန်းတွင် လက်ရှိဖြစ်ပွားနေသော စစ်ပွဲများ ရပ်တန့်ရေးနှင့် ပြည်တွင်းစစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ စစ်ဘေးသင့်ပြည်သူများအား ထိရောက်စွာကူညီထောက်ပံ့ပေးနိုင်ရေးအတွက် ပြည်သူများထံမှ လက်မှတ်များကောက်ယူခြင်းနှင့် အနုပညာရှင်များက ငြိမ်းချမ်းရေးသီချင်းများ၊ ကဗျာများဖြင့် သီဆိုဖျော်ဖြေပွဲပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**(ဇော်မင်းလတ်)**

# ပြည်တွင်းရေးရာ

■ **Original မှ**

ကော်မတီအစီရင်ခံစာအရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၅/၂၀၁၆)စီမံကော်မတီအစည်းအဝေးက အောက်တိုဘာ ၁၁ ရက်မှ စတင်၍ Original Bill of Lading( B/L)တင်ပြနိုင်ပါက DELIVERY ORDER (D/O) ကုန်ထုတ်လွှာ ထုတ်ပေးနိုင်ရေးဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ၂၀၁၅ ခုနှစ်၊ ဥပဒေပုဒ်မ ၁၇(ဂ)၊ ၁၀၃(ခ) တို့အရ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းအဆင်ပြေချောမွေ့စေရေးကို ရည်ရွယ်၍ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး အောက်တိုဘာ ၁၁ ရက်မှ စတင်ကာ Original B/L ကုန်တင်တန်ဆာတင်ပြပါက D/O ကုန်ထုတ်ယူခွင့်အမိန့် ထုတ်ပေးခြင်းကို စတင်ဆောင်ရွက်ခဲ့သည်။

ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်သည့် ကုန်သေတ္တာတင်သင်္ဘောလိုင်း ၃၁ လိုင်းရှိပြီး ယနေ့အထိ ပြေးဆွဲခွင့်ပြုထားသည့် သင်္ဘောစင်းရေ ၆၉ စင်းရှိသည်။ လက်ရှိပြေးဆွဲစင်းရေ ၅၀ ရှိပြီး ၁၉ စင်း ရပ်နားထားသည်။ ရန်ကုန်ကုန်သေတ္တာတင်ဆိပ်ကမ်းများဖြစ်သော အေးရှားဝေါလ်ဆိပ်ကမ်း (AWPT)၊ အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(AIPT)၊ မြန်မာ့စက်မှုဆိပ်ကမ်း(MIP)၊ ဗိုလ်အောင်ကျော်ကုန်သေတ္တာဆိပ်ကမ်း (BSW)၊ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း(MITT) များတွင် ဆိုက်ကပ်လျက်ရှိသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အမိန့်ကြော်ငြာစာ(၂၆/၂၀၁၆)ကို ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်နေသည့် ကုန်သေတ္တာတင်သင်္ဘောလိုင်းအများစုက လိုက်နာဆောင်ရွက်လျက်ရှိသော်လည်း အချို့သင်္ဘောလိုင်းများက လိုက်နာဆောက်ရွက်ခြင်းမရှိသည့်အတွက် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် အခက်အခဲရှိနေကြောင်း သိရှိရသည်။

ဆိပ်ကမ်းမှကုန်ပစ္စည်းများထုတ်ယူရာ၌ ကြန့်ကြာမှုမရှိစေရေးနှင့် ဝန်ဆောင်ခများ လျှော့ချနိုင်ရေးညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဦးဆောင်၍ အမှတ်(၁၀) ပန်းဆိုးတန်းလမ်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲ)ဦးနီအောင်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် နိုင်ငံတော်ဆိပ်ကမ်းများနှင့် စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဆောင်ရွက်လျက်ရှိပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ကာ ဆိပ်ကမ်းလုပ်ငန်းဆက်စပ်ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှု ကုန်ကျစရိတ်(LOGISTICS COST)၊ ကုန်စည်တင်သွင်းမှုဆိုင်ရာလုပ်ဆောင်ခများ လျှော့ချရေးများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် လွယ်ကူမှုဆိုင်ရာ (Doing Business ) အဝင် သတ်မှတ်ချက်တွင် နိုင်ငံပေါင်း ၁၉၀ အနက် မြန်မာနိုင်ငံသည် အဆင့် (၁၇၀)တွင်ရှိပါကြောင်း၊ ထို့အပြင် အရှေ့တောင်အာရှဒေသအတွင်းနိုင်ငံများကြားတွင် မြန်မာနိုင်ငံသည် LOGISTICS COST ကုန်စည်စီးဆင်းမှု အများဆုံးနိုင်ငံဖြစ်နေသည်ကို တွေ့မြင်နေရပါကြောင်း။

LOGISTICS COST သည် ပြည်တွင်းကုန်ဈေးနှုန်းနှင့် တိုက်ရိုက်အချိုးကျနေသဖြင့် အစိုးရဌာနများနှင့် လုပ်ငန်းရှင်များက ဖြေလျှော့မှုများ ပူးပေါင်းဆောင်ရွက်မှသာ ကုန်ကျစရိတ်များ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ချက်များအနက် ပြည်သူလူထုသက်သာချောင်ချိမှုကို ရှေးရှုပြီး မှန်ကုန်သောလမ်းစဉ် စေတနာများနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဒုတိယအထွေထွေမန်နေဂျာ(ကိုယ်စားလှယ်လုပ်ငန်းဌာန)က LCL Cargo များအတွက် Owner များမှ အကြောင်းကြားခြင်းနှင့် ပစ္စည်းထုတ်ယူခြင်းလုပ်ငန်းစဉ် (၁၀)ချက်ကို ရှင်းလင်းပြသပြီး မိမိတို့ကိုယ်စားလှယ် လုပ်ငန်းဌာနက Shipping Line Principal များကို မေတ္တာရပ်ခံစာ E-mail များ ပေးပို့ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။



ဆိပ်ကမ်းမှကုန်ပစ္စည်းများထုတ်ယူရာ၌ ကြန့်ကြာမှုမရှိစေရေးနှင့် ဝန်ဆောင်ခများ လျှော့ချနိုင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

တက်ရောက်လာသည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများ၊ စည်းမျဉ်းစည်းကမ်းမလိုက်နာသူများကြောင့် စည်းမျဉ်းဥပဒေကို လိုက်နာသူများ ထိခိုက်နစ်နာမှုများ၊ ညီတူမျှတသည့် အခွင့်အလမ်း ကွာဟမှုများရှိနေသည်များ၊ ထိရောက်စွာ အရေးယူသင့်သည်များကိုလည်း အမြန်အကောင်အထည်ဖော်ပြပေးစေလိုသည့်အကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေမည့် ဖြေလျှော့သင့်သည်များကို ဆွေးနွေးကြသည်။

ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်က ယခုအခါ ၎င်း Release Order (R/O) တောင်းခံရန် B/L ဖြင့် ကုန်စည်ထုတ်ယူနိုင်သည့် နည်းလမ်းအစီအစဉ်ကို ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ စားသုံးသူပြည်သူများ LOGISTICS COST လျှော့ချမှု အကျိုးခံစားမှုရရှိရေး အစိုးရနှင့် လုပ်ငန်းရှင်များက ဖြေလျှော့မှုဆောင်ရွက်ကြရန်၊ ကုန်ပို့လုပ်ငန်းများ အလွယ်တကူ ကုန်ဈေးနှုန်းကျဆင်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့်ပြောင်းလဲမှုအရွေ့တွင် ပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ရန်ကုန်ဆိပ်ကမ်းမှ ကုန်သေတ္တာများ ထုတ်ယူခြင်းနှင့်ပတ်သက်၍ ယခင်က လုပ်ဆောင်ပုံအဆင့်များမှာ ကုန်ပစ္စည်းပိုင်ရှင်( Consignee)သည် ကုန်တင်ပို့လွှာ Bill of Lading(B/L) လက်ဝယ်ရရှိသော်လည်း သက်ဆိုင်ရာဌာနေ သင်္ဘောလိုင်းများတွင် Release Order (R/O)ထုတ်ယူခွင့်ပြုရန် အကြောင်းကြားလွှာများအား သက်ဆိုင်ရာသင်္ဘောလိုင်းအသီးသီး၏ ဌာနေကိုယ်စားလှယ်များထံတွင် သွားရောက်ယူဆောင်ရာ၌ အခကြေးငွေပေးဆောင်ရခြင်း၊ အချိန်ကြန့်ကြာခြင်းတို့ ဖြစ်ပေါ်စေသည်။ ၎င်း Release Order ရရှိပြီးမှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနတွင် Release Order ပြပြီး DELIVERY ORDER (D/O) ထုတ်ယူခြင်းကို ဆောင်ရွက်ခဲ့သည်။

ကုန်ပစ္စည်းပိုင်ရှင်များအနေဖြင့် အချိန်ကုန်ပြီး ငွေကြေးကုန်ကျမှုများစွာဖြင့် ကုန်ပစ္စည်းများအား ထုတ်ယူရရှိပြီး ၎င်းကုန်ကျစရိတ်များအား ကုန်ပစ္စည်းတန်ဖိုးပေါ်တွင် ပေါင်းထည့်၍ စားသုံးသူများအား ပြန်လည်ရောင်းချသည့်အတွက် စားသုံးသူပြည်သူများအနေဖြင့် တန်ဖိုးကြီးစွာ ဝယ်ယူသုံးစွဲနေရသဖြင့် ယခုကဲ့သို့ ပြည်သူကို မျက်နှာမူပြီး ကြန့်ကြာမှုမရှိစေရေးနှင့် ဝန်ဆောင်ခများ လျှော့ချနိုင်ရေး ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အစည်းအဝေးသို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဌာနမှူးများ၊ အကောက်ခွန်ဦးစီးဌာန၊ ဌာနေသင်္ဘောလိုင်း ကိုယ်စားလှယ်များ၊ မြန်မာ့ကုန်သွယ်ရေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MMMDA)၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA)၊ ကုန်သေတ္တာတင် ဆိပ်ခံတံတားများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (ICD)၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များအသင်း( UMFCCI)၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)၊ မြန်မာနိုင်ငံ အကောက်ခွန်ဆိုင်ရာ ဝန်ဆောင်သူများအသင်း(MCBA)၊ မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း(MCTA)၊ မော်တော်ယာဉ်တင်သွင်းသူများအသင်း၊ ကုန်ပစ္စည်းတင်သွင်းသူများ၊ ကုန်ပစ္စည်းပိုင်ရှင်များနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာန အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

○ **ပင်လယ်ရေကြောင်းမှ**

ကြော်ငြာစာ၏ အပိုဒ်(ခ)တွင်ဖော်ပြခဲ့သော ကုန်သေတ္တာကြန့်ကြာကြေးကို ဆိပ်ခံတံတားနှင့် ကုန်းတွင်းကုန်သေတ္တာစခန်းတို့တွင် ကုန်သေတ္တာလုပ်ငန်းလုပ်ကိုင်သူကိုယ်စားလှယ်များသည် အောက်တိုဘာ ၁၁ ရက်မှ စတင်၍ နှုန်းထားတစ်ခုသတ်မှတ်ကောက်ခံရန် ကြေညာထားမှုနှင့် စပ်လျဉ်း၍ ပင်လယ်ရေကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများလုပ်ကိုင်နေကြသော လုပ်ငန်းရှင်ပြည်သူများအတွက် နစ်နာမှုများရှိနေခြင်း၊ အာဆီယံလွတ်လပ်သောကုန်သွယ်မှုနယ်မြေ(Asian Free TradeArea-AFTA) တွင် အမြဲတမ်းအသင်းဝင်ဖြစ်နိုင်ရေးအား နှောင့်နှေးစေခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် အဟန့်အတားဖြစ်စေခြင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် စီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်နေကြသည့် အများပြည်သူအတွက် လုပ်ပိုင်ခွင့်အခက်အခဲများ ဖြစ်ပေါ်စေရခြင်း စသည်ဖြင့် အပြည်ပြည်ဆိုင်ရာပင်လယ်ရေကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များမှ ဆိုကြသည်။

မြန်မာ့ဆိပ်ကမ်း၌ ကုန်သွယ်ရေကြောင်းလုပ်ငန်းကို နှစ်ပေါင်း ၂၀ ကျော် Shipping Line အနေဖြင့် လုပ်ကိုင်နေသည့် ကပ္ပတိန်ဦးဟင်နရီခင်မောင်က "အဓိကတော့ မြန်မာနိုင်ငံမှာရှိနေတဲ့ ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေချင်တာပါ။ မြန်မာနိုင်ငံမှာ လုပ်ဆောင်နေတဲ့ကွန်တင်နာသေတ္တာ၊ ကုန်တင်ကုန်ချလုပ်ငန်းတွေမှာဖြစ်ပေါ်နေတဲ့ အခက်အခဲတွေအားလုံးကို အဆင်ပြေစေချင်ပါတယ်။ လက်ရှိမြန်မာ့ဆိပ်ကမ်းမှာ ကုန်ကောက်ခံနေတဲ့ ရန်ကုန်မြို့ဘက်က Port dues က သိပ်များနေပါတယ်။ အာရှနိုင်ငံများထက်စာရင် လွန်စွာများနေတာပါ။ အဲလိုဖြစ်တာဟာ အားလုံးအတွက် နစ်နာရပါတယ်။ ကုန်ကောက်ခံနေတဲ့ Port dues ကို သုံးပုံတစ်ပုံလျှော့ချသင့်ပါတယ်။ အဲလိုလျှော့ချလိုက်တာနဲ့ မြန်မာနိုင်ငံမှာရှိနေတဲ့ ဈေးကွက်က နေရာထဲထဲဝင်ဝင်ရလာပါလိမ့်မယ်။ အာရှမှာရှိနေတဲ့ ဗီယက်နမ်၊ ထိုင်း၊ ပါကစ္စတန် နိုင်ငံများနည်းတူဖြစ်သွားပါလိမ့်မယ်။ ဒီလို Port dues ကို လျှော့ချလိုက်တာဟာ ဝန်ကြီးဌာနအနေနဲ့ကတော့ ဝင်ငွေလျော့ကျသွားတယ်ဆိုပေမယ့် ပြည်သူများအတွက် လွန်စွာအကျိုးရှိသွားပါလိမ့်မယ်။ ပဲရာသီ၊ ဆန်ရာသီကျရင် လွန်စွာတိုးတက်လာပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံရဲ့ export က သိသာစွာတိုးတက်လာပါလိမ့်မယ်။ ခုမြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ကြေညာထားတဲ့အပိုင်းကိုလည်း တာဝန်ရှိသူတွေအနေနဲ့ respond လုပ်ပေးစေချင်ပါတယ်"ဟု vintage luxury yatch ဟိုတယ်၌ပြုလုပ်ခဲ့သော စာနယ်ဇင်းရှင်းလင်းပွဲအပြီး ပြောကြားခဲ့သည်။

Amarapura Maritime Services ကုမ္ပဏီလီမိတက်မှ ဒေါ်ဖြူဖြူမောင်က "မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကနေ အမိန့်ကြော်ညာစာ ထုတ်ပြန်လိုက်တဲ့အပေါ်မှာ ကုန်ရှင်တွေနဲ့ ကျွန်မတို့ကြားမှာ အခက်အခဲတွေဖြစ်လာနိုင်ပါတယ်။ ကျွန်မတို့ရဲ့ Fowarding များ၊ Shipping လိုင်းအသီးသီးမှာ ရှိနေတဲ့ဝန်ဆောင်မှုကို လုပ်ဆောင်နေတဲ့သူတွေဟာဆိုရင် ဝန်ဆောင်မှုကို လုပ်ဆောင်နေပေမယ့် ဝန်ဆောင်မှုအတွက်ကုန်ကျစရိတ်ငွေကို မြန်မာကျပ်ငွေနဲ့သာ ကောက်ခံနေတာပါ။ ဒါကို ငွေကောက်ခံမှုမရှိစေရဘူး။ သူတို့ဆီမှာပဲတစ်ခါတည်း release လုပ်ပေးမယ်ဆိုပြီး ပြောလိုက်တဲ့အတွက် customer တွေ အကုန်လုံးက အဲဒီမှာ ယူကြရပါတယ်။ အဲဒီမှာ ဘာအခက်အခဲဖြစ်မလဲဆိုတော့ ကုန်ပစ္စည်းတွေက နိုင်ငံခြားကလာရတဲ့အတွက် စာရွက်စာတမ်းတွေမရဘဲ ခေါက်တုံ့ခေါက်ပြန်သွားရပြီး လေးရက်လောက်ကြာနေတော့ ကုန်ရှင်နဲ့ကုန်သည်ကြားမှာ အခက်အခဲဖြစ်ရပါလိမ့်မယ်။ လာတဲ့သူရဲ့ ကုန်လက်ခံပြေစာကိုပြနိုင်တယ်ဆိုရင် ရန်ကုန်မှာရှိနေတဲ့ အင်ဖိုတာတွေကို ကုန်ပစ္စည်းများထုတ်ပေးမယ်ဆိုရင်တော့ အခက်အခဲဖြစ်စေရပါတယ်။ ပြဿနာတစ်စုံတစ်ရာဖြစ်ရင် ကုန်ပို့သူက ကျွန်မတို့ကို တရားစွဲနိုင်သလို blacklist စာရင်းသွင်းခံရနိုင်ပါတယ်။ ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်နေတဲ့ ကျွန်မတို့အားလုံးဟာဆိုရင် အသေးစားလုပ်ငန်းရှင်လေးတွေပါ။ ရုံးစရိတ်၊ ဝန်ထမ်းစရိတ်တွေရှိပါတယ်။ ဒါတွေကို တာဝန်ရှိသူတွေ သိစေချင်ပါတယ်"ဟု ဆိုလေသည်။

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာပင်လယ်ရေကြောင်းကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာပင်လယ်ရေကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းများ၊ အတွေ့အကြုံများ၊ အခက်အခဲများနှင့် ကျွမ်းကျင်မှုများအား တာဝန်ရှိသူများက တွေ့ဆုံဆွေးနွေးပေးစေချင်ပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များမှလည်း ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်နေကြသည့် ထောင်ပေါင်းများစွာသောကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ အခက်အခဲဖြစ်နိုင်သောကြောင့် ယခုကဲ့သို့သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပြီးခဲ့သည့် အောက်တိုဘာ ၁၀ ရက်ကဖော်ပြခဲ့သော အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ပြန်လည်သုံးသပ်ပေးစေလိုပါကြောင်း အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များမှ လိုလားလျက်ရှိနေကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

✱ **ကျောဖုံးမှ**

မီးကြာခွက်သုံးသောင်းဖြင့် မီးမျှောပူဇော်ကြမည်ဖြစ်သည်။

ယခုနှစ်တွင် အဆိုပါ ပွဲတော်ရက်များအတွင်း ယခင်နှစ်များနည်းတူ ချောတိုင်တက်ပြိုင်ပွဲ၊ စစ်တောင်းမြစ်အတွင်း ကျင်းပမည့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ၊ လက်မောင်းလုံပြိုင်ပွဲ အားကစားနည်းများကို ပြိုင်ပွဲတစ်ရပ်အနေဖြင့် ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး စတုဒိသာ အကျွေးအမွေးများနှင့် လှူဒါန်းကုသိုလ်ပြုရန် စီမံထားသည်။ ထို့အပြင် ပျော်ပွဲရွှင်ပွဲအဖြစ် ရွှေမန်းဇာတ်သဘင်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ၊ ဆိုဗီယက်ပြန် နွဲ့နွဲ့စန်း၊ ပန်းမြတ်သီတာ(ရန်ကုန်)၊ ဇေရန်စိုး(တောင်ငူ)၊ နန္ဒကျော်(ဒိုက်ဦး)ဦးစီးသော ခြင်းအဖွဲ့က ခြင်းအလှပြခတ်ကစားခြင်းများ၊ ဒေသခံတေးသံရှင်များက မဒေါက်မြို့ပေါ် ရပ်ကွက်များတွင် မော်တော်ယာဉ်များဖြင့် တေးသံသာများ လှည့်လည်ဖျော်ဖြေမှု အစီအစဉ်များနှင့် အထူးအစီအစဉ်အဖြစ် ဒေဝါဝင်း၊ ရာဇာဝင်း ဝင်းခင်းသဘင်ကြီးများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ စာရှုသူတို့အနေဖြင့် တစ်ခါတစ်ခေါက်အရောက်လှမ်းကာ မဒေါက်မြို့တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲတွင် ပါဝင်နွှဲပျော်ဖို့ ဖိတ်ခေါ်တင်ပြရေးသားလိုက်ရပါသည်။

**(ပိန်းဇလုပ်သိန်းညွှန့်)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# ကြေးမုံ ဖတ်ကြည့်

**ကျော်စောမင်း**

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

၁

လွန်ခဲ့သော ၂ လလောက်ကလားမသိ. .။

ဤစာကြောင်းကို ရေးချလိုက်ပြီးမှ ပြောချင်စရာတစ်ခုပေါ်လာပါသည်။ ဤပထမဆုံးစာကြောင်းကို စာစီလိုက်လျှင် "လွန်ခဲ့သော (၂)လလောက်ကလားမသိ" ဟု စာစီတတ်ကြပါသည်။ ဂဏန်းမှန်သမျှ ကွင်းခတ်ရမည်ဆိုသော အလေ့အထ(ဝါ) ယုံကြည်ချက်(ဝါ) စည်းကမ်းမှာ ၁၉၈၈ နှစ်ကုန်ပိုင်းတွင် ပေါ်လာသည်ဟု ထင်ပါသည်။ အတွင်းရေးမှူး(၁)၊ အတွင်းရေးမှူး(၂) စသည်တို့ကြောင့် ပေါ်လာပုံရပါသည်။ ကွင်းခတ်ခြင်းသည် "သို့မဟုတ်" ဆိုသော အဓိပ္ပာယ်ကိုလည်းဆောင်ပါသည်။ ပြင်ဦးလွင်(မေမြို့)၊ သာယာဝတီမင်း(ကုန်းဘောင်မင်း)၊ ဦးသိန်းဟန်(ဇော်ဂျီ) တို့ကိုကြည့်ပါ။ ဂဏန်းကို ကွင်းခတ်ရမည်ဆိုသော စည်းကမ်းသည် မှားပါသည်။ (၄)ဆူဓာတ်ပုံ ရွှေတိဂုံဆိုသော စာသားကိုကြည့်ပါ။ နိုင်ငံတကာသုတေသနရေးထုံးမှာ ဂဏန်း ၁ မှ ၉ အတွင်းကို တစ်မှကိုးအတွင်း စသည်ဖြင့် စာလုံးပေါင်းဖြင့် ရေးရသည်။ ထို့ထက်ကြီးလျှင် ဝါကျအလယ်၌ဖြစ်ပါက ဂဏန်းဖြင့်ပြသည်။ ဝါကျအစတွင်တော့ ခုနှစ်တို့၊ သက္ကရာဇ်တို့ မဟုတ်လျှင် စာလုံးဖြင့် ရေးရပါသည်။ ဤရေးထုံးကို လိုက်နာရန်ခက်ခဲလိမ့်မည်ဟုလည်း ကျွန်တော်သိခဲ့ပါသည်။ အတွင်းရေးမှူးတစ်၊ အတွင်းရေးမှူးသုံး စသဖြင့်ရေးလျှင် အဖမ်းမခံရတောင်မှ မျက်မာန်တော်ခပ်ကြီးကြီးအရှခံရနိုင်သောခေတ်ကိုး။

**ဂဏန်းကိုကွင်းခတ်ပြသည့် ဓလေ့**

ဂဏန်းများကို ကွင်းခတ်ပြရမည်ဆိုလျှင်လည်း ကားများတွင် တပ်ဆင်သော လိုင်စင်ပြားပေါ်၌ 4(G)/(1234) ဆိုတာမျိုး ညီတူညာတူ တစ်ပုံစံတည်း ဖြစ်ရပေလိမ့်မည်။ 4G/1234 လုပ်လို့မရ။ အမြန်လမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားရာ ယာဉ်အမှတ် ၄(ခ)/(၉၉၁၈) ၏ ရှေ့ဘမ်ပါ ပိန်ချိုင့်သွားသဖြင့်. . . ဆိုတာမျိုးရေးရလိမ့်မည်။ (မြန်မာသတင်းစာပညာ၏ ဟာသတစ်ခုအကြောင်းကြုံ၍ ပြောလိုက်ပါဦးမည်။ ရန်ကုန်ဘက်မှ မောင်းလာသော ဟိုင်းလတ်ကား အမှတ် ၃ခ/. . . . နှင့် မန္တလေးမှလာသော ခရီးသည်တင်ယာဉ်အမှတ် ၄ဃ/. . . . တို့ မိုင်တိုင်အမှတ်(၆၇၈)တွင် ခေါင်းချင်းဆိုင်တိုက်မိရာ. . . . ဆိုသော သတင်းမျိုးဖြစ်သည်။ ကားနံပါတ်ကို ဖော်ပြရေးသားခြင်းမပြုရဟု ဘယ်ပညာရှိများက အမိန့်ထုတ်ထားသည်မသိ။ သတင်းစာပညာ၏ ဘ ၆ လုံးအနက် ဘယ်သူက ဘယ်သူ့ကိုဆိုသော ထိပ်ဆုံး ဘ ၂ လုံးချို့တဲ့နေသည့် မြန်မာ့နည်းမြန်မာ့ဟန်သတင်းစာပညာမှုသစ်ကြီးပါပေ။)

ပြောလိုသည်မှာတော့ ဂဏန်းကိုကွင်းခတ်ပြသည့်ဓလေ့ကြီး လုံးဝမှားယွင်းကြောင်းဖြစ်ပါသည်။ မြန်မာစာအဖွဲ့က ပြဋ္ဌာန်းသည်ဟုဆိုလျှင်လည်း မြန်မာစာအဖွဲ့မှားပါသည်။

၂

လွန်ခဲ့သော ၂ လလောက်ကကိစ္စကို ပြန်ဆက်ပါမည်။ မြို့ကြီးတစ်မြို့၌ နိုင်ငံခြားဧည့်သည်တစ်ဦးက အသံချဲ့စက်သံ ဆူညံနေသည်ကို မခံရပ်နိုင်၍ ည ၁၀း၄၅ အချိန်တွင် အလှူခံဌာနသို့ ချင်းနင်း ဝင်ရောက်ပြီး အားကြိုးမာန်တက် အဓမ္မဆွဲဖြုတ်မှုတစ်ခုဖြစ်ပွားခဲ့သည်။ တရားစွဲခံရပြီး ခမျာမှာ ထောင် ၂ လလား ၃ လလား ကျသွားရရှာပါသည်။

**အိမ်ရှင်နိုင်ငံ၏ဥပဒေကိုလေးစားရန် တာဝန်ရှိ**

ဤဖြစ်ရပ်၌ မူလမှားသူက သူပင်ဖြစ်သည်။ သူသည် ဧည့်နိုင်ငံသားပင် မဟုတ်သော ခရီးသွားဧည့်သည်သာဖြစ်သည်။ ဧည့်သည်ပီပီ အိမ်ရှင်နိုင်ငံ၏ ဥပဒေကို လေးစားရန် တာဝန်ရှိသည်။ စင်ကာပူမှာ အမှိုက်ချလျှင် ဘယ်သူ့ကိုမဆိုအရေးယူသည်။ ထိုင်းတွင် ငွေစက္ကူများပေါ်၌ ထိုင်းဘုရင်၏ ရုပ်ပုံပါသည်။ တော်ဝင်ထီးနန်းကာကွယ်ရေးဥပဒေအရ ထိုငွေစက္ကူများကို ခြေဖြင့်နင်းခွင့်မရှိ။ အမှိုက်ပုံတွင် ပစ်ခွင့်မရှိ။ အမှိုက်တောင်းထဲထည့်ခွင့်မရှိ။ လေတိုက်၍ လွင့်ကျသွားသော ထိုင်းငွေစက္ကူတစ်ရွက်ကို အနီးရှိ နိုင်ငံခြားခရီးသည်တစ်ယောက်က ခြေဖြင့်နင်း၍ ဖမ်းပေးလိုက်ရာ တရားအစွဲခံရပြီး ထောင်ကျသွားပါသည်။

နိုင်ငံခြားရှိ ဟိုတယ်တချို့တွင် ဗုဒ္ဓရုပ်ပွားပုံတူပန်းပုများကို ဧည့်ကြိုခန်းမတို့၊ လေ့ကားရင်းတို့တွင် အလှအပတန်ဆာဆင်မှုအဖြစ် နေရာချထားတတ်သည်။ ငါတို့ဘုရားကို မင်းတို့ ဒီလိုလုပ်ရသလား။ မင်းတို့ ဘုရားရုပ်တုပါထားပါလားကွဟု ကျွန်တော်တို့သွားပြောလို့မရ၊ မန်နေဂျာနှင့်တွေ့ဆုံပြီး ကန့်ကွက်တာမျိုးပဲလုပ်လို့ရသည်။ သူ့စည်းကိုယ့်စည်း ရှိရသည်။ အသံချဲ့စက်ကို အတင်းဖြုတ်သူသည် ထိုသို့ပဲလုပ်ရမှာဖြစ်သည်။ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာစိုင်းကာ ဒေါသရှေ့ထားလိုက်တော့ မှားသွားပါတော့သည်။

၃

ကိုယ့်လူတွေအကြောင်းလည်း ပြောရဦးမည်။ လှိုင်မြို့နယ်မှ ရပ်ကွက်တစ်ခုတွင် ဆွမ်းလောင်းအသင်းတစ်သင်းရှိသည်။ စနေတစ်ညလုံးချက်ပြုတ်ပြီး တနင်္ဂနွေအရုဏ်ဆွမ်းလောင်းကြခြင်းဖြစ်သည်။ ရပ်ကွက်လူထုမှာ စနေတစ်ညလုံးကောင်းကောင်းဒုက္ခရောက်သည်။ တနင်္ဂနွေတစ်ရက်တည်းနားခွင့်ရသူများအဖို့ သူတို့ စိတ်အေးလက်အေးအိပ်ရမည့် ချမ်းသာခွင့်လေး ဆုံးရှုံးသွားပါတော့သည်။

**လုပ်ချင်တာလုပ်မယ်ဆိုသော စိတ်**

ကုသိုလ်ရေးမို့အားပေးဖို့တောင် မကောင်းဘူးလားဟု ပြောချင်ကြလိမ့်မည်။ စည်းနှင့်ကမ်းနှင့် တော်ရုံသင့်ရုံလုပ်ပြီး မနက် ၄ နာရီတွင်လည်း ကြွရောက်ကုသိုလ်ယူကြည်နူးကြစေရန် စေတနာကိုရှေ့ထား၍နှိုးဆော်ရုံမျှနှိုးဆော်လျှင် သာဓုခေါ်စရာ ဖြစ်မည်သာ။ သို့သော် အာဏာပါဝါပြချင်သော စေတနာမမှန်သူတွေပါလာလျှင် အခက်ကြုံရတတ်သည်။ ငါတို့မှာ လုပ်ပိုင်ခွင့်ရှိနေပြီ၊ လုပ်ချင်တာလုပ်မယ်ဆိုသော စိတ်ဓာတ်သည် ခေတ်က ပြဋ္ဌာန်းပေးလိုက်သော အမွေဆိုးဖြစ်သည်။ ဤစိတ်ဓာတ်က ဒုက္ခပေးနေခြင်းဖြစ်သည်။ သွန်သင်ပဲ့ပြင်မှုတို့၊ အရေးယူမှုတို့မရှိလျှင် နောင်ခေတ်များဆီ ကူးစက်သွားလိမ့်မည်။

**တောလုံးပြောင် တောင်ကတုံးဝိဇ္ဇာတွေက သူတော်ကောင်းယောင်ဆောင်သော စာကို စိစစ်ရမည်။ လက်ဖြန့်စာဖြင့် အသက်ရှင်နေရသူများ ပြုစုသည့် ကူးချတက်ကျမ်းများကို သတိထားရမည်။ ပညာရပ်တစ်ခုခု၊ အားကစားတစ်ခုခု၊ အနုပညာတစ်ခုခုတွင် ကိုယ်ပိုင်ဟန်ဖြင့် ကြိုးစားရင်း ထိပ်တန်းရောက်လာသူများထံမှသာ လမ်းညွှန်အစစ်ကို ရနိုင်ပါသည်။**

၄

နယ်မှာကြုံရဖူးသေး၏။ တည်းခိုရသောနေရာအနီးတွင် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိသည်။ နံနက် ၄ နာရီမှစပြီး တရားခွေများကို အော်လံ ၄ လုံးဆိုင်ဖြင့် ဖွင့်သည်။ ထိုမြို့တွင်နေခဲ့ရသော တစ်ပတ်အတွင်း တစ်ရက်မှ ကောင်းကောင်းမအိပ်ရပါ။ ညပိုင်းတွင်ပါဖွင့်သောကြောင့်ဖြစ်၏။ တရားသံနှင့် ကြည်နူးကြပါစေ၊ ကုသိုလ်ရကြပါစေ ဟူသောစိတ်ထားမှာ ကျေးဇူးတင်ထိုက်ပါသည်။ သို့သော် သူ့ဘက်ကိုယ့်ဘက်တော့ စဉ်းစားသင့်တာ အမှန်ပင်။

**ကိုယ်ကြွားချင်တာက အဓိကဖြစ်နေသလား**

၁၉၉၀ လောက်က နယ်မှာကြုံရသော ကြွားပုံဆန်းဆန်းတစ်ခုကို ပြောပြချင်ပါသေးသည်။ ၁၅ မိနစ် တစ်ကြိမ် အချက်ပေးပြီး တစ်နာရီတစ်ခါနာရီထိုးသော သံစုံနာရီဝယ်ယူတပ်ဆင်ရခြင်း၊ လှူဒါန်းရခြင်းကို အလွန်ဂုဏ်ယူကျေနပ်ခြင်းဖြစ်၏။ ကျွန်တော်ကြုံဖူးသော ရွာတစ်ရွာတွင် ရွာဦးကျောင်းက ဤနာရီမျိုးကို အသံချဲ့စက်နှင့်တွဲတပ်ဆင်ထားသည်။ ၁၅ မိနစ်တစ်ကြိမ်အသံပေးပြီး တစ်နာရီတစ်ခါ ဝမ်နင်ပေးကာ တဒင်ဒင်တဒေါင်ဒေါင်လုပ်သည့် ဒဏ်ကို ညစဉ်ရက်ဆက်ခံစားနေရခြင်းအား စဉ်းစားကြည့်ကြရန်ဖြစ်ပါသည်။ လူတွေ နာရီသိကြဖို့ထက် ကိုယ်ကြွားချင်တာက အဓိကဖြစ်နေသလားဟု တွေးမိသူများလည်း ရှိလာပါလိမ့်မည်။ ရှေးခေတ်လို ရှားရှားပါးပါး မဟုတ်ဘဲ လူတိုင်းနီးပါး နှိုးစက်နာရီဝယ်နိုင်လာကြသော မော်ဒယ်ခေတ်တွင် ဘာကြောင့် ပတ်ဝန်းကျင်ကို တစ်ညလုံး နှောင့်ယှက်မှာလဲ။

အဓိကကတော့ ပညာအခံပင်ဖြစ်ပါသည်။

၅

ကျွန်တော်တို့နိုင်ငံတွင် လိုအပ်နေသေးသော ဝန်ဆောင်မှုလုပ်ငန်းများရှိနေသေးရာတွင် အရေးအကြီးဆုံးဖြစ်နေသောဝန်ဆောင်မှုတစ်ခုအကြောင်း ဆွေးနွေးရန်အတွက် နောက်ခံကားချပ်ကလေးများ တင်ပြလိုပါသည်။

**ကုန်တိုက်တော့ အပိတ်ခံရပြီမျှော်လင့်သော်လည်း**

လွန်ခဲ့သော ၁၅ နှစ်ခန့်က ဖြစ်ပါသည်။ ကုန်တိုက်ကြီးတစ်ခုသို့ ဈေးဝယ်တစ်ဦးပြန်ရောက်လာသည်။ မနေ့တစ်နေ့ကဝယ်သွားသော ပစ္စည်းတစ်ခုအကြောင်း လာရောက်တိုင်တန်းရင်း လျှော်ပေးဖို့/လဲလှယ်ပေးဖို့ တောင်းဆိုခြင်းဖြစ်သည်။ ဆိုင်က ခပ်မာမာငြင်းဆိုသဖြင့် အချေအတင်ဖြစ်ကြသည်။ ဆိုင်ဝင်ပေါက်တံခါးကို ပိတ်ပြီး ဝိုင်းရိုက်ကြသည်။ လူတွေအုံလာသည်။ ရပ်ကွက်ကောင်စီမှ ရောက်လာသည်။ ရဲများရောက်လာသည်။ ဖွင့်မပေးဘဲ အသေအကျေဝိုင်းရိုက်ကြသည်။ နောက်ဆုံးတွင် ကားကြီးတစ်စီးအပြည့်လက်နက်အပြည့်နှင့် စစ်သားများရောက်လာပြီး ဝင်ကယ်ထုတ်ရသည်။ အရိုက်ခံရသူမှာ သံတမန်ဝန်ထမ်းတစ်ဦးဖြစ်၍ ထိုကုန်တိုက်တော့ အပိတ်ခံရပြီ မျှော်လင့်သော်လည်း မည်သို့မည်ပုံလုပ်လိုက်သည်မသိ ယနေ့အထိ ပန်းပန်နေဆဲ။

နိုင်ငံခြားကုန်တိုက်ကြီးတစ်ခု ရန်ကုန်မြို့၏ အကောင်းဆုံးနေရာတွင် လွန်ခဲ့သော ၃ လလောက်က ဖွင့်သည်။ ကားရပ်ခကို ဈေးကြီးကြီးယူသည်။ ကားရပ်နားခ ကျပ် ၅၀၀၀ ပေးလိုက်ရသူတွေပင်ရှိသည်။ လမ်းကျဉ်းပြီး အသွားအလာရှုပ်သောလမ်းပေါ်တွင် ကုန်တိုက်ဖွင့်ခွင့်ပြုရာ ကားကျပ်သော Traffic hour အချိန်မှာ လမ်းပိတ်မှုအကြီးအကျယ်ဖြစ်သည်။

အဝေးပြေးကားဆိပ်သို့ဝင်လျှင် ကားဝင်ခဆီးတောင်းသည်။ အဝေးကြီးသွားဖွင့်ထား၍ ကျပ် ၃၀၀၀ တန် အဝေးပြေးခရီးအတွက် အငှားကားဖြင့် ဂိတ်ဆင်းခက ကျပ် ၅၀၀၀ လောက် ကုန်ရသည်။ ကားရှုပ်ချိန်မျိုးတွင် ( ၃၅၀၀ လောက်သာ တန်သော ထိုခရီးကို) ကျပ် ၈၀၀၀ လောက်ပေးမှလိုက်သည်။ အပြန်ကျတော့ကော။ ကျပ် ၆၀၀၀ လောက်တောင်းပြီး နောက်လူတစ်ဖွဲ့ ထပ်ရှာကာ တစ်ခေါက်တည်းနှင့် ကျပ်တစ်သောင်းကျော်ရအောင် အကြံအဖန်လုပ်သည်။ ညပိုင်းတို့၊ လင်းအားကြီးပိုင်းတို့မှာ ခရီးသည်များကို လုယက်ခြင်း၊ မိန်းကလေးများကို စော်ကားခြင်းများ ဖတ်နေရသည်။

**နှစ်ဦးနှစ်ဖက် တာဝန်ခံမှု အလိုအလျောက်ရှိ**

ဤမျှလောက်ဆိုလျှင် ကျွန်တော်သည် Customer Protection ခေါ် စားသုံးသူကာကွယ်ရေးအကြောင်း ပြောနေခြင်းဖြစ်သည်ဟု သိလောက်ပါပြီ။ တကယ်တော့ ကာကွယ်ရန်နယ်ပယ်က ကျယ်ဝန်းလှသည်။ စားသောက်ဆိုင်တွင် ကျွန်တော်တို့သည် သူတို့သတ်မှတ်ဈေးကိုသာမက သတ်မှတ်အခွန်အခကိုပါ ထပ်ပိုးပေး၍ စားသုံးရခြင်းဖြစ်သည်။ Contract Act ခေါ် ပဋိညာဉ်ဥပဒေတွင် စားသောက်ဆိုင်တွင် မှာယူခြင်းမှအစ လေယာဉ်စီးခြင်းအထိ၊ အလှပြင်ခြင်းမှ ကျူရှင်ယူခြင်းအထိ ရောင်းသူဝယ်သူလုပ်ငန်းမျိုးဖြစ်လျှင် နှစ်ဦးနှစ်ဖက် တာဝန်ခံမှု အလိုအလျောက်ရှိသွားသည်။ စားသုံးသူက သတ်မှတ်အဖိုးအခနှင့် ကျသင့်အခွန်အခကိုပေးပါမည်ဟု တာဝန်ခံလိုက်သကဲ့သို့ ရောင်းချသူကလည်း စားသုံးသူခံစားထိုက်သော အခွင့်အရေးကို အပြည့်အဝပေးပါမည်ဟု တာဝန်ခံပြီးဖြစ်နေရသည်။

**စားသုံးသူကို အပိုဝန်ပိ**

အစားအသောက်က ရှိထိုက်သော အရည်အသွေး၊ အလေးအပေါ့မညီလျှင် စားသုံးသူလက်ခံနိုင်သည်အထိ ပြန်လည်ပြုပြင်ပေးရမည်။ လေအေးစက် ဘတ်စ်ကားတွင် လေအေးစက်မဖွင့်လျှင် ဖွင့်ပေးရန် တောင်းဆိုနိုင်သည်။ ဖွင့်မပေးလျှင် တရားစွဲနိုင်သည်။ စွပ်ကျယ်ချိုင်းပြတ်နှင့် မိုက်တိမိုက်ကန်း စပယ်ယာများ၊ ဒရိုင်ဘာများ၏ အနိုင်ကျင့်သမျှကို ငုံ့ခံနေရသော မြန်မာလူထုသည် ဤလိုသိပုံမပေါ်။ ထိုင် ၂၈ ဦး၊ ရပ် ၁၂ ဦးဟု သတ်မှတ်ထားလျှင် ပိုတင်ပါက ကန့်ကွက်နိုင်သည်။ မလိုက်နာလျှင် တရားစွဲနိုင်သည်။ ရထားဘူတာတို့၊ ကားဆိပ်တို့၊ လေယာဉ်ကွင်းတို့မှာ ကားဝင်ကြေးပေးနေရလျှင် ကန့်ကွက်ရမည်။ မရလျှင် တရားစွဲရမည်။ စားသုံးသူကို အပိုဝန်ပိစေမှုဖြင့်ဖြစ်သည်။

**အခွင့်အရေးအပြည့်အဝသိမ်းပိုက်ထား**

ဤသို့ ကာကွယ်ပေးရန်မှာ Customer Protection Agency ခေါ် အစိုးရခန့်အဖွဲ့ တစ်ဖွဲ့ရှိမှဖြစ်သည်။ စားသုံးသူများကို ကာကွယ်ပေးသည့်ဥပဒေ ပြဋ္ဌာန်းပြီးရှိမရှိ ကျွန်တော်မသိပါ။ ပြဋ္ဌာန်းတာတွေ တအားများပြီး ဘာမှ ထိထိရောက်ရောက်မဖြစ်ခဲ့၍လည်းကောင်း၊ တချို့ဥပဒေများအတွက် နှစ်ချီကြာသည့်တိုင် နည်းဥပဒေထွက်မလာသေးသဖြင့်လည်းကောင်း၊ နည်းဥပဒေထွက်ထားသည့်ကိစ္စတချို့တွင် တာဝန်ရှိအဖွဲ့အစည်း မထူထောင်ရသေးခြင်း၊ ထူထောင်ပါသော်လည်း အလုပ်မလုပ်ကြခြင်း၊ လုပ်သော်လည်း (လူ့အခွင့်အရေးကိစ္စတွင် ဖြစ်သွားသည့် အရုပ်ဆိုးမှုကြီးလို) ထင်ရာလျှောက်လုပ်နေကြခြင်းမျိုးသာရှိ၍လည်းကောင်း၊ မြန်မာစားသုံးသူတို့မှာ အကာအကွယ်မဲ့လျက်ပင်ရှိနေသေးသည်။ ဝေးဝေးမကြည့်ပါနှင့်။ ရန်ကုန်မြို့လယ်(မြို့တော်ခန်းမတစ်ဝိုက်)မှ လူသွားလမ်း Pavement များ၊ စမ်းချောင်းလိုရပ်ကွက်မျိုးမှ လူသွားလမ်းများပေါ်တွင် လမ်းလျှောက်သူအခွင့်အရေးက လုံးဝဆိတ်သုဉ်းနေသည်။ ကျူးကျော်ဈေးသည်များက အခွင့်အရေးအပြည့်အဝသိမ်းပိုက်ထား(ဝယ်ယူထား)၍ ဖြစ်သည်။

တာဝန်ရှိသူများက တာဝန်မကျေကြသောကြောင့် ကြားဝင်ပြောပြောနေရသည်မှာ ပျော်စရာအလုပ်မဟုတ်ပါ။ အားလည်းနာပါသည်။ လူထုအစိုးရမဟုတ်ခဲ့သူများက လူထုကို မကာကွယ်ခဲ့တာ ဘာမှမပြောလိုပါ။ လူထုအစိုးရဆိုသူများကတော့ လူထုအတွက် လုပ်ကြဖို့လိုပါသည်။

၆

လူငယ်များအတွက် စာပေအညွှန်းပေးလိုပါသည်။

လူငယ်ဆိုသည်မှာ အိပ်မက်များဖြင့်တက်ကြွနေသော အင်အားစုဖြစ်သည်။ ရေးရန်မလွယ်သော စာပေ ၄ မျိုးတွင် လူငယ်စာပေလည်းပါသည်။ (ကျန် ၃ မျိုးမှာ ကလေးစာပေ၊ ကဗျာနှင့် အက်ဆေးတို့ဖြစ်သည်)

**လက်ဆင့်ကမ်းသော စာပေများက ပိုတန်ဖိုးကြီး**

လူငယ်များအတွက် အားဖြည့်လမ်းညွှန်စာအုပ်များ တော်တော်ထွက်ခဲ့သော်လည်း အားလုံးက လေးစားလောက်သည်မဟုတ်ပါ။ ကျန်းမာရေးဂရုစိုက်ကြ၊ အားကစားလိုက်စားကြ၊ မိဘဆရာရိုသေကြ၊ ဘာသာရေးအဆုံးအမလိုက်နာကြ၊ စာသင်ကြဆိုတာမျိုးကို ရှေးဟောင်းဥပမာတွေ ကူးချကိုးကားတွေနှင့် ဝေ့လည်လည်လုပ်သော ဝေလေလေလမ်းညွှန်တွေရှိတတ်သည်။ ကိုယ်တိုင်ကျင့်သုံးအောင်မြင်ပြီးမှ နည်းကောင်းပေးသော လူငယ်စာပေ အစစ်တွေလည်းရှိပါသည်။

အောင်မြင်သူများ၏ အတ္ထုပ္ပတ္တိများကို ဖတ်ရာတွင် လိမ်ညာမှုဘယ်လောက်ပါသလဲဆိုတာ မိဘများက စိစစ်ပြီး ညွှန်ကြားသင့်သည်။ တောလုံးပြောင် တောင်ကတုံးဝိဇ္ဇာတွေက သူတော်ကောင်းယောင်ဆောင်သော စာကို စိစစ်ရမည်။ လက်ဖြန့်စာဖြင့် အသက်ရှင်နေရသူများ ပြုစုသည့် ကူးချတက်ကျမ်းများကို သတိထားရမည်။ ပညာရပ်တစ်ခုခု၊ အားကစားတစ်ခုခု၊ အနုပညာတစ်ခုခုတွင် ကိုယ်ပိုင်ဟန်ဖြင့် ကြိုးစားရင်း ထိပ်တန်းရောက်လာသူများထံမှသာ လမ်းညွှန်အစစ်ကို ရနိုင်ပါသည်။ ဝေလေလေ ကူးချလူငယ်လမ်းညွှန်များနှင့်စာလျှင် ကိုယ်တွေ့အောင်မြင်မှုများကို လက်ဆင့်ကမ်းသော စာပေများက ပိုတန်ဖိုးကြီးသည်။ ကိုယ်တွေ့ကျရှုံးမှုများကို အရင်းအတိုင်းရေးပြဖော်ရလျှင်ပင် ကျေးဇူးတင်ရပေမည်။ လူငယ်များနှင့် မိဘများသို့ ဝါကျွတ်လက်ဆောင် ဖြစ်ပါ၏။ ။

# လက်ပံတပင်ကျေးရွာတွင် မြစ်ရေတိုက်စားမှုကြောင့် မြေကေပေါင်းများစွာနှင့် စိုက်ပျိုးသီးနှံမျိုးစုံ ပျက်စီးဆုံးရှုံးခြင်းများ ကြုံတွေ့နေရ

**မင်းဘူး အောက်တိုဘာ ၂၉**

ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် လုပ်စားမြေနုကျွန်း ဧကပေါင်း ၁၀၀ ခန့်နှင့် စားဝတ်နေရေးအတွက် အဓိက စိုက်ပျိုးထားသော ရာသီပေါ်သီးနှံပင်များ ပျက်စီးဆုံးရှုံးမှုကြောင့် မင်းဘူး စကုမြို့နယ် လက်ပံတောအုပ်စု လက်ပံတပင်ကျေးရွာနေ တောင်သူများ အခက်ခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

လက်ပံတပင်ကျေးရွာတွင် နေထိုင်သော ကျေးရွာလူထုမှာ နှစ်ပေါင်းများစွာကပင် မြေနုကျွန်းများကိုသာ အမှီပြု၍ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ရာသီပေါ်သီးနှံများကို စိုက်ပျိုးလုပ်ကိုင်လာခဲ့ပြီး ကျေးရွာတွင် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ ရှားပါးကာ မြေနုကျွန်းများ မြစ်ရေတက်ချိန် ရေအောက်ရောက်ရှိသွားစဉ်ကာလသာ စိုက်ပျိုးခြင်းကိုနားပြီး နွေရာသီ ရေခန်းသောအချိန်တွင်လည်း စက်ရေတွင်းများဖြင့် ရေသွင်းစိုက်ပျိုးလုပ်ကိုင်ပြီး လူမှုရေး၊ ကျန်းမာရေး၊ ကလေးငယ်များ ပညာရေးတို့အတွက် ကျွန်းပေါ်မှ ထွက်ရှိသော ကောက်ပဲသီးနှံများကို နီးစပ်ရာမြို့ရှိ ပွဲရုံများသို့ ရောင်းချပြီး စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြကြောင်း သိရသည်။

"အရင်က တစ်ခါမှမကြုံဖူးဘူး။ ရေကြီးလို့ပြန်ကျသွားရင် ကျွန်းတွေပေါ်လာတာနဲ့ စိုက်ပျိုးဖို့လုပ်ကိုင်ကျတာပဲ။



ဒီနှစ်ကျမှ အရှေ့အနောက်ညှပ်ပြီး မြစ်ရေတိုက်စားလာတာ နှစ်ကြိမ်ရှိသွားပြီ။ ကျွန်းပေါ်မှာ နေထိုင်တဲ့အိမ်တွေလည်း ခဏခဏ ပြန်ဆောက်နေထိုင်ရတယ်။ ဒီကျွန်းတွေကိုသာ အသက်မွေးဝမ်းကျောင်းပြုနေရတော့ ရွာကလူတွေလည်း မစွန့်နိုင်ကြဘူးလေ။ အရင်ရွာဟောင်းကဘုန်းကြီးကျောင်းနဲ့ ခုံခုံထည်ထည် ဒီနေရာမှာရှိခဲ့တော့ ရေဘေးကြောင့်သာ ရွာသစ်မှာနေရတာ တစ်ရွာလုံးက သံယောဇဉ်ရှိနေတယ်လေ။ ဒါကြောင့် ဝါဆိုဝါခေါင် ရေကြီးချိန်မှာလည်း ကျွဲနွားတွေကိုသာ ရွှေ့ပြောင်းပြီး လူတွေက ရေထဲမှာ လှေတွေနဲ့ နေကြတယ်။ ခုလိုမြစ်ရေတိုက်စားပြီး ကျွန်းတွေ ကမ်းပါးပြိုတဲ့ထဲပါသွားတော့ ကျေးရွာလူထုမှာ အခက်အခဲတွေနဲ့ ကြုံရပြီလေ။ ရွာက အုပ်ချုပ်ရေးမှူးကလည်း သက်ဆိုင်ရာကို တင်ပြခြင်းမရှိဘူး။ ကမ်းပါးတွေက ခုထိပြိုတုန်းပါ။ စိုက်ပျိုးသီးနှံတွေအပါအဝင် လုပ်စားမြေဧရိယာ ဧက ၁၀၀ ခန့် ပျက်စီးရှုံးဆုံးမှုကို ကျေးရွာတောင်သူတွေ ခံစားနေရပါတယ်"ဟု လက်ပံတပင်ရွာနေ ဦးအုန်းမောင်က ပြောသည်။

ပြီးခဲ့သည့်ရက်က မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုရာတွင် တောင်သူများစိုက်ပျိုးထားသော ဆွတ်ခူးခါနီး ကြက်ဟင်းခါးသီး၊ ဘူးသီး၊ ဖရုံသီးများမှာ ပေါ်ဦးပေါ်စ သီးနှံများဖြစ်ပြီး ဈေးကောင်းရသော အချိန်ဖြစ်သောကြောင့် မိမိတို့ပင် ချက်ပြုတ်စားသောက်ရန် နှမြောနေသောအချိန်တွင် ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း ကျေးရွာလူထုက ပြောပြသည်။

မင်းဘူး စကုမြို့နယ် လက်ပံတောအုပ်စု လက်ပံတပင်ကျေးရွာနေ တောင်သူများမှာ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကာ မြေနုကျွန်းများ ပျက်စီး၍ လုပ်ကိုင်စားသောက်မြေ အခက်အခဲများဖြစ်ပေါ်နေခြင်းနှင့်အတူ တစ်ဖက်ကျေးရွာဖြစ်သော ရွာသားကျေးရွာနှင့်ဖြစ်ပွားသော မြေနုကျွန်း အငြင်းပွားမှုတွင်လည်း မိမိတို့စိုက်ပျိုးထားသော သီးနှံများ ဖျက်ဆီးခံရပြီး တရားစွဲဆိုခြင်းများပါ ပြုလုပ်ထားရပြီး သက်ဆိုင်ရာမြေစာရင်းဌာနက တိကျသည့် တိုင်းတာမှုများ ဆောင်ရွက်မပေးဘဲ နှစ်ဖက်မစိုက်ပျိုးရန်သာ အချိန်ကြာမြင့်စွာ တားမြစ်ထားခြင်းကြောင့် ကျေးရွာလူထုမှာ အဘက်ဘက်က ဆုံးရှုံးနစ်နာမှုများသာ ခံစားနေရကြောင်း ဦးအုန်းမောင်က ထပ်မံပြောသည်။

**ပိုင်ဇေ(မကွေး)**

# မဲခေါင်-ဧရာဝတီ ချစ်ကြည်ရေးစက်ဘီးစီးအဖွဲ့အား ကြိုဆို ချစ်ကြည်ရေးလက်ဆောင်များ အပြန်အလှန်လဲလှယ်

**မန္တလေး အောက်တိုဘာ ၂၉**

မဲခေါင်-ဧရာဝတီချစ်ကြည်ရေး Mr.Sophon ဦးဆောင်သော ထိုင်းနိုင်ငံအပျော်တမ်း စက်ဘီးစီးအဖွဲ့မှ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး သုံးဦး ပါဝင်သော အဖွဲ့သည် အောက်တိုဘာ ၂၅ ရက်က ပြင်ဦးလွင်မြို့မှတစ်ဆင့် မန္တလေးမြို့သို့ ရောက်ရှိခဲ့သည်။ အောက်တိုဘာ၂၆ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၉)လမ်းနှင့် လမ်း (၇၀)ထောင့်ရှိ ပန်းသခင်ကဖေးခန်းမတွင် မန္တလေးအပျော်တမ်းစက်ဘီးစီးအဖွဲ့က ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ထိုင်းနိုင်ငံအပျော်တမ်း စက်ဘီးစီးအဖွဲ့ခေါင်းဆောင်က မဲခေါင်-ဧရာဝတီချစ်ကြည်ရေး စက်ဘီးခရီးစဉ်နှင့် မြန်မာနိုင်ငံဖြတ်သန်း စီးနင်းစဉ် ကြိုဆိုအားပေးမှုများအတွက် ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး အပျော်တမ်းစက်ဘီးစီးအဖွဲ့က ထိုင်းနိုင်ငံချစ်ကြည်ရေး စက်ဘီးစီးအဖွဲ့အား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး မှတ်တမ်းဓာတ်ပုံရိုက်ကူးသည်။ ဆက်လက်၍သတင်းမီဒီယာများ၏ စက်ဘီးခရီးစဉ်နှင့်ပတ်သက်သော မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ထိုင်းချစ်ကြည်ရေးစက်ဘီးစီးအဖွဲ့တွင် အသက် (၇၀)ကျော် သက်ကြီးစက်ဘီးဝါသနာရှင်တစ်ဦးပါဝင်ပြီး မိုင် ၂၉၀၀ ကျော်ကို ၁၅ ရက်ဖြင့် စီးနင်းမည်ဖြစ်သည်။ ထိုင်းချစ်ကြည်ရေးအဖွဲ့သည် မော်လမြိုင်သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာသွားပြီး မော်လမြိုင်-မြဝတီခရီးစဉ်စီးနင်းကာ အောက်တိုဘာလကုန်တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# စက်ရုံ၊ အလုပ်ရုံများ၏ စွမ်းအင်ထိရောက်စွာအသုံးပြုနိုင်ရေး အခမဲ့သင်တန်းများ ရန်ကုန်နှင့် မန္တလေးတွင် ဆက်တိုက်ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂၉**

စက်ရုံ၊ အလုပ်ရုံများတွင် စွမ်းအင်ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် အခြေခံအချက်အလက်များ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လိုအပ်ချက်များကို သင်ကြားပေးလျက်ရှိသည့် အခမဲ့သင်တန်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် စဉ်ဆက်မပြတ်ဆက်တိုက်ပို့ချသွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။

စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO) တို့ ပူးပေါင်း၍ စက်မှုလုပ်ငန်း/စီးပွားရေးလုပ်ငန်းများတွင် စွမ်းအင်စနစ် အထိရောက်ဆုံးအသုံးပြုခြင်းဆိုင်ရာ (Energy System Optimization) သင်တန်းများကို အခမဲ့ပို့ချလျက်ရှိရာ Energy Management Level နှစ်ရက်သင်တန်းများကို နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တွင် ရန်ကုန်မြို့၌လည်းကောင်း၊ နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မန္တလေးမြို့၌လည်းကောင်း အခမဲ့ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဟု ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO)မှ သိရသည်။

အဆိုပါ သင်တန်းများသို့ စွမ်းအင်ကုန်ကျစရိတ် လျှော့ချလိုသောစက်ရုံ၊ အလုပ်ရုံများ၊ စွမ်းအင်မန်နေဂျာများအဖြစ် မိမိဝန်ထမ်းများကို လေ့ကျင့်ပေးလိုသောစက်ရုံ၊ အလုပ်ရုံများ၊ ISO 50001 Certification Process နှင့်အညီ Upgrade ပြုလုပ်လိုသောစက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုရေးပညာရပ်ကိုစိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းသိရသည်။ အဆိုပါ သင်တန်းကို နိုင်ငံတကာစွမ်းအင်ဆိုင်ရာ ကျွမ်းကျင်သူမှ သင်ကြားပေးမည်ဖြစ်ပြီး User နှင့် Expert Level သင်တန်းများတက်ရောက် အောင်မြင်ပြီးပါက Energy Efficiency Expert အဖြစ် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ဖွင့်လှစ်မည့် သင်တန်းကိုအမှတ် ၃၅ ဘီ/၁၅၊ တက္ကသိုလ်ရိပ်သာလမ်းသစ် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန စက်မှုဝန်ကြီးဌာနရုံးတွင် ဖွင့်လှစ်မည်ဖြစ်ပြီး မန္တလေးမြို့တွင် ဖွင့်လှစ်မည့်သင်တန်းကို နဒီမြန်မာဟိုတယ် (၆၂)လမ်း (၃၆)လမ်းနှင့် (၃၇)လမ်းကြားတွင် ဖွင့်လှစ်မည်ဖြစ်ပြီးသင်တန်းချိန်မှာ နံနက် ၈ နာရီမှ ညနေ ၄နာရီခွဲအထိ ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် လျှောက်လွှာများကို www.ieemyanmar.com/ page_id=4452တွင် ဒေါင်းလုဒ်ရယူ၍ email: A.Zin@unido.org, T.OO@unido.orgသို့ ပေးပို့နိုင်ပြီး ဖုန်းနံပါတ် ၀၉-၄၂၁၁၃၁၀၈၅ နှင့် ၀၉၅၁၉၀၉၇၉ တို့သို့ နိုဝင်ဘာ ၁၀ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(၀၀၁)**



# နယ်ထိန်း (အခြားအဆင့်) မွမ်းမံသင်တန်းဆင်း

**မော်လမြိုင် အောက်တိုဘာ ၂၉**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော နယ်ထိန်း (အခြားအဆင့်)မွမ်းမံသင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၇ ရက်က မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ကျင်းပရာ သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ကိုယ်စား ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရသင်တန်းသားများအား ဆုများချီးမြှင့်ခဲ့သည်။




အလားတူ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော လူထုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း(ဆင့်ပွား) သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၄ ရက်က မော်လမြိုင်မြို့နယ်ရှိ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ အတ္တရံသင်တန်းခန်းမ၌ကျင်းပရာ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုး တက်ရောက်အမှာစကား ပြောကြားပြီး ထူးချွန်ဆုရတပ်ဖွဲ့ဝင်များအား ဆုများချီးမြှင့်ခဲ့သည်။ **(၁၀၇)**

# ပန်းချီဆရာကြီးဦးဇော်ဝင်း(သစ်ထွင်း) ပန်းချီပြပွဲကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၉**

ပန်းချီဆရာကြီးဦးဇော်ဝင်း (သစ်ထွင်း) (၇၂) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ပန်းချီပြပွဲကို မန္တလေးတောင်ပန်းချီပြခန်းတွင် နိုဝင်ဘာ ၅ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မွေးနေ့ပန်းချီပြပွဲတွင် ပန်းချီကား ၃၂ ကား ပါဝင်ပြသမည်ဖြစ်ပြီး ရေဆေးပန်းချီ ၂၂ ကားနှင့် အက်ခရိုင်လစ်ပန်းချီ ၁၀ ကား ပါဝင်ပြမည်ဖြစ်ကြောင်း သိရသည်။

"ပန်းချီပြပွဲတွေကတော့ မကြာခဏ ပြဖြစ်ပါတယ်။ မွေးနေ့အထိမ်းအမှတ်အနေနဲ့ ပြတာကတော့ ဒါပထမဦးဆုံးအကြိမ်ပါ။ ဆရာ့မွေးနေ့က နိုဝင်ဘာ ၇ ရက်မှာ ကျရောက်မှာဖြစ်ပါတယ်။ သစ်ထွင်းဆီဆေးတွေကိုမပြဘဲ ရေဆေးသီးသန့်ပြသချင်လို့ အခုလို ရေဆေးကားအများဆုံး ပါဝင်ပြသခဲ့တာပါ"ဟု ဆရာကြီးဦးဇော်ဝင်း(သစ်ထွင်း)က ပြောသည်။

ဆရာကြီးအား ၁၉၄၄ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်ပိကျေးရွာတွင် သခင်သိုက်ထွန်း(မြောင်းမြ) ဒေါ်ပိုက်စိန်တို့မှ မွေးဖွားခဲ့သည်။ ငယ်စဉ်ကတည်းက ပန်းချီပညာကို ဝါသနာပါကာ ၁၉၆၂ ခုနှစ်တွင် (ရန်ကုန်) ပန်းချီပန်းပုကျောင်းသို့ စတင်တက်ရောက်ခဲ့ပြီး (၁၉၆၅-၁၉၆၇) ခုနှစ်တွင် တရုတ်နိုင်ငံ ပီကင်းဗဟိုအနုပညာသိပ္ပံကျောင်းသို့ ပညာသင်စေလွှတ်ခြင်းခံရသည်။ သစ်ထွင်းပန်းချီပညာရပ်ကို အထူးပြုလေ့လာသင်ကြားကာ ၁၉၉၀ ပြည့်နှစ်တွင် မန္တလေးပန်းချီပန်းပုကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၉ မှ ၂၀၀၂ ခုနှစ်အထိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပန်းချီဌာနတွင် ပန်းချီကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တစ်ကိုယ်တော်ပြပွဲ ငါးကြိမ်ပြသကာ စုပေါင်းပန်းချီပြပွဲပေါင်းများစွာ ပါဝင်ပြသခဲ့သည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## PSY၏ တေးဗီဒီယိုသစ် ထွက်ရှိမည်

တောင်ကိုရီးယားမှာသာမက ကမ္ဘာတစ်ဝန်းမှာကျော်ကြားခဲ့တဲ့ တောင်ကိုရီးယားတေးသံရှင် PSY ဟာ သူ့ရဲ့တေးဗီဒီယိုသစ်တစ်ကားကို ရိုက်ကူးရန် စီစဉ်လျက်ရှိကြောင်း PSY ရဲ့အေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့တယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ယင်းတေးဗီဒီယိုရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကို မကြာမီစတင်တော့မှာဖြစ်ပြီး ယင်းတေးဗီဒီယို စတင်ဖြန့်ချိမယ့်နေ့ကို ရိုက်ကူးရေးတွေအဆုံးသတ်ခါနီးအချိန်မှ ထုတ်ပြန်ပေးသွားမှာဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဒါ့အပြင် PSY ဟာ လာမယ့်ခရစ္စမတ်အကြိုညချမ်းမှာ ဖျော်ဖြေပွဲပြုလုပ်ဖို့ အစီအစဉ်ဆွဲပြီးဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီဇင်ဘာ ၂၃ နဲ့ ၂၄ရက်တွေမှာ ဆိုးလ်မှာ နှစ်ရက်ကြာဖျော်ဖြေဖို့ စီစဉ်ထားတဲ့ အဆိုပါဖျော်ဖြေပွဲကို "All Night Stand 2016"လို့ အမည်ပေးထားကြောင်း သိရပါတယ်။

**အေးပြည့်**

## တေလာဆွစ်ရဲ့ ပုံရိပ်များလွှမ်းမိုးနေတဲ့ ကယ်လ်ဗင်ဟဲရစ်ရဲ့ ဂီတဗီဒီယို


စကော့တလန်ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်ရဲ့ " My Way " လို့အမည်ရတဲ့ ဂီတဗီဒီယိုမှာ ချစ်သူဟောင်း တေလာဆွစ်ရဲ့ ပုံရိပ်တွေသာ လွှမ်းခြုံနေတာကို တွေ့ရပါတယ်။ ဒီဗီဒီယိုကိုကြည့်ရင် တေလာဆွစ်ရိုက်ကူးခဲ့တဲ့ အမ်တီဗီ ပုံစံတွေနဲ့ တစ်ထပ်တည်းနီးပါး တူညီနေတယ်ဆိုတာ ထင်ထင်ရှားရှား မြင်တွေ့ရမှာဖြစ်ပေမယ့် ဟဲရစ်ကတော့ ဒီကိစ္စရပ်ကို ငြင်းဆိုခဲ့ပါတယ်။

ပထမဦးဆုံးအနေနဲ့ ဟဲရစ်နဲ့ တွဲဖက်ခဲ့တဲ့ သရုပ်ဆောင်အမျိုးသမီးရဲ့ ဝတ်စားဆင်ယင်ပုံတွေ အားလုံးဟာ တေလာဝတ်ဆင်ပုံနဲ့ ဆင်တူယိုးမှား ဖြစ်စေတဲ့အထိ တူညီတဲ့အနေအထားပါ။ နောက် မြင်းပေါ်တက်ပြီး မတ်တတ်ရပ်နေတဲ့ ပုံစံတွေ၊"Bad Blood " အမ်တီဗီက တေလာဝတ်ဆင်ခဲ့တဲ့ သားရေထည်ဂါဝန်တို ဝတ်ဆင်ပုံတွေအားလုံးဟာ ဟဲရစ်ရဲ့ စိတ်မှာ တေလာဆွစ်ဘယ်လောက် လွှမ်းမိုးခဲ့တယ်ဆိုတာ သိသာစေပါတယ်။

ဟဲရစ်နဲ့ တေလာဆွစ်တို့ တစ်နှစ်ကျော်လောက်တွဲခဲ့ကြပေမယ့် သူတို့နှစ်ယောက် လမ်းခွဲခဲ့ကြပြီလို့ ဇွန်လကတည်းက People က စတင်ဖော်ပြခဲ့ပြီး နောက်ပိုင်း သူတို့နှစ်ဦး ဇာတ်လမ်းလုံးဝပြီးပြတ်သွားပြီလို့ စက်တင်ဘာလအတွင်း ဟဲရစ်ဘက်က စတင်အတည်ပြုခဲ့ပါတယ်။

ဒရိတ်ရဲ့ အောက်တိုဘာ ၂၃ ရက်မှာ ကျရောက်တဲ့မွေးနေ့မှာ တေလာကိုတွေ့ကြရပြီးနောက် ဒီကိစ္စရပ်အပေါ် ရည်းစားများတဲ့ ဟဲရစ်ဘက်က မနာလိုဖြစ်စရာ မရှိနိုင်ဘူးလို့ သုံးသပ်ကြပေမယ့် ခု "My Way " ဂီတဗီဒီယိုမှာ တေလာရဲ့ အရိပ်တွေသာတွေ့ခဲ့ကြရပြီးချိန်မှာတော့ ဟဲရစ်ရဲ့ အခြားချစ်သူရည်းစားဟောင်းတွေအပေါ်ထားတဲ့ သဘောထားနဲ့ တေလာအပေါ်ထားတဲ့ သဘောထား မတူညီဘူးလို့တော့ ယေဘုယျမှတ်ချက်ရတော့မှာပါ။

**မေလှဲ့သင်း**



## အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်းကြေညာခဲ့တဲ့ Rainbow



တောင်ကိုရီးယားအမျိုးသမီးပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Rainbow"က အဖွဲ့ကိုဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၂၈ ရက်က ယင်းအဖွဲ့ရဲ့အေဂျင်စီဖြစ်တဲ့ ဒီအက်စ်ပီမီဒီယာက ကြေညာခဲ့ပါတယ်။

ယခုလိုအဖွဲ့ကိုဖျက်သိမ်းရတဲ့အကြောင်းအရင်းကတော့ အဖွဲ့ဝင်တွေဟာ မိမိတို့မီဒီယာနဲ့ စာချုပ်အသစ်ထပ်မံချုပ်ဆိုခြင်း မရှိတော့ဘဲ အဖွဲ့ဝင်တွေဟာ အနုပညာခရီးကို သီးခြားစီဆက်လက်လျှောက်လှမ်းလိုတဲ့အတွက် အေဂျင်စီနဲ့ လမ်းခွဲခဲ့တာဖြစ်ကြောင်း အဖွဲ့ရဲ့အေဂျင်စီက ပြောကြားခဲ့တယ်လို့ စွန်ပီဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အဖွဲ့ဝင် ခုနစ်ဦးပါဝင်တဲ့ "Rainbow"အဖွဲ့ဟာ ဂီတခရီးမှာ ခုနစ်နှစ်ကြာလျှောက်လှမ်းပြီးတဲ့နောက် အဖွဲ့ကို ဖျက်သိမ်းခဲ့တာဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ အဆိုပါတေးဂီတအဖွဲ့ဟာ ပရိသတ်အားပေးမှုကို အထိုက်အလျောက်ရရှိခဲ့ကာ တေးဂီတအပြင် ရုပ်သံအစီအစဉ်တွေနဲ့ သရုပ်ဆောင်နယ်ပယ်အထိပါ ခြေဆန့်နိုင်ခဲ့ပေမယ့်လည်း လာမယ့်နိုဝင်ဘာ ၁၂ ရက်မှာ စာချုပ်သက်တမ်း ပြည့်ပြီမို့ အဖွဲ့ရဲ့လှုပ်ရှားမှုတွေ ရပ်တန့်သွားခဲ့ပြီဖြစ်ပါတယ်။

**အေးပြည့်**

## မရိုင်ယာကာရေးရဲ့ လျှို့ဝှက်အချစ်တဲ့လား



နာမည်ကျော်ပေ့ါပ်အဆိုတော် မရိုင်ယာကာရေးတစ်ယောက် ဘီလျံနာသူဌေး ဂျိမ်းစ်ပါကားနဲ့ ဇာတ်လမ်းတစ်ခန်းရပ်သွားခဲ့ပြီလို့ အောက်တိုဘာ ၂၇ ရက်မှာ သတင်းတွေထွက်ပေါ်လာပြီးနောက် နှစ်ရက်အကြာမှာပဲ မရိုင်ယာကာရေးရဲ့ လျှို့ဝှက်ချစ်သူဆိုတာကို အီးနယူးစ်အွန်လိုင်းသတင်းက ထုတ်ဖော်ပြလိုက်ပါတယ်။ မရိုင်ယာက ဒီလိုသတင်းတွေ ထွက်နေပေမယ့် ပါကားပေးထားတဲ့ ဒေါ်လာ ၁၀ သန်းတန် စေ့စပ်လက်စွပ်ကို ဝတ်ဆင်ထားဆဲဖြစ်သလို သူနဲ့ ကလေးနှစ်ယောက် နယူးယောက်ကနေ လော့စ်အိန်ဂျလိစ်မြို့ကိုသွားရတဲ့ ခရီးစရိတ်အတွက် ပါကားဆီက ဒေါ်လာသန်း ၅၀ ရလိုကြောင်း တောင်းဆိုထားတယ်လို့ သိရပါတယ်။

မရိုင်ယာနဲ့ ပါကားတို့ အခုလို ပြတ်စဲခဲ့တာက မရိုင်ယာနဲ့ အကပညာရှင် ဘရိုင်ယန်တာနာကာတို့ရဲ့ ရင်းနှီးလွန်းတဲ့ ဆက်ဆံရေးကြောင့် ဖြစ်ပါတယ်။ ပါကားက ဒီကိစ္စရပ်အပေါ် သဝန်တိုလွန်းပြီး တာနာကာနဲ့ ဆက်ဆံရေးကို မဖြတ်တောက်နိုင်တဲ့ မရိုင်ယာက ပါကားကို စွန့်လွှတ်ပြီး တာနာကာကို ရွေးချယ်ခဲ့တယ်လို့ ဒီသတင်းရင်းမြစ်ကပဲ ဖော်ပြပါတယ်။

တာနာကာဟာ နာမည်ကျော် အကပညာရှင်တစ်ဦးဖြစ်ပြီး ရီဟားနား၊ အစ်ဂီအက်ဇာလီယာနဲ့ ဘီယွန်စေးတို့နဲ့လက်တွဲ အလုပ်လုပ်နေသူပါ။ ဒါပေမယ့် မရိုင်ယာနဲ့ တာနာကာတို့ဟာ ၂၀၀၆ ခုနှစ်လောက်ကတည်းက ရင်းနှီးနေခဲ့တာဖြစ်ပြီး အခုလိုပါကားနဲ့ အကွဲအပြဲဇာတ်လမ်း ထွက်ပေါ်နေသူမရိုင်ယာဘေးမှာ တာနာကာတစ်ယောက် အချိန်ပြည့်နီးပါးရှိနေတာကလည်း သူတို့နှစ်ဦးကြားဆက်ဆံရေးကို လူသိရှင်ကြားဖြစ်စေခဲ့တဲ့ အနေအထားပါ။

ဒါ့အပြင် တာနာကာ အင်စတာဂရမ်ပေါ်မှာ ရေးသားခဲ့တဲ့ စာသားတွေကြောင့် မရိုင်ယာရဲ့ ချစ်သူဟာ တာနာကာဆိုတာကို ပိုပြီး ရုပ်လုံးကြွသွားစေခဲ့ပါတယ်။ အသက်(၄၆)နှစ်ရှိပြီဖြစ်တဲ့ မရိုင်ယာမှာ အမွှာကလေးနှစ်ဦးရှိပြီး ဒီကလေးနှစ်ဦးနဲ့ မရိုင်ယာတို့ Halloween Day အထိမ်းအမှတ်ပွဲကို တက်ရောက်လာချိန်မှာ တာနာကာ ယှဉ်တွဲပါလာတာကို တွေ့ကြရပါတယ်။ သူတို့နှစ်ဦးချစ်ကြိုက်နေတဲ့ သတင်းကို ကာယကံရှင်တွေက ဝန်ခံခြင်းမရှိကြပေမယ့် မရိုင်ယာနဲ့ ပါကားတို့တရားဝင် ပြတ်စဲပြီးရင် တာနာကာဘက်က ဒီကိစ္စရပ်ကို စတင်ဝန်ခံလိမ့်မယ်လို့ မှန်းဆချက်တွေ ထွက်ပေါ်နေပါတယ်။

**မေလှဲ့သင်း**

## မြဝတီရုပ်မြင်သံကြား

**၃၀-၁၀-၂၀၁၆(တနင်္ဂနွေနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၅ | ဓမ္မပူဇာတေး |
| ၇း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၁၅ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | အင်္ဂလိပ်စာသုတ |
| ၉း၁၀ | World Wide Web |
| ၉း၄၅ | အမှတ်တရနေ့ရက်လေးများ |
| ၁၀း၂၀ | Guide For You |
| ၁၀း၃၀ | Cooking Art |
| ၁၀း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၁း၀၀ | English For Myanmar |
| ၁၁း၁၀ | မျိုးချစ်တပ်မတော် |
| ၁၁း၁၅ | Lucky Door |
| ၁၂း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်ခွန်းသီတဲ့နှောင်ကြိုးတစ်မျှင် အပိုင်း(၄) |
| ၁၃း၁၉ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရေသူမရဲ့ခြေရာများ အပိုင်း(၉) |
| ၁၄း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၄း၃၅ | ပျိုပျိုမေ |
| ၄း၅၀ | Run & Cook |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၆၆) |
| ၅း၄၅ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |
| ၆း၁၀ | ဘဝကြေးမုံ |
| ၆း၃၅ | လူစွန့်စားခရီးသွားနေသည် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြစ်တစ်စင်းရဲ့အလင်္ကာ အပိုင်း(၆၁) |
| | - VOA အင်္ဂလိပ်စာသင်ခန်းစာ |
| | - ပဟေဠိနန်းတော် |
| | - ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် |
| | - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| | - အကြင်နာမျက်ဝန်း အပိုင်း(၁၇) |

## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

**၃၀-၁၀-၂၀၁၆(တနင်္ဂနွေနေ့)**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | Business News |
| ၈း၃၅ | "မင်္ဂလာရေခင်းတီးကွက်" (နိုင်ငံတော်ဆိုင်းအဖွဲ့နှင့် ဂီတာအောင်ရှိန်) |
| ၈း၅၀ | အောင်မြင်မှုပန်းတိုင်ဆီချီတက်ပြည်သူ့အတွက် (မြန်မာအင်ဂျင်နီယာများရဲ့ စွမ်းအား သံလွင်မြစ်ကူးတံတား) |
| ၉း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၉း၅၀ | ကဗျာရိပ်မြုံ "ဝလုံးရေးမယ်" |
| ၁၀း၀၀ | Sunday Talk |
| ၁၀း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၁၅ | "ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း" |
| ၁၁း၃၅ | "ခြင်မှကူးစက်ဇီကာဗိုင်းရပ်စ်" |
| ၁၂း၃၅ | This Week's Special Interest |
| ၁၂း၅၀ | ဖြူမည်းရုပ်ရှင် "သမီးချော" (ကောလိပ်ဂျင်နေဝင်း၊ ဇော်လွင်၊ ဝါဝါဝင်းရွှေ) (ဒါရိုက်တာ-မျိုးအောင်) |
| ၄း၃၅ | "ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ" (ကိုမြသိန်း) |
| ၅း၁၅ | ဂီတတံခါးလေးဖွင့်ပါဦး |
| ၆း၂၀ | "KARAOKE World Championships (KWC) Myanmar 2016" (Final, Part-2) |
| ၇း၁၅ | အိန္ဒိယရုပ်ရှင် "မြွေပျိုမယ်ရဲ့မာယာကလဲ့စား" (အပိုင်း-၃) |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၈း၃၅ | "ရှန်းကန်လှုပ်ရှားဘဝများ" (အန္တရာယ်ကြားက ချွေးစက်များ) |
| ၉း၀၀ | ပြည်တွင်းသတင်း -တစ်ခါက အနုပညာမှတ်တမ်းများ "လက်ဆင့်သွယ်ပေးတေးမေတ္တာ" -(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "မဟာဗုဒ္ဓဝင်တောထွက်ခန်း" [ဝါသနာရှင်(ပထမတန်း)အဆင့်] (ပထမဆု) (မန္တလေးတိုင်းဒေသကြီး) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ဒုတိယအကြိမ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၉**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့အောင်မြင်မှု ရရှိစေရန် ရည်ရွယ်၍ ဒုတိယအကြိမ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နေ့စဉ် နံနက် ၈ နာရီခွဲမှစ၍ ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ ကျင်းပခဲ့သည်။

Recurve အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် Compound အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ၊ ဗိုလ်လုပွဲစဉ်များကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဆုရရှိသူများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

### အောက်တိုဘာ ၃၀/၃၁ ရက် ယှဉ်ပြိုင်ကစားမည့် ပြိုင်ပွဲစဉ်များ

| | |
|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၁၀** | |
| အဲဗာတန် - ဝက်စ်ဟမ်း | ည - ၈း၀၀ |
| ဆောက်သမ်တန် - ချယ်လ်ဆီး | ည-၁၀း၃၀ |
| **လာလီဂါ ပွဲစဉ် - ၁၀** | |
| အီဘား - ဗီလာရီးယဲလ် | ညနေ-၅း၃၀ |
| ဘီဘာအို - အိုဆာဆူနာ | ည-၉း၄၅ |
| **စီးရီးအေ ပွဲစဉ် - ၁၁** | |
| အတ္တလန်တာ - ဂျီနိုအာ | ညနေ-၆း၀၀ |
| ခရိုတိုနီ - ချီယေဗို | ည-၈း၃၀ |
| အမ်ပိုလီ - ရိုးမား | ည-၈း၃၀ |
| လာဇီယို - ဆာဆူအိုလို | ည-၈း၃၀ |
| အေစီမီလန် - ပက်စ်ကာရာ | ည-၈း၃၀ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၉** | |
| ဟော့ဖန်ဟိမ်း - ဟာသာဘာလင် | ည-၉း၀၀ |
| ကိုလုံး - ဟမ်းဘတ် | ည-၁၁း၀၀ |

### အောက်တိုဘာ ၃၀ ရက် အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၁၀** | | | | |
| ဆန်းဒါးလန်း | ၁ | - | ၄ | အာဆင်နယ် |
| မန်ယူ | ၀ | - | ၀ | ဘန်လေ |
| မစ်ဒယ်ဘရော့ | ၂ | - | ၀ | ဘုန်းမောက် |
| စပါး | ၁ | - | ၁ | လက်စတာ |
| ဝက်ဖို့ဒ် | ၁ | - | ၀ | ဟားလ်စီးတီး |
| ဝက်စ်ဘရွန်း | ၀ | - | ၄ | မန်စီးတီး |
| **လာလီဂါ ပွဲစဉ် - ၁၀** | | | | |
| လီဂါနက်စ် | ၀ | - | ၂ | ဆိုစီဒက် |
| စပို့တင်းဂီဂွန် | ၁ | - | ၁ | ဆီဗီလာ |
| အလာဗက်စ် | ၁ | - | ၄ | ရီးယဲလ်မက်ဒရစ် |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၉** | | | | |
| မိုချင်ဂလက်ဘတ် | ၀ | - | ၀ | ဖရန့်ဖတ် |
| မိန့်ဇ် | ၂ | - | ၀ | အင်ဂေါ့စတက် |
| ဝုဖ်ဘတ် | ၁ | - | ၂ | လေဗာကူဆင် |
| အော့စ်ဘတ် | ၁ | - | ၃ | ဘိုင်ယန်မြူးနစ် |
| ဝါဒါဘရီမင် | ၁ | - | ၃ | ဖရိုင်းဘတ် |
| ဒမ်စတက် | ၀ | - | ၂ | လိုက်ပ်ဇစ် |

**မောင်မောင်ဇော်**

# မန်ယူအသင်းက ဆွာရက်ဇ်အား ပေါင် ၁၃၅ သန်းပေးခေါ်ယူမည်ဟု သတင်းများထွက်ပေါ်

မန်ချက်စတာမြို့ခံပြိုင်ဘက်နှစ်သင်းဖြစ်သည့် မန်စီးတီး အသင်းနှင့် မန်ယူအသင်းတို့သည် ဘာစီလိုနာအသင်းမှ ဥရုဂွေး တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်အား ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည့်အပြင် မန်ယူအသင်းကလည်း ဆွာရက်ဇ်အား ပေါင် ၁၃၅ သန်းပေး၍ ခေါ်ယူမည်ဆိုသည့် သတင်းများလည်း ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

မန်စီးတီးအသင်းသည် တိုက်စစ်မှူး ဆွာရက်ဇ်အား ၂၀၁၄ ခုနှစ်အတွင်းက လီဗာပူးအသင်းမှ ဘာစီလိုနာ အသင်းသို့ မပြောင်းရွှေ့မီကတည်းက ခေါ်ယူရန် စိတ်ဝင်စားနေခဲ့ပြီး လက်ရှိတွင် အသင်း၏အဓိက တိုက်စစ်မှူးတစ်ဦးဖြစ်သည့် အဂူရို၏နေရာတွင် အစားထိုး ကစားသမားအဖြစ် ဆွာရက်ဇ်အား ခေါ်ယူရန်ပစ်မှတ်ထား လာခြင်း ဖြစ်သည်။

မန်ယူအသင်းကလည်း ပီအက်စ်ဂျီအသင်းမှ ခေါ်ယူထားခဲ့သည့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ရာသီအစတွင် ဂိုးသွင်းနိုင်ခဲ့ပြီး နောက်ပိုင်းပွဲစဉ်များတွင် ဂိုးပေါက်ပျောက်ဆုံးခဲ့ခြင်းကြောင့် နည်းပြမော်ရင်ဟို အနေဖြင့် တိုက်စစ်မှူး ဆွာရက်ဇ်အား ရရှိမည်ဆိုပါက ပေါင် ၁၃၅ သန်းအထိပင် ပေး၍ခေါ်ယူမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။

တိုက်စစ်မှူး ဆွာရက်ဇ်သည် လက်ရှိတွင် ဘာစီလိုနာ အသင်းနှင့်အတူ ဘောလုံးရာသီသုံးရာသီသာ ကစားရသေးသော်လည်း လာလီဂါချန်ပီယံဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ တိုက်စစ်မှူး ဆွာရက်ဇ်သည် ယခုနှစ်ဘောလုံး ရာသီတွင် ဘာစီလိုနာအသင်းအတွက်သွင်းဂိုး ၁၀ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ပွဲပေါင်း ၅၃ ပွဲပါဝင်ကစားခဲ့ကာ သွင်းဂိုး ၅၉ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး ဆွာရက်ဇ်၏ စွမ်းဆောင်ရည်ကောင်းမွန်မှုနှင့်အတူ ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက လာလီဂါဖလားနှင့် စပိန်ကိုပါဒယ်ရေးဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်တွင်မူ ကွာတားဖိုင်နယ်အဆင့်၌ အက်သလက်တီကိုမက်ဒရစ်အသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

တိုက်စစ်မှူး ဆွာရက်ဇ်သည် လက်ရှိတွင် ကမ္ဘာ့အကောင်းဆုံးကစားသမားကိုပေးအပ်သည့် ဖီဖာဘလွန်းဒီအောဆုအတွက် ကြေညာခဲ့သည့် ကစားသမား ၃၀ စာရင်းတွင် ပါဝင်ခဲ့ပြီး အဆိုပါဆုအတွက် ရေပန်းစားလျက်ရှိရာ အင်္ဂလန်ဂန္ထဝင်ကစားသမားဟောင်းတစ်ဦးဖြစ်သူ မိုက်ကယ်အိုဝင်ကလည်း ဘလွန်းဒီအောဆုကို ဆွာရက်ဇ် ရရှိသင့်ကြောင်း ထောက်ခံပြောကြားခဲ့သည်။ **(ငွေကြယ်)**

## အားကစားလောကသတင်းတိုများ

- ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီနက်ဒင်ဇီဒန်းက ဂိုးသွင်းစွမ်းရည်ကျဆင်းနေသော သူ၏ ရီးယဲလ်တိုက်စစ်အတွဲဖြစ်သည့် ဘေးလ်- ဘင်ဇီမာ- စီရိုနယ်လ်ဒို (BBC) ကိုပင်ဆက်လက်ပွဲထွက် စေဦးမည်ဟု ပြောကြားခဲ့သည်။
- ဆီဗီလာတွင် အငှားဖြင့် လာရောက်ကစားနေသည့် ကွင်းလယ်လူ နာဆရီက မန်စီးတီးမှ ထွက်ခွာကာ ဆီဗီလာ၌ပင် အပြီးသတ်ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သိရသည်။
- ချယ်လ်ဆီးအသင်းသည် ပီအက်စ်ဂျီစတား ပရက်စ္စတိုကို လာမည့်ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်တွင် ခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။
- မန်ယူကစားသမားဟောင်းရှိုင်ယန်ဂစ်က လီဗာပူးအသင်းသည် ယခုနှစ်ပရီမီယာလိဂ်ချန်ပီယံဆုကို ၂၇နှစ်အတွင်း ပထမဦးဆုံးအကြိမ် ပြန်လည် ရယူနိုင်မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- တရုတ်လက်ရွေးစင်အသင်းနည်းပြအဖြစ် ခန့်အပ်ခံရသူ လစ်ပီ၏ တစ်နှစ်လုပ်ခလစာမှာ ပေါင် ၁၈ သန်းဖြစ်ပြီး ၎င်းက တရုတ်အသင်း ၂၀၁၈ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်ရေးအတွက် အားလုံးအားသွန်ခွန်စိုက် ကြိုးပမ်းသွားရန် တိုက်တွန်းပြောကြားခဲ့သည်။

# ရွှန်းနီ မန်ယူမှ ထွက်ခွာစရာ အကြောင်းမရှိဟု မော်ရင်ဟို ပြောကြား



တိုက်စစ်မှူး ဝိန်းရွှန်းနီကို အဲဗာတန်အသင်း နည်းပြရော်နယ်လ်ကိုးမန်းက ခေါ်ယူလိုသည်ဟု ပြောကြားခဲ့ပြီးနောက် မန်ယူနည်းပြ မော်ရင်ဟိုက ရွှန်းနီမှာ ထိပ်တန်းအဆင့်ခြေစွမ်းတစ်ရပ် ဆက်လက်ပိုင်ဆိုင်ထားဆဲဖြစ်သဖြင့် မည်သည့်အသင်းကိုမျှ ပြောင်းရွှေ့စရာ အကြောင်းမရှိကြောင်း တုံ့ပြန်လိုက်သည်။ ရွှန်းနီသည် အဲဗာတန်မှ မန်ယူသို့ ၂၀၀၄ ခုနှစ်တွင် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး သူ့အား ပြန်လည်ခေါ်ယူလိုသည်ဟု ပြောကြားလာသည့် ပထမဦးဆုံး ပရီမီယာလိဂ်အသင်းမှာလည်း အဲဗာတန်ဖြစ်နေသည်မှာ တိုက်ဆိုင်မှုတစ်ခုပင်ဖြစ်သည်။

အသက်(၃၁)နှစ်ရှိပြီဖြစ်သည့် ရွှန်းနီမှာ မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးသွားပြီးနောက် သူ၏ လတ်တလောအခြေအနေကို စောင့်ကြည့်နေသည့်ကလပ်အသင်းအများအပြား ထွက်ပေါ်လာခြင်းဖြစ်သည်။ ယခုရက်သတ္တပတ်အစောပိုင်းကပင် မော်ရင်ဟိုက ရွှန်းနီ ပုံမှန်ပွဲထွက်ကစားလိုလျှင် အသင်းပြောင်းရွှေ့ရန် ပြင်ဆင်တော့ဟု ပြောကြားခဲ့သဖြင့် ရွှန်းနီကို ကလပ်အသင်းအများအပြားက ကမ်းလှမ်းလာခဲ့ခြင်းဖြစ်သည်။

သို့သော် မော်ရင်ဟိုက ရွှန်းနီအပြောင်းအရွှေ့ကိစ္စကို သတင်းစာစောင်များက တစ်နေ့တစ်မျိုးမရိုးရအောင်ဖော်ပြနေခြင်းမှာ စာစောင်ရောင်းအားတက်ရေးအတွက်သာ လိမ်လည်ရေးသားနေကြသည်ဟု စွပ်စွဲပြောကြားခဲ့သလို ကမ္ဘာ့ထိပ်တန်းခြေစွမ်းရှိဆဲ ရွှန်းနီအနေဖြင့်မည်သည့်အသင်းကိုမျှ ပြောင်းရွှေ့ရန် မလိုအပ်ဟုလည်း ဆိုခဲ့သည်။

ရွှန်းနီနှင့် မန်ယူတို့ ချုပ်ဆိုထားသည့် စာချုပ်မှာ ၂၀၁၉ ခုနှစ် ဇွန်လအထိဖြစ်သော်လည်း ရွှန်းနီလာမည့် ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်တွင် အသင်းမပြောင်းဖြစ်လျှင် နွေဈေးကွက်အတွင်း အသင်းပြောင်းရွှေ့ရန် သေချာသည်ဟူသော ခန့်မှန်းချက်များလည်း ထွက်ပေါ်နေသည်။

ထို့ပြင် မန်ယူအသင်းတွင်နေရာပျောက်နေသည့် ကွင်းလယ်လူ အမ်ခီတာယန်အနေဖြင့် အင်္ဂလန်ဘောလုံးလောကနှင့် အံဝင်စေရန် အချိန်တစ်ခု လိုအပ်ကြောင်းလည်း မော်ရင်ဟိုက မှတ်ချက်ပြုခဲ့သည်။ အမ်ခီတာယန်သည် မော်ရင်ဟို မန်ယူနည်းပြအဖြစ် ခန့်အပ်ခံရပြီးနောက် ခေါ်ယူခဲ့သည့် ကစားသမား လေးဦးတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ကျန်သုံးဦး (ဘိုင်လီ၊ ပေါ့ဘာ၊ အီဗရာဟီမိုဗစ်ချ်) တို့မှာ ပုံမှန်ပွဲထွက် ကစားခွင့်ရနေသော်လည်း ၎င်းတစ်ဦးသာ ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေခြင်းကြောင့် မပျော်မရွှင်ဖြစ်နေပြီး မန်ယူမှ ထွက်ခွာရန်ခြေလှမ်းပြင်နေသည့် ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်ဟု သတင်းထွက်နေသူဖြစ်သည်။

# ဆန်းချက်ဇ်မှာ အခွင့်ထူးခံမဟုတ်ဟု ဝင်းဂါးပြောကြား




အာဆင်နယ်နည်းပြ ဝင်းဂါးက တိုက်စစ်မှူး ဆန်းချက်ဇ်အား လိုအပ်ချက်အရ လူစားလဲမှု ပြုလုပ်မည်ဖြစ်ပြီး ဆန်းချက်ဇ်မှာ အာဆင်နယ်အသင်း၏ အခွင့်ထူးခံကစားသမားတစ်ဦးမဟုတ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆန်းချက်ဇ်မှာ နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်သုံးပွဲတွင် ဆွမ်ဆီး၊ လူဒိုဂိုးရက်စ်အသင်းတို့နှင့် ပွဲစဉ်များ၌ လူစားလဲခံခဲ့ရပြီး ယင်းသို့ လူစားလဲခံရခြင်းက ဆန်းချက်ဇ်မှာ ဝင်းဂါး၏ မရှိမဖြစ်ကစားသမားတစ်ဦး စံနှုန်းမဟုတ်သည်ကို ပြသရာရောက်သည်ဟု သုံးသပ်ချက်များထွက်ပေါ်လာပြီးနောက် ဝင်းဂါးက ယခုကဲ့သို့ မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

ဝင်းဂါးက ဆန်းချက်ဇ်၏ တုံ့ပြန်မှုကို စဉ်းစားနေမည်မဟုတ်သလို ဆန်းချက်ဇ်မှာလည်း ကျန်အသင်းများကဲ့သို့ အသင်းတိုးတက်ရေးကိုသာ အလေးထားရမည်ဟု မျှော်လင့်ကြောင်း ဆိုခဲ့သည်။

ဝင်းဂါးက"ကျွန်တော့်အနေနဲ့ သူ့ကို လူစားလဲမယ်လို့ ဆုံးဖြတ်ရင် လူစားလဲလိုက်တာပါပဲ။ ကျွန်တော့်အတွက် အခွင့်ထူးခံကစားသမား ဆိုတာရှိမနေပါဘူး။ သူလည်း အခြားကစားသမားတွေလိုပဲ ကစားသမားတစ်ဦးလို့ပဲ မြင်ပါတယ်။ ဒါကြောင့် သူ့ကို လူစားလဲရင် သူဘယ်လို တုံ့ပြန်မလဲဆိုတာကိုလည်းလိုက်ပြီး စဉ်းစားနေမှာ မဟုတ်ပါဘူး"ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝင်းဂါးက ဆန်းချက်ဇ်မှာ တောင်ပံတိုက်စစ်မှူးတစ်ဦးထက်သာလွန်သည့် အဆုံးသတ်ပိုင်းကောင်းမွန်သူဖြစ်ရာ သူ့အား ဗဟိုတိုက်စစ်မှူးအဖြစ် ရံဖန်ရံခါထားကစားခြင်းဖြစ်သော်လည်း အချို့ပွဲစဉ်များတွင် ပထမပိုင်းအပြီးမှာပင် လူစားလဲ ကစားခဲ့သည့် ဖြစ်ရပ်များပင်ရှိသည်ဟု ပြောကြားခဲ့သည်။

**ရှိုင်ယန်ဟေဒင် - ရေးသားသည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# မဲဆန္ဒရှင်များသို့ မေတ္တာရပ်ခံခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည့် မြို့နယ်များတွင် မဲဆန္ဒရှင်စာရင်းအား ပြည့်စုံမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း (Door To Door)စနစ်ဖြင့် မဲစာရင်း ကောက်ယူခြင်းကို ၁-၁၁-၂၀၁၆ရက်မှ ၃၀-၁၁-၂၀၁၆ရက်အထိ ၂၀၁၅ခုနှစ် မဲစာရင်းအား အခြေခံ၍ ပြင်ဆင်ခြင်း/ ဖြည့်စွက်ခြင်း/ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါကြားဖြတ်ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းအား သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး များတွင် ၁-၂-၂၀၁၇ရက်မှ ၁၄-၂-၂၀၁၇ရက်အထိ ကပ်ထားကြေညာပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် လစ်လပ်မဲဆန္ဒနယ်များရှိ မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များအနေဖြင့် တစ်အိမ်တက်ဆင်း (Door To Door)စနစ်ဖြင့် မဲစာရင်းကောက် ယူရာတွင်လည်းကောင်း၊ မဲစာရင်းကြေညာသည့်အချိန်တွင် မဲစာရင်းအား သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သော တောင်းဆိုမှု၊ ကန့်ကွက်မှု၊ ပြင်ဆင်မှုများ ပြုလုပ်ရာတွင်လည်းကောင်း ဝိုင်းဝန်းကူညီပါဝင် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမိုးဆန်းအောင် (Managing Director KBZ Group of Companies)-ဒေါ်ခင်မျိုးဆွေတို့၏ တစ်ဦးတည်းသောသား

**မောင်စွမ်းသူမိုး**

တွဲဖက်လေယာဉ်မှူး(Senior First Officer),AIR KBZ Limited.
Director,Yangon Triple Co.,Ltd.
Final Part 1(University of Medicine1),Diploma in Aviation (Malaysia)

**နှင့်**

ရန်ကုန်မြို့နေ ဦးယုကျင်-ဒေါ်ခင်သိန်းဌေးတို့၏ တစ်ဦးတည်းသောသမီး
မောင်ဆန်းလင်းထွန်း၏ အစ်မ

**မမိုးယုစံ**

(ရုပ်ရှင်သရုပ်ဆောင်)
B.A (Myanmar)

တို့၏ ၂၉-၁၀-၂၀၁၆ရက်တွင် ရန်ကုန်မြို့ MELIA HOTEL YANGON (Grand Ballroom)၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှအားလည်းကောင်း၊ မင်္ဂလာလက်ထပ်ထိမ်းမြားပေးခြင်း၊ မင်္ဂလာစံပယ်ပန်းကုံးချီးမြှင့်ပေးခြင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသော ကမ္ဘောဇအုပ်စုကုမ္ပဏီ၏ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင်စည်သူဦးအောင်ကိုဝင်းနှင့်ဇနီး ဒုတိယဥက္ကဋ္ဌကြီး သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်နန်းသန်းထွေး လူမှုထူးချွန် ပထမဆင့် တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ လွှတ်တော်အမတ်များ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများ၊ လုပ်ငန်းရှင်ကြီးများ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသူများ၊ တက်ရောက်ချီးမြှင့်ပေးသော အလင်္ကာကျော်စွာ ပန်းချီဦးစိုးမိုးနှင့် အကယ်ဒမီဒေါ်တင်တင်ညို၊ ဦးမျိုးမင်း(ရင်တွင်းဖြစ်)နှင့်ဇနီး၊ အလင်္ကာဝတ်ရည်ဦးမောင်မောင်အေးနှင့်ဇနီး၊ ပွဲစဆုံးမေတ္တာဖြင့် ကူညီပေးသော မိတ်ကပ်ခင်စန်းဝင်း၊ မင်္ဂလာ ဝတ်စုံစီစဉ်ပေးသော ပြည်စိုးအောင်၊ မေတ္တာဖြင့် Pre Wedding Photo၊ ဝတ်စုံ၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးသော MY Dream Wedding Studio၊ ဦးပီတာ၊ Forever Wedding Studio၊ AROMA၊ မေတ္တာဖြင့် Pre Wedding ဝတ်စုံချုပ်ပေးသော မမေမြတ်ဝါဆို၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော She Shine Jewellery၊ သိုက်စိန်ဆိုင်၊ မေတ္တာဖြင့် သတို့သား၊ သတို့သမီးဝတ်စုံ ဆင်မြန်းပေးသော သိင်္ဂီကျော်ပိုးထည်တိုက်၊ မေတ္တာဖြင့်ပွဲအားလုံးဖိနပ်ဆင်မြန်းပေးသော ရွှေနဂါးဖိနပ်ဆိုင်၊ ပန်းအလှဆင်ပေးသော မာမီကျော် (မလေးရှား)၊ သဇင်ပန်း၊ မေတ္တာဖြင့်ကူညီပေးသော ဟိန်းထက်ဝေယံ(သဇင်ခြံ)၊ မေတ္တာဖြင့်အခါတော်ပေးပေးပါသော အကယ်ဒမီများရှင် ဦးရန်အောင်၊ အစစအရာရာကူညီပေးသော ဦးချိုကြီး (Superstar Model)၊ ပါဝင်ကူညီပေးပါသော အနုပညာရှင်များ၊ ဤမင်္ဂလာဧည့်ခံပွဲအခမ်းအနားအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်သောဆွေမျိုး၊ မိတ်ဆွေမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များ အားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စွမ်းသူမိုး-မမိုးယုစံ**

# ချင်းတွင်းတစ်လျှောက်ပြေးဆွဲနေသောရေယာဉ်များ ဆိပ်ကမ်းမှမထွက်ခွာမီ စစ်ဆေးရမည့် စည်းကမ်း ၂၃ ချက်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထုတ်ပြန်



**စစ်ကိုင်း အောက်တိုဘာ ၂၉**
ချင်းတွင်းမြစ်အတွင်း ပြေးဆွဲနေသော ခရီးသည်တင် အမြန်ရေယာဉ်နှင့် ကုန်တင်ရေယာဉ်များ ဆိပ်ကမ်းမှမထွက်ခွာမီ စစ်ဆေးရမည့် စည်းကမ်း ၂၃ ချက်ကို တိကျစွာ စစ်ဆေးပြီးမှ ထွက်ခွာခွင့်ပြုရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က အောက်တိုဘာ ၂၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းအောင်ထံမှ သိရသည်။

"အောက်တိုဘာလ ၂၇ ရက်က တိုင်းဒေသကြီးအစိုးရက ထုတ်ပြန်တဲ့ ရေယာဉ်တွေ ဆိပ်ကမ်းကမထွက်ခင် စစ်ဆေးရမယ့် စည်းကမ်းချက်တွေကို တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အပါအဝင် စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ကလေးခရိုင်၊ မော်လိုက်ခရိုင်၊ ခန္တီးခရိုင် စီမံခန့်ခွဲမှုကော်မတီတွေ၊ စစ်ကိုင်းတိုင်းအတွင်းက ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီအားလုံးကို ပေးပို့အသိပေး အကြောင်းကြားထားပါတယ်။ စည်းကမ်း ၂၃ ချက်နဲ့ ညီ၊ မညီကို ရေယာဉ်ဆိပ်ကမ်းက မထွက်ခွာခင် အဖွဲ့နဲ့စနစ်တကျ စစ်ဆေးပြီး စည်းကမ်းကိုက်ညီမှသာ ရေယာဉ်တွေကို ထွက်ခွာခွင့်ပြုဖို့၊ သတ်မှတ်စည်းကမ်းနဲ့ ကိုက်ညီမှုမရှိတဲ့ ရေယာဉ်တွေကို ထွက်ခွာခွင့်မပြုဖို့နဲ့ လိုက်နာဖို့ပျက်ကွက်ရင် ထိထိရောက်ရောက် အရေးယူသွားဖို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ကိုယ်စား လျှပ်စစ်စက်မှုနဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက လက်မှတ်ထိုးပြီး ထုတ်ပြန် ထားတာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးမှူး ဦးတင်ထွန်းအောင်က ပြောပြသည်။

ရေယာဉ်များ ဆိပ်ကမ်းမှမထွက်ခွာမီ ရေယာဉ်လိုင်စင်၊ ရေယာဉ်အုပ်လက်မှတ်၊ စက်ခန်းအုပ်လက်မှတ် ပြည့်စုံမှန်ကန်မှု ရှိ-မရှိနှင့် လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာမှု ရှိ-မရှိ စစ်ဆေးရမည်ဖြစ်သလို ရေယာဉ်မောင်းနှင်စဉ်အတွင်း ရေယာဉ်ဝန်ထမ်းများသည် အရက်သေစာနှင့် မူးယစ်ထုံထိုင်းဆေးများ သုံးထားခြင်းမရှိစေရန် စစ်ဆေးရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရေယာဉ်ဝန်ထမ်းအင်အား ကိုက်ညီမှန်ကန်မှု ရှိ-မရှိနှင့် ကျန်းမာရေးကောင်းမွန်စွာ အလုပ်လုပ်နိုင်သည့် အနေအထားရှိကြောင်း စစ်ဆေးအတည်ပြုရန်နှင့် လုပ်ငန်းလိုင်စင်၊ ရေယာဉ်လိုင်စင်၊ သက်သေခံလက်မှတ် ပါ-မပါ၊ လိုင်စင် သက်တမ်း လွန်-မလွန် စစ်ဆေးရမည်ဖြစ်ပြီး ရေယာဉ်ပေါ် တင်ဆောင်လာသော ခရီးသည်အားလုံးအတွက် အသက်ကယ်အင်္ကျီ လုံလောက်မှုရှိစေရန်၊ အရေးပေါ်ထွက်ပေါက်၊ အသက်ကယ်ပစ္စည်းအသုံးပြုပုံတို့ကို ခရီးသည်များအား ရှင်းလင်းပြောကြားထားရန်နှင့် အသက်ကယ်ပစ္စည်းကိရိယာများ ကောင်းမွန်စွာရှိကြောင်း စစ်ဆေးအတည်ပြုရန် ညွှန်ကြားထားသည်။

ခရီးသည်ပို့ဆောင်ရေးဆိပ်ကမ်းများ၊ ကုန်တင်ရေယာဉ်ဆိပ်ကမ်းများတွင် ရေယာဉ်များ စနစ်တကျ သတ်မှတ်ချိန်အတိုင်း ဝင်-ထွက်ခြင်းနှင့် ခွင့်ပြုထားသည့် ခရီးစဉ်လမ်းကြောင်း၊ သတ်မှတ်ဆိပ်ကမ်းနေရာများတွင် ရပ်နားခြင်း ရှိ-မရှိ စစ်ဆေးရမည့်အပြင် ခရီးသည်နှင့် ကုန်စည်တင်ဆောင်ထားမှုသည် ရေယာဉ်၏ ရေလွှတ်ပိုင်းအထိ တင်ဆောင်ထားခြင်းမရှိစေရန် အထူးကြပ်မတ် စစ်ဆေးရမည်ဖြစ်ကြောင်း သိရသည်။

ခရီးသည်တင်များအား ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်တွင် ဖော်ပြထားသော ခရီးသည်အရေအတွက်ထက် ကျော်လွန်ခြင်းမရှိစေရန်နှင့် ခရီးသည် အရေအတွက်ကို အတည်ပြုရန် ခရီးသည်တင်ဆောင်ရမည့်နေရာတွင် ကုန်ပစ္စည်းများ တင်ဆောင်ထားခြင်းကို ခွင့်မပြုသင့်ကြောင်း စည်းကမ်းချက်တွင် ထည့်သွင်းထုတ်ပြန်ထားသည်။

ကုန်တင်ရေယာဉ်ဖြစ်ပါက ခရီးသည် တင်ဆောင်ခွင့်မပြုရန်နှင့် ရိုးရိုးကုန်တင်ရေယာဉ်နှင့် တွဲဆိုင်းရေယာဉ်ဖြစ်ပါက လောင်စာဆီများအား ကုန်စည်အဖြစ် တင်ခွင့်မပြုရန်နှင့် ရေယာဉ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ် (Sefety Certificate) ကိုရေယာဉ်ပေါ် လူအများ မြင်သာသည့်နေရာတွင် ကပ်ထားရန် လိုအပ်ကြောင်း သိရသည်။

ရေယာဉ်တွင် ဝမ်းရေစုတ်စက် ကောင်းမွန်ရန်လိုအပ်ပြီး မီးသတ်စက်ပိုက်နှင့် မီးသတ်ခေါင်းများ ကောင်းမွန်ရန်၊ မီးသတ်ဆေးဘူး အနည်းဆုံးလေးဘူး ကောင်းမွန်ကြောင်း စစ်ဆေးအတည်ပြုရန်လိုသလို ရေယာဉ်ကုန်ပေါက်များအတွင်း ရေများမရှိစေရန် သတိပြုရမည်ဖြစ်ကြောင်း အရေးပေါ်အခြေအနေတွင် ဆက်သွယ်နိုင်မည့် ဆက်သွယ်ရေးကိရိယာ အနည်းဆုံးနှစ်ခုရှိရန်နှင့် ရေယာဉ်မောင်းရာ လမ်းကြောင်းတစ်လျှောက်ရှိ ဆက်သွယ်မည့် ဖုန်းနံပတ်များ ထားရှိရမည်ဖြစ်ကြောင်း သိရသည်။

ရေယာဉ်အဆင်းအတက် လှေကားကုန်းပေါင်များ ဖြုတ်ထားခြင်းကို စစ်ဆေးရန် လိုအပ်ပြီး အချက်ပြမီးကိရိယာများ သတ်မှတ်ချက်အတိုင်းရှိကြောင်း စစ်ဆေးအတည်ပြုရန် လိုပြီး ကျောက်ကြိုး၊ ကျောက်ရစ်ခုံတို့ကို စစ်ဆေး၍ကောင်းမွန်ကြောင်း အတည်ပြုရမည်ဖြစ်ကာ Telegraph (တယ်လီဂရပ်)များ စမ်းသပ်အတည်ပြုရမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီခွဲက ကနီမြို့နယ် မိချောင်းတွင်းရွာအနီး ခရီးသည်တင်ရေယာဉ် နစ်မြုပ်ဆုံးရှုံးခဲ့သည့်ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် တိကျစွာစစ်ဆေးပြီးမှသာ ထွက်ခွာရန် စည်းကမ်းချက်များ သတ်မှတ်ရခြင်းဖြစ်ကြောင်း ဝန်ကြီး ဦးသန်းညွန့်ဝင်းထံမှ သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## မိုးပြဲရေလှောင်ကန် ဖယ်ခုံအင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကျင်းပ

**ဖယ်ခုံ အောက်တိုဘာ ၂၉**
ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့၌ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမှ ဦးစီး၍ ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဖယ်ခုံအင်းထိန်းသိမ်းရေးကော်မတီတို့ ပူးပေါင်းပြီး မိုးပြဲရေလှောင်ကန် ဖယ်ခုံအင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက်က အင်းစပ်ရှိ ဟိုတယ်နှင့်ခရီးသွားလာမှုညွှန်ကြားမှုဦးစီးဌာန Information Counter ၌ ကျင်းပသည်။



ကယန်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်က အဖွင့်အမှာ စကားပြောကြားပြီး ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဖယ်ခုံအင်းထိန်းသိမ်းရေးကော်မတီ အဖွဲ့ဝင်တစ်ဦးက အင်းထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းအခမ်းအနားတွင် ဒေသအတွင်း တရားမဝင် ငါးဖမ်းလုပ်ငန်းများဖြစ်သည့် ငါးရှော့တိုက်ခြင်း၊ ငါးဆေးချခြင်း၊ ယမ်းခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုကြရန် အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သဖြင့် တရားမဝင် ငါးဖမ်းနည်းဖြင့်ဆောင်ရွက်မှုများ ပပျောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနား တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် ရေလုပ်သားများ၊ ငါးလုပ်ငန်းရှင်များစုပေါင်း၍ ဖယ်ခုံမြို့ စက်လှေဆိပ်မှ အင်းရေပြင်အတွင်းသို့ စက်လှေများဖြင့် ထွက်ခွာပြီး ငါးမြစ်ချင်း ငါးမျိုးကောင်ရေ ၁၀၀၀၀၀ စုပေါင်းစိုက်ထည့်ခဲ့ကြသည်။

အခမ်းအနားသို့ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံရေလုပ်သားများ၊ ငါးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

## အိန္ဒိယ-မြန်မာ သတင်းအချက်အလက်နည်းပညာ မြှင့်တင်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**
ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာသုတေသနဌာန အိန္ဒိယ-မြန်မာသတင်းအချက်အလက် နည်းပညာမြှင့်တင်ရေးသင်တန်းများ (IMCEITS)၏ Project Presentation နှင့် သင်တန်းဆင်းပွဲအခမ်းအနားကို သတင်းအချက်အလက် နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာန ပါရမီလမ်း လှိုင်မြို့နယ်တွင် ယနေ့ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် Java Programming, MS.Net Programming နှင့် Android Programming နှင့် သက်ဆိုင်သော Project ၁၃ မျိုးကို ပြသကြပြီး IT ကုမ္ပဏီမှ သင်တန်းဆင်းများအား အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။ ညနေပိုင်းတွင် သင်တန်းဆင်းပွဲအခမ်းအနားကျင်းပရာ ဒေါက်တာ နေခြည်လှဲ့လှဲ့သိန်း ပါမောက္ခ(တာဝန်ခံ) က သင်တန်းဆင်းအမှာစကားပြောကြား၍ Project ဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ် ချီးမြှင့်သည်။ ယခုသင်တန်းအပတ်စဉ်တွင် ICTTI နှင့် IMCEITS သင်တန်းများမှ သင်တန်းသား ၂၄၇ ဦး သင်တန်းတက်ရောက်ခဲ့ကြောင်း သိရသည်။


**(ကြေးမုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၉-၁၀-၂၀၁၆)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၅)အောက်ရှိ သတင်းခေါင်းစဉ်ကို **"ကလေး တက္ကသိုလ်တည်ဆောက်စဉ် သိမ်းဆည်းလယ်ယာမြေနှင့် အခြားမြေများမှ နစ်နာတောင်သူများနှင့်တွေ့ဆုံ"** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် အဆိုပါ မှားယွင်းမှုအတွက် စာဖတ်ပရိသတ်အား အနူးအညွတ်တောင်းပန်အပ်ပါသည်။

(စာတည်း)













# လူငယ်တို့၏လက်အတွင်း ကမ္ဘာကြီးကို အပ်နှင်းမည်

ကိုရင်ညြ koyinau.mirrordaily@gmail.com



"တောင်ကိုရီးယားနိုင်ငံ၏ လာမည့် သမ္မတရွေးကောက်ပွဲတွင် ဘန်ကီမွန်းပါဝင်ယှဉ်ပြိုင်မည်လော" ဟူ၍ ခေါင်းစဉ်တပ်ထားသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုလိုက်ရလေသောအခါ ကမ္ဘာနှင့်ချီ လုပ်ကိုင်နေသော အကျော်ဇေယျ ပုဂ္ဂိုလ်ကြီး၏ ဘဝရှေ့ခရီး မျှော်မှန်းချက်များ အသို့ရှိဘိသနည်းဟု ကျွန်ုပ်စောကြောလေ့လာမိလေ၏။

ဘန်ကီမွန်းအမည်ရှိ ပုဂ္ဂိုလ်ကြီးသည်ကား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ကမ္ဘာတစ်ခွင် ဂုဏ်သတင်းကြီးလေပြီးဖြစ်သော လူသားတစ်ဦးပေတည်း။ ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင် ဟူဘိသို့ပင် သူ၏ ဂုဏ်သတင်းမှာ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ခဲ့ပြီးဖြစ်လေသည်။

## ပညတ်သွားရာ ဓာတ်သက်ပါ

အကယ်၍ ဘန်သည် သမ္မတရာထူးကို လိုလားမည်ဆိုပါလျှင် တောင်ကိုရီးယားနိုင်ငံ၏ နောက်သမ္မတအဖြစ် ပြည်သူတို့၏ နှစ်နှစ်ကာကာ ထောက်ခံမှုကို ရကောင်းရနိုင်ဖွယ်ရှိ၏။ ပညတ်သွားရာ ဓာတ်သက်ပါ ဟူဘိသို့ ကမ္ဘာ့မိသားစုအဖွဲ့ကြီး၏ အကြီးအကဲအဖြစ် တစ်ကမ္ဘာလုံးက သိရှိခဲ့ပြီးဖြစ်လေရာ နိုင်ငံ့အကြီးအကဲအဖြစ်လည်း သင့်တင့်လျောက်ပတ်သူအဖြစ် ကိုရီးယားပြည်သူတို့က လိုလားဖွယ်ရှိပေသည်။

ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးအဖြစ် အသိအမှတ်အမှတ်ပြုခံရပြီးသူလည်းဖြစ်၊ နာမည်ကောင်းလည်း ရရှိပြီးသူလည်းဖြစ်သူ ဘန်မှာ ပီယဝါစာနှုတ်ချိုသာမှုနှင့်အတူ ပြည်သူတို့၏ ချစ်ခင်မှုကို ရရှိထားသူအဖြစ် ရှုမြင်ရလေသည်။

အကယ်၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ရွေးကောက်ပွဲတွင် ဘန်ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက သူ့အနေဖြင့် တိမ်တောင်သဖွယ် မင်းရေးကျယ်လှသည့် နိုင်ငံရေး သမုဒ်ပြင်အတွင်းသို့ ခြေစုံပစ်ကာ ဝင်ရောက်ရာရောက်ပေလိမ့်မည်။ ကမ္ဘာ့သံတမန်ရေးနယ်ပယ်တွင် အထုံအစွဲကောင်းခဲ့သူဖြစ်သော်လည်း ပြဒါးတစ်လမ်းသံတစ်လမ်းကဲ့သို့ သဘာဝချင်း မတူကွဲပြားသည့် နိုင်ငံရေးသမုဒ်ပြင်မှာ အပြောကျယ်လှသလို ရံဖန်ရံခါ လှိုင်းတံပိုးကြီးများနှင့်လည်း နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ကြုံတွေ့ရတတ်ပေသည်။

ယခုနှစ်ကုန်ဆုံးချိန် ရာထူးသက်တမ်းကာလ ပြည့်မြောက်သည့်အခါ တောင်ကိုရီးယားနိုင်ငံသို့ မိမိပြည်တော်ပြန်မည်ဖြစ်ပြီး မိမိ၏ အနာဂတ်ဘဝရေးအတွက် ဆုံးဖြတ်ချက်ချမှတ်ရလိမ့်မည်ဟု ဘန်က မကြာသေးမီက ပြောကြားခဲ့လေသည်။

အမိနိုင်ငံတော်၏ အနာဂတ်ဘဝ ပိုမိုသာယာလှပလာရေးအတွက် မိမိအား ယုံကြည်အားထားကြခြင်းမှာ ပြည်သူအများအပြား၏ မျှော်လင့်ချက်အဖြစ် မိမိသိရှိပါကြောင်း ဘန်က ပြောကြားခဲ့လေသည်။

## အလားအလာအကောင်းဆုံး

ကမ္ဘာ့အဖွဲ့အစည်းကြီး၏ အကြီးအကဲအဖြစ် ကိုရီးယားပြည်သူတို့၏ ဂုဏ်ယူမှုကို ခံယူရရှိသူဘန်သည် လာမည့်နှစ်တွင် ရွေးကောက်ပွဲဝင်မည်ဆိုပါက အလားအလာအကောင်းဆုံး ပုဂ္ဂိုလ်အဖြစ် ရပ်တည်နိုင်မည်ဟု ပြည်သူ့သဘောထားစစ်တမ်းများက ဖော်ပြထားလေသည်။

ယခုအချိန်အထိ ဘန်၏ ရပ်တည်ချက်မှာ ခိုင်မာအားကောင်းနေပြီး သူ့ကို အနီးကပ်ယှဉ်ပြိုင်နိုင်မည့်ပုဂ္ဂိုလ်ဟူ၍ မယ်မယ်ရရ မတွေ့မြင်ရသေးပေ။

သို့ဖြစ်လင့်ကစား ဘန်မှာ နိုင်ငံရေးခြေကုပ်ပြုရာဟူ၍ မရှိသေးပေ။ ကုလသမဂ္ဂအဖွဲ့ကြီးအား ဦးဆောင်နိုင်ရန် အမိမြေ တောင်ကိုရီးယားမှ ဆယ်စုနှစ်နှင့်ချီ၍ ဝေးကွာနေခဲ့သူဖြစ်ပေရကား သံတမန်ရေးအဝန်းအဝိုင်းအတွင်းမှာသာ ကျင်လည်နေခဲ့ရလေသည်။

ထို့ထက်တိုး၍ ဆိုရသော် အသက် ၇၁ နှစ်ရှိ ဘန်၏ အသက်အရွယ်နှင့် သူ့ကျန်းမာရေးက သမ္မတတည်းဟူသော ကြီးလေးလှသည့် ရာထူးတာဝန်ကြီးကြီးကို ထမ်းရွက်ရာတွင် စိတ်သွားတိုင်း ကိုယ်ပါနိုင်မည်လောဟူ၍ စိုးရိမ်မကင်းရှိသူ ပြည်သူအချို့ ရှိကောင်းရှိနိုင်ပေသည်။

ရပ်ဝေးသို့ ကာလရှည် ရောက်ရှိနေခဲ့သူတစ်ဦးအတွက် နိုင်ငံရေးအရ အတိုက်အခိုက်ပြင်းသော မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်တွင် ဘန်အနေဖြင့် အခက်အခဲအများအပြားနှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟု အတိုက်အခံ ကိုရီးယား ဒီမိုကရစ်တစ်ပါတီ ခေါင်းဆောင်ဟောင်း ကင်ချုံအင်းက သုံးသပ်ပြောကြားလေသည်။

ယနေ့ကာလ အပြောင်းအလဲ လျင်မြန်လှသော ကမ္ဘာကြီးတွင် လူသားတို့၏ စဉ်းစားတွေးခေါ်ပုံမှာ ထူးထူးခြားခြား ပြောင်းလဲသွားပြီဖြစ်ပေရာ တောင်ကိုရီးယားနိုင်ငံ၏ ပကတိ အခြေအနေများအပေါ် ဘန်က ဆုပ်ဆုပ်ပိုင်ပိုင် သိမြင်နိုင်ပါမည်လော ဟု ကင်က မေးခွန်းထုတ်လေသည်။

## ဝေဖန်ခံရမှု မကင်း

ဘန်သည် ပြည်တွင်းနိုင်ငံရေးအရ အားကောင်းမောင်းသန် ခေါင်းဆောင်အဖြစ် ရပ်တည်နိုင်ရေးအတွက် မလွယ်ကူပါဟူ၍လည်း အမည်မဖော်သူ ကုလသမဂ္ဂ အထက်တန်းသံတမန်တစ်ဦးက ဝေဖန်ခဲ့သည်ကိုလည်း ကြားသိရပေသည်။

သို့ဖြစ်စေကာမူ ဘန်ကိုယ်တိုင်ကမူ သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိနေပြီး သူ၏ ရပ်တည်ချက်ကို ကာကွယ်ပြောဆိုခဲ့လေသည်။

မိမိ၏ ခေါင်းဆောင်မှု ပုံသဏ္ဍာန်ကို နားလည်မှုလွဲနေကြခြင်းသာဖြစ်ကြောင်း၊ ခေါင်းဆောင်မှု ပုံသဏ္ဍာန်ဟူသည် ပုံစံအမျိုးမျိုးရှိနိုင်ကြောင်း၊ နိုင်ငံရေးသမ္ဘာရင့်သူဖြစ်ပါမှ ထိရောက်သော ခေါင်းဆောင်မှုပေးနိုင်မည်ဟု မဆိုနိုင်ကြောင်း ဘန်က နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ပြုလုပ်သော လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားခဲ့လေသည်။

ဘန်သည်ကား သံတမန်ရေးလောကသားတစ်ဦးဖြစ်ပြီးလျှင် တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းရွက်ခဲ့၏။ ရွေးချယ်တင်မြှောက်ခံ ရာထူးဌာနတ္တရတွင် တာဝန်ထမ်းရွက်ခဲ့ဖူးသူ မဟုတ်သော ဘန်သည် အကယ်၍ သမ္မတရာထူးနေရာတွင် ယှဉ်ပြိုင်မည်ဆိုလျှင် သမ္မတပတ်ကွမ်ဟေး၏ ကွန်ဆာဗေးတစ်ဆန်နူရီပါတီနှင့်အတူ လှုပ်ရှားလာမည်ဟု မျှော်လင့်ရလေသည်။

လတ်တလောတွင်မူကား တောင်ကိုရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်နိုင်ရန် သမ္မတပတ်က အဆိုပြုထားပေရာ နိုင်ငံရေးလောကတစ်ခွင်တစ်ပြင်တွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ရလေသည်။

သမ္မတတစ်ဦးအနေဖြင့် ငါးနှစ်သက်တမ်းရှိ သမ္မတရာထူးတွင် တစ်ကြိမ်တစ်ခါတည်းသာ တာဝန်ထမ်းဆောင်ခွင့်ရရှိခြင်းမှ လေးနှစ်သက်တမ်းရှိ ယင်းရာထူးတွင် နှစ်ကြိမ် တာဝန်ထမ်းဆောင်ခွင့်ရရှိရန် သမ္မတပတ်က အဆိုပြုခဲ့ခြင်းပင်ဖြစ်လေသည်။

## ကွန်ပျူတာလုပ်ငန်းရှင်ကြီး

အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတ၏ ရာထူးသက်တမ်း ထမ်းဆောင်ခွင့်ပုံစံ ပြောင်းလဲသွားမည်ဆိုပါလျှင် ဘန်၏ အသက်အရွယ်ကို ငဲ့ထောက်ကာ ပြည်သူများအား ဆွဲဆောင်နိုင်မှု သာလွန်လျော့နည်းသွားဖွယ်ရာရှိပေသည်။

တောင်ကိုရီးယားနိုင်ငံ၏ နောက်သမ္မတအဖြစ် အလားအလာရှိသော ပုဂ္ဂိုလ်များကို ရှုလတ်သော် ကွန်ပျူတာဆော့ဖ်ဝဲလုပ်ငန်းရှင်သူဌေးကြီး အင်ချောင်စူးကို တွေ့မြင်နိုင်၏။ အင်ချောင်စူးအမည်ရှိ ပုဂ္ဂိုလ်သည်ကား ပြုပြင်ပြောင်းလဲရေး ဝါဒီအဖြစ် ရှုမြင်ခံရသူဖြစ်ပြီးလျှင် အတွေးအမြင်သစ်ပေးစွမ်းနိုင်သူ၊ ဖြောင့်မတ်သော နိုင်ငံရေးသမားဘဝကို တည်ဆောက်လိုသူအဖြစ် ပြည်သူများက ရှုသေကြ၏။

သို့ဖြစ်လင့်ကစား အင်ထူထောင်ခဲ့သော ပြည်သူ့ပါတီမှ အဖွဲ့ဝင်အချို့မှာ ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးရေး ရန်ပုံငွေကိစ္စတွင် ဥပဒေနှင့် ငြိစွန်းခဲ့သည်ဟု သတင်းကြီးခဲ့ရာ အင်၏ ရေပန်းစားမှုအပေါ် ထိခိုက်ခဲ့ရလေသည်။

ဘန်၏ အဓိကအတိုက်အခံဖြစ်သော မွန်းဂျေအင်မှာ ပြည်သူ့ထောက်ခံမှု ရရှိသော်လည်း ၎င်းသည် မြောက်ကိုရီးယား၏ လူ့အခွင့်အရေးမှတ်တမ်းနှင့် ပတ်သက်၍ ကုလသမဂ္ဂ၌ မဲပေးဆုံးဖြတ်ရာတွင် ကြားနေသည့်ဘက်မှ ထောက်ခံသူအဖြစ် ဝေဖန်ခံရမှုရှိခဲ့လေသည်။

ဘန်သည် ပြီးခဲ့သည့် မေလက တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့ရာတွင် ဝန်ကြီးချုပ်ဟောင်း ကင်ဂျုံပီးလ်အပါအဝင် နိုင်ငံရေးဟဲဗီးဝိတ်များနှင့် တွေ့ဆုံခဲ့လေရာ သမ္မတအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု ပြည်သူတို့က ရှုမြင်ကြလေသည်။

တောင်ကိုရီးယားနိုင်ငံ၏ ပစ္စက္ခနိုင်ငံရေး အခင်းအကျင်းကို တစ်စေ့တစ်စောင်း ကျွန်ုပ် အကဲခတ်လေပြီးသော် ဘန်၏ လူငယ်များအပေါ် ထားရှိသော သဘောထားအမြင်နှင့်ပတ်သက်၍ ကျွန်ုပ်စူစမ်းမိလေသည်။

## ကမ္ဘာ့အခြေအနေ

ယခုလဆန်းပိုင်းက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ နိုင်ငံတကာနှင့် ဖွံ့ဖြိုးမှု လေ့လာရေးတက္ကသိုလ်တွင် ပညာဆည်းပူးနေကြသော လူငယ်များနှင့် တွေ့ဆုံကာ ဟောပြောခဲ့ရာတွင် ဘန်က လူငယ်များအပေါ် ထားရှိသော သူ၏အမြင်ကို ထုတ်ဖော်ခဲ့လေသည်။

ဘန်သည် ယခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ရာထူးသက်တမ်း မကုန်ဆုံးမီ လူငယ်များနှင့် သီးသန့်တွေ့ဆုံကာ ဩဝါဒပေးခဲ့ခြင်းဖြစ်သည်။

ယနေ့ကာလတွင် ကမ္ဘာ့လူသား ၁၃၅ သန်းတို့မှာ အသက်ဆက်နိုင်ဖို့အရေး ကုလသမဂ္ဂ၏ အကူအညီအပေါ် မှီခိုနေရကြောင်း၊ ၆၅ သန်းသော ပြည်သူများမှာမူ ဒုက္ခသည်များအဖြစ် ရှိနေကြောင်း၊ ဤအခြေအနေကိုထောက်၍ ကမ္ဘာ့အနာဂတ်အရေးမှာ ရင်လေးဖွယ်ရာကောင်းလှကြောင်း ဘန်က ရှင်းလင်းပြောဆိုခဲ့လေသည်။

လတ်တလောတွင် ဆီးရီးယားပြည်တွင်းစစ်ပွဲ၊ အကြမ်းဖက်မှုနှင့် ဒုက္ခသည်များ အရေးစသည်တို့နှင့် ပတ်သက်၍ ထူးထူးခြားခြား အခက်အခဲများကို ကုလသမဂ္ဂက တွေ့ကြုံနေရသည်ဟု ဘန်က ထောက်ပြခဲ့သည်။ ဆီးရီးယား ပြည်တွင်းစစ်တွင် ၎င်း၏ ကိုင်တွယ်ဆောင်ရွက်ပုံနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် ဝေဖန်ခံခဲ့ရသူ ဘန်သည် ကိုရီးယားကျွန်းဆွယ် လုံခြုံရေး နှင့် ပတ်သက်၍လည်း ရတက်မအေးဖြစ်နေရလေသည်။ သို့ရာတွင် ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို စိတ်အား တက်ဖွယ်ရာ မူဝါဒကြေညာစာတမ်းသစ်အဖြစ် သူရှုမြင်သည်ဆို၏။

မိမိသည် သုံးလတာ ကာလအတွင်း အရပ်ဘက်အဖွဲ့အစည်းသို့ ကူးပြောင်း ဝင်ရောက်ရတော့မည်ဖြစ်ရာ ကမ္ဘာကြီးကို ဦးဆောင်နိုင်ဖို့ လူငယ်များကို အပြည့်အဝ ယုံကြည်အားထားပါသည်ဟု ဘန်က ပြောကြားခဲ့သည်။

ယနေ့လူငယ်များသည် မနက်ဖြန်၏ ခေါင်းဆောင်များဖြစ်သည်ဟု ဆိုရိုးရှိသော်လည်း လူငယ်များသည် ယနေ့ကာလမှာပင် ကမ္ဘာကြီးက လိုအပ်နေသော ခေါင်းဆောင်များဖြစ်သည်ဟု မိမိဆိုချင်ကြောင်း၊ ကမ္ဘာကြီး၏ အနာဂတ်ဘဝ ပိုမို၍ သာယာစိုပြည်လာအောင် ပြင်ဆင်ထားကြရမည်မှာ လူငယ်များဖြစ်ကြောင်း၊ ကမ္ဘာကြီး၏ ပွဲကိုင်ရှင်များဖြစ်လာမည့် လူငယ်တို့အနေဖြင့် ပညာပြည့်ဝနှလုံးလှသူများဖြစ်အောင် ကြိုးပမ်းကြဖို့၊ စိတ်ဓာတ်မြင့်မြင့်မားမား ထားကြဖို့၊ ရည်မှန်းချက်ကြီးကြီးရှိကြဖို့၊ ကမ္ဘာကြီးသား ပီသကြဖို့ ဘန်က တိုက်တွန်းခဲ့သည်ကို သတိမူမိရင်း "လူငယ်တို့၏ လက်အတွင်း ကမ္ဘာကြီးကို အပ်နှင်းမည်" ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။



ဘန်ကီမွန်း၏ ဇာတိရပ်မြေ အွမ်ဆောင်းမြို့၌ ဂုဏ်ပြုသည့်အနေဖြင့် ပြုလုပ်ထားသော ရုပ်တုများကိုတွေ့ရစဉ်။
ဓာတ်ပုံ- Washingtonpost

## ရေးမြို့နယ်ကြက်သွန်နီဈေးစတင်တက်လာ

**ရေး အောက်တိုဘာ ၂၉**

မွန်ပြည်နယ် ရေးမြို့နယ် ဈေးကွက်သို့ ရန်ကုန်ဘုရင့်နောင်ပွဲရုံကနေတစ်ဆင့် ဝင်ရောက်လာသော ကြက်သွန်နီဈေးနှုန်းများမှာ ပြည်တွင်းဈေးကွက်စတင်တက်လာသည်နှင့်အမျှ အောက်တိုဘာဒုတိယအပတ်မှစတင်ကာ ရေးမြို့နယ်အရောင်းအဝယ်ဈေးကွက်မှာ စတင်တက်ရိပ်ပြလာခဲ့ကြောင်း သိရသည်။

ယခင်ကြက်သွန်ဈေးမတက်ခင်က မုန့်ဟင်းခါးတစ်အိုးကိုချက်ရာတွင် တစ်နေ့ကို နှစ်ပိဿာလောက်သုံးပြီးချက်နိုင်သော်လည်း ယခုကြက်သွန်နီဈေးတစ်ပိဿာလျှင်ငွေကျပ် ၁၃၀၀ လောက် တက်သွားသည့်အတွက် ၅၀ ကျပ်သားပဲသုံးနိုင်ကာ ဈေးတက်သွား၍ အမြတ်အစွန်းကလည်း နည်းလာကြောင်း မုန့်ဟင်းခါးချက်ရောင်းချသူ မမိုးကပြောသည်။

ရေးမြို့နယ်တွင် ယခင်က ကြက်သွန်နီဈေးမှာ ဟိုတယ်အရွယ် တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၊ အလတ်အိတ်မှာငွေကျပ် ၇၀၀၀၊ လက်သတ်အိတ်မှာ ငွေကျပ် ၆၀၀၀ ဖြစ်ရာ ယနေ့ဒေသပေါက်ဈေးမှာ တစ်အိတ်လျှင်ငွေကျပ် ၇၀၀၀ တက်သွားခဲ့သော်လည်း ဈေးကွက်ဝင်ရောက် မှုကပုံမှန်လည်ပတ်နေကာ ရောင်းလိုအား၊ ဝယ်လိုအား ပုံမှန်ရှိနေသော်လည်း ဝယ်ယူစားသုံးသူများမှာ လတ်တလော ဈေးကြီးပေးဝယ်ယူနေရကြောင်း ရေးမြို့နေ တစ်ပိုင်တစ်နိုင် အရောင်းအဝယ်လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ **ထွန်းထွန်း(ရေး)**

## p;D&ufjMldf;aps;uGufwGif&mif;csrI&Sd&efuGif;qif;pfpfq;

**ပုလော အောက်တိုဘာ ၂၉**

တနင်္သာရီတိုင်းဒေသအကြီးအတွင်း အမှတ်တံဆိပ်မျိုးစုံဖြင့် ထုတ်လုပ်သော စီးကရက်ပုံစံမုန့်များကို ဈေးကွက်အတွင်း ဈေးနှုန်းချိုသာစွာ ရောင်းချနေမှုများအား ပိတ်ပင်တားဆီးနိုင်ရန်အတွက် ပုလောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင် ကြီးကြပ်သောအဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက မြို့နယ်စည်ပင်သာယာရေး ဈေး နှင့် အခြေခံပညာကျောင်းများရှိ မုန့်ဆိုင်များကို စစ်ဆေးခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးထိခိုက်နိုင်ဖွယ်ရှိသော၊ ဒေသခံပြည်သူများ စားသောက်ရန် မသင့်သော သတ်မှတ်ရက်လွန်စားသောက်ကုန်များ၊ ကျန်းမာရေးတံဆိပ်မပါသည့် စီးကရက်ဆေးပေါ့လိပ်များ၊ အနာဂတ် မျိုးဆက်သစ် ကျောင်းသား လူငယ်များအတုယူမှားနိုင်သည့် စီးကရက်ပုံစံမုန့်များ ဈေးကွက်အတွင်း ဝင်ရောက်လာပါက ရောင်းချခြင်းမပြုကြရန်နှင့် ဓာတုဆေးဝါးများကြောင့် ရရှိနိုင်သည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

## နိုင်ငံခြားသားများကြုံသလိုဆိုင်ကယ်ငှားစီးခြင်း စစ်ဆေးဆောင်ရွက်သင့်



**ပဲခူး အောက်တိုဘာ ၂၉**

ပဲခူးမြို့အတွင်း ဆိုင်ကယ်စီးနင်းနေသူများအား သတ်မှတ်ယာဉ်စည်းကမ်းလိုက်နာမှုရှိစေရေး၊ ယာဉ်အန္တရာယ်ဖြစ်ပွားမှု ကင်းဝေးလျော့ကျစေရေးတို့ ရည်ရွယ်၍ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲစခန်းမှ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာပူးပေါင်း အဖွဲ့အစည်းတို့မှာ နေ့စဉ် ပဲခူးမြို့၏ အချက်အခြာနေရာတို့တွင် ရှောင်တခင်စစ်ဆေးပြီး စည်းကမ်းပျက်ဆိုင်ကယ်များအား တရားရုံးစွဲတင်ကာ ဒဏ်ငွေချမှတ်အရေးယူလျက်ရှိကြောင်း သိရသည်။

"ဒီလိုအရေးယူနေပေမယ့် တချို့ဆိုင်ကယ်မောင်းတွေက စည်းကမ်းပျက်နေကြတုန်းပါပဲ။ အထူးစိုးရိမ်စရာကောင်းတာက နိုင်ငံခြားသားတွေ ယာဉ်စည်းကမ်းဘာမှမသိဘဲ ကြုံသလို ဆိုင်ကယ်တွေ ငှားစီးနေကြတာပါ။ အန္တရာယ်ဖြစ်လာခဲ့ရင် အလွန်တာဝန်ကြီးပြီး ပြဿနာရှုပ်ထွေးလာစရာပါ' ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ နိုင်ငံခြားသားများ စည်းကမ်းမဲ့ ပဲခူးမြို့တွင်း ဆိုင်ကယ်စီးနေခြင်းအား အန္တရာယ်များမကျရောက်ခင် ကြိုတင်လိုအပ်သလို သက်ဆိုင်ရာအဖွဲ့များမှ စစ်ဆေးဆောင်ရွက်သင့်ပေသည်။

**မျိုးသိန်း(ပဲခူး)**

# ရုတ်တရက်ကျသောချောင်းရေကြောင့် ကျောင်းသားများ သွားလာရေး အခက်ကြုံနေရ



**ရေဦး အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အနောက်ငါးအုပ်စု အင်းကြီးကျေးရွာနှစ်ရွာကြားရှိ ချောင်းမှာ အောက်တိုဘာ ၂၇ ရက် ညနေ ၃ နာရီခန့်က ရုတ်တရက်ရေကျရောက်ခြင်းကြောင့် ကျောင်းသားများ ကျောင်းဆင်းချိန်နှင့် ကြုံကြိုက်နေ၍ အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများမှာ ဖြတ်သန်းသွားလာရေး အခက်တွေ့နေကြပြီး ကျောင်းသားကလေးများအတွက် အန္တရာယ်ကြုံတွေ့မည်ကို ဒေသခံမိဘများနှင့် ဆရာ၊ ဆရာမများက စိုးရိမ်ပူပန်နေကြကြောင်း သိရသည်။

အလယ်တန်းပြဆရာ ဆရာဦးစိုးဝေဟန်က "ချောင်းအကျယ်က ပေ ၂၀၀ လောက်ကျယ်မယ်ထင်တယ်။ ပြီးခဲ့တဲ့လကလည်း အခုလို ရုတ်တရက်ရေကျလို့ ကျောင်းသားတွေ ချောင်းကိုဖြတ်ကူးဖို့ ရွာသားတွေကို အကူအညီတောင်းရတယ်။ ရေကအနက်နှစ်ပေ၊ သုံးပေခန့်ဆိုပေမယ့် ရေစီးသန်တော့ ကလေးတွေ ချောင်းဖြတ်မကူးကြဖို့ ဆရာ၊ ဆရာမတွေကပြောရတယ်။ ရွာသားအချို့နှင့် ကျောင်းသားမိဘများ၊ ဆရာ၊ ဆရာမများ ကလေးတွေ တစ်ဦးချင်းကျောပိုးပြီး ဖြတ်ကူးပေးကြရတယ်။ အခုလည်း ချောင်းရေထပ်မံကျနေတာနဲ့ကြုံနေပြန်တယ်။ ကျောင်းသားကလေးတွေ ချောင်းတွင်းဖြတ်နေစဉ် ရုတ်တရက်ရေကျလာရင် အန္တရာယ်ဖြစ်မည်ကို ဒေသခံမိဘတွေနဲ့ ဆရာ၊ ဆရာမတွေက စိုးရိမ်နေကြတယ်။ မြို့နဲ့မိုင် ၃၀ ကျော်ဝေးလို့ သွားလာရေးခက်ခဲပါတယ်။ အင်းကြီးကျေးရွာက ကျောင်းသားကလေးများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေက တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းအဖြေရှာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး ဒေသခံကျေးရွာသူ၊ ရွာသားတွေက မျှော်လင့်နေကြပါတယ်" ပြောကြားသည်။

**သန်းထိုက်(ရေဦး)**

## မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ နိုင်ငံခြားသားများဝင်ရောက်လေ့လာ

**တွံတေး အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီ၊ မြန်မာ့အိုးလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ မြို့မဈေးနှင့် မြို့တွင်းသို့ ရုရှား၊ တရုတ်၊ ပြင်သစ်၊ အမေရိကန်၊ နယူးဇီလန် နိုင်ငံတို့မှ လေ့လာရေးအဖွဲ့ ၄၆ ဦးသည် အောက်တိုဘာ ၂၆ ရက် ညနေ ၄ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက်အား ဝင်ရောက်လေ့လာကြရာ မြို့နယ်ဦးစီးမှူးဦးသက်ဦးက လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## ဘိန်းအစားထိုးသီးနှံနှင့် ဓာတ်မြေဩဇာအခမဲ့ပေးအပ်

**မိုးနဲ အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရန်အတွက် ဒုတိယအကြိမ် နှစ်ချင်းသီးနှံမျိုးစေ့၊ နှစ်ရှည်ပျိုးပင်နှင့် ဓာတ်မြေဩဇာများ အခမဲ့ဖြန့်ဝေပေးအပ်ပွဲကို ကွန်နားကျေးရွာအုပ်စု ဆွမ်မရမ်းကျေးရွာ မွေတော်ဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်က မူးယစ်ဆေးဝါးပပျောက်ကင်းစင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နေမှုများနှင့် ဘိန်းစိုက်ပျိုးရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများအား အသိပညာပေးဆွေးနွေးဟောပြောပြီး ဘိန်းအစားထိုးသီးနှံအဖြစ် နဂါးမောက် ပျိုးပင် ၁၃၀၀၊ နှစ်ရှည်သီးနှံ ထောပတ်ပင် ၁၅၀ နှင့် ယူရီယားဓာတ်မြေဩဇာ အိတ် ၂၀၊ကွန်ပေါင်း ၁၀ အိတ်ကို တာဝန်ရှိသူများက ပေးအပ်ရာ ဒေသခံတောင်သူများက လက်ခံရယူခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝိုဘွယ်နှင့်ဝန်ထမ်းများ နှင့် ဒေသခံတောင်သူ ၁၂၀ ကျော်တက်ရောက်ခဲ့ပြီး ပိုးမွှားအန္တရာယ်ကာကွယ်ရေး လက်ကမ်းစာစောင်များအခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**



အမှတ် (၂) လုံခြုံရေးကွပ်ကဲမှုရုံးလက်အောက်ရှိ တပ်ဖွဲ့ဝင်များ၏ (၁၇) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို အောက်တိုဘာ ၂၇ ရက်ကကျင်းပရာ အမျိုးသားသွေးလှူဌာန၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံ၊ သဃ်္ဃန်းကျွန်းစံပြဆေးရုံ၊ မော်လမြိုင်ပြည်သူ့ဆေးရုံနှင့် ဘားအံပြည်သူ့ဆေးရုံတို့၌ တပ်ဖွဲ့ဝင်စုစုပေါင်း ၃၂၇ ဦးတို့က သွေးလှူဒါန်းခဲ့ကြသည်။ အရေးပေါ်သွေးလိုအပ်ပါက နီးစပ်ရာလုံခြုံရေးရဲတပ်ဖွဲ့ခွဲများသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ၁၁၈

## ကျောက်တန်းမြို့နယ်တွင် ထရန်စဖော်မာတပ်ဆင်ရန် 6.6kV ဓာတ်အားလိုင်းများတပ်ဆင်

**ကျောက်တန်း အောက်တိုဘာ ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက ထရန်စဖော်မာတစ်လုံးတပ်ဆင်ရန်လိုအပ်သော 6.6kV ဓာတ်အားလိုင်းများကို တပ်ဆင်နေကြောင်း သိရသည်။

ကျောက်တန်းမြို့နယ် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကြည်သာစိုး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများသည် ဂိတ်တဲကွေ့မှ ကန်ဦးလမ်း (ဗလီခြံအနီး) အထိ ပေ ၉၀၀ကျော်ကို တစ်နေ့တည်း အပြီးတပ်ဆင်ပြီးကြောင်း၊ ထိုသို့တပ်ဆင်ရခြင်းမှာ ကျောက်တန်းမြို့နယ်တွင် ပြည်သူများ လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲနိုင်ရေးအတွက် 6.6/0.4kV 200kVA ထရန်စဖော်မာတစ်လုံးတပ်ဆင်ရန် လိုအပ်သော 6.6kV ဓာတ်အားလိုင်းများ တပ်ဆင်ရခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့် (ပြန်/ဆက်)**



## ကျောင်းမုန့်ဈေးတန်း အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးစီမံချက် အသိပေးဆွေးနွေး

**ပင်လောင်း အောက်တိုဘာ ၂၉**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းမုန့်ဈေးတန်း အစားအသောက်ဘေး အန္တရာယ်ကင်းရှင်းရေးစီမံချက် အသိပေးရှင်းလင်းပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သိန်းထွေးက ကျောင်းမုန့်ဈေးတန်း အစားအသောက်အန္တရာယ်ကင်းရှင်းရေး စီမံချက်နှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့ပြီး ရှမ်းပြည်နယ် အစားအသောက်နှင့် ဆေးဝါးများကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝေဖြိုးဆွေက ဓာတုဆေးဝါးများပါသည့် စားသောက်ကုန်များနှင့် ဓာတုဆေးဝါးကြောင့် ရရှိနိုင်သည့် ကျန်းမာရေးဆိုးကျိုးများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက သိရှိလိုသည့် ဓာတုဆေးဝါးနှင့်ပတ်သက်သည်များကို မေးမြန်းကြပြီး တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များအား ဆုပေးပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ပဲခူးတိုင်းဒေသကြီး၌ကျင်းပ

**ပဲခူး အောက်တိုဘာ ၂၉**

နေပြည်တော်၌ကျင်းပသည့် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် တတိယရရှိခဲ့သော ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်များအား ဆုပေးပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန် စိတ္တသုခခန်းမ၌ အောက်တိုဘာ ၂၆ ရက် ညနေ ၆ နာရီက ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ပေါကြွယ်ဝသည်နှင့်အတူ ဂီတသုခုမ အနုပညာရှင်များဖြစ်သော အဆို၊ အက၊ အရေး၊ အတီး ပညာရှင်များလည်း ပေါများသည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့လို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၊ ပန်တျာကျောင်းများ မရှိခဲ့သော်လည်း ယခုလို တတိယအဆင့်ကိုရရှိအောင် ပြိုင်ပွဲဝင်များက စွမ်းဆောင်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ်၊ ဥပဒေချုပ်နှင့် ဝန်ကြီးများက (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဘာသာရပ်အသီးသီး၌ ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့်အထူးဆုရရှိသူများအား ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၂၂) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ရွှေ ၁၄ ခု၊ ငွေ ၁၀ ခု၊ ကြေး ၁၂ ခု၊ နှစ်သိမ့်ဆုနှစ်ဆု၊ အထူးဆုတစ်ဆုရရှိကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် အဆင့် ၃ (တတိယ) ရရှိခဲ့ကြောင်း သိရသည်။

**၅၈၇**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**နမ့်ဆန် အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက မြို့မဂိုဏ်းချုပ်ကျောင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရှေ့တန်းအမှတ်(၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စစ်ဆင်ရေး ဗိုလ်ချုပ်သိန်းဇော်၊ ဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုင်းဝင်းထူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းတို့က အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးခြင်းနှင့်ပတ်သက်၍ ကျောင်းသားလူငယ်များ အလွဲသုံးနေသည့် အိမ်သုံးဆေးများအကြောင်း၊ ကော်ရှူခြင်း၏ဆိုးကျိုးများ၊ စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများ ဆက်နွယ်သည့် ဥပဒေအကြောင်းများအား အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ မူးယစ်ဆေးဝါးသုတေသနအသင်း (SARA) တာဝန်ခံ ဒေါ်ချစ်လှာက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ မြို့နယ်အတွင်း လှုပ်ရှားမှုများကိုလည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဟောပြောပွဲတွင် အ-ထ-က(၁)၊ အ-ထ-က(၁)ခွဲ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၅၀၀၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ တက်ရောက်ခဲ့ပြီး ယင်းကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ကျောင်းနေအရွယ်ကလေးများ မူးယစ်ဆေးဝါးကင်းစင်၍ စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါး ဥပဒေများကို နားလည်ပြီး မူးယစ်ဆေးဝါးကင်းစင်သော လူမှုပတ်ဝန်းကျင်များတွင် နောင်တစ်ချိန်၌ အနာဂတ်ခေါင်းဆောင်များ ပေါ်ပေါက်လာမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း ရဲမှူးဇော်ဝင်းက ပြောကြားခဲ့သည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ဆေးဖျန်း



**ပေါက် အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်တွင် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ မိုးရာသီတွင်အဖြစ်များသော ပိုးလောက်လန်းလေးများပေါက်ပွားမှုမှတစ်ဆင့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများ လျော့ကျစေရန်ရည်ရွယ်၍ ရောဂါကြိုတင်ကာကွယ်ရေးအစီအစဉ်တစ်ရပ်အနေဖြင့် အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်များက ပေါက်မြို့ပေါ်ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး၊ မြို့နယ်ပြည်သူ့ဆေးရုံဝန်း၊ အခြေခံပညာအထက်တန်းကျောင်း၊ မူလတန်းကျောင်း(၄)ကျောင်း၊ နေ့ကလေးထိန်းကျောင်းနှင့် ရပ်ကွက်ဓမ္မာရုံတို့တွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်က အနီးကပ်ကြီးကြပ်ကာ သက်ဆိုင်ရာမြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးပက်ဖျန်းခြင်းမှာ ထိရောက်သည့် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းဖြစ်သည်နှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရပ်ကွက်၊ ကျေးရွာများအတွင်း ဆက်လက်ပက်ဖျန်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## မျိုးသန့်မျိုးစေ့ထုတ် ကွင်းသရုပ်ပြပွဲနှင့် တောင်သူပညာပေးဆွေးနွေး



**အုတ်တွင်း အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဆွဲလဲချောင်းကျေးရွာအုပ်စု တောင်သူဦးတင်ဝင်း၏ လယ်မြေတွင် မိုးစပါး ဆင်းသုခမျိုးသန့် (RS to CS) မျိုးစေ့ထုတ် ၂၅ ဧက၌ တတိယအကြိမ် မျိုးကွဲပယ်ခြင်းနှင့် ကွင်းသရုပ်ပြပွဲ တောင်သူပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီခွဲ တွင် အဆိုပါစိုက်ခင်း၌ ပြုလုပ်ခဲ့သည်။ အဆိုပါ ကွင်းသရုပ်ပြပွဲနှင့် ပညာပေးဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူအင်အား ၆၀ ခန့် တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲ၌ ဒေသနှင့်သင့်လျော်အထွက်ကောင်း၍ ရောဂါဒဏ်ခံနိုင်ရည်ရှိပြီး ဈေးကွက်ဝယ်လိုအားရှိသော ဆင်းသုခစပါးမျိုးများ တစ်ပိုင်တစ်နိုင် မျိုးစေ့ထုတ်လုပ်ရေး ပွားများစေရန်ရည်ရွယ်၍ မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာ ဆွေးနွေးခဲ့ပြီး တက်ရောက်လာသောတောင်သူများက မျိုးစေ့ထုတ်စိုက်ခင်းအား လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။ **နိုင်နိုင်သင်း(ပြန်/ဆက်)**

## ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေး

**ပုလော အောက်တိုဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဆွေးနွေးပွဲကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက ပုလောမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲသူရိန်ခင်မောင်ရီနှင့် အရေးပေါ်ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များတွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူးက သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက အရေးပေါ်အခြေအနေတွင် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် စုဖွဲ့လေ့ကျင့်ရန်၊ ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် ဇာတ်တိုက်လေ့ကျင့်ထားရန် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပုလောမြို့နယ် မီးသတ်စခန်းတာဝန်ခံ ဒုမီးသတ်ဦးစီးမှူး ကျော်ဇင်ထိုက်က မြို့နယ်အတွင်းဆောင်ရွက်ထားရှိမှုများကို တင်ပြခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

**ပေါင် အောက်တိုဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျ၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေမည့် သင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိရာ အောက်တိုဘာ ၂၅ ရက်က ပေါင်မြို့နယ် သဲအိမ်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းက သင်တန်းဆိုင်ရာများ ရှင်းလင်းပြောကြား၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က သင်တန်းသား၊ သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

သင်တန်းတွင် ငွေနှင်းမှိုစိုက်ပျိုးခြင်းနည်းပညာ၊ ဆပ်ပြာ၊ ဂျယ်လီ၊ ယိုစုံပြုလုပ်နည်းအတတ်ပညာ၊ စိုက်ပျိုးရေးနည်းပညာ၊ မွေးမြူရေးနည်းပညာ၊ ဂဟေဆော်ခြင်းအတတ်ပညာ၊ လျှပ်စစ်သွယ်တန်းခြင်းအတတ်ပညာနှင့် တံဆိပ်ရိုက်နှိပ်ခြင်းအတတ်ပညာများကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ သဲအိမ်ကျေးရွာအုပ်စုအတွင်းရှိ သင်တန်းသား၊ သင်တန်းသူ ၅၆ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆက်သွယ်သွားလာမှု အဆင်ပြေစေရန် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**ဝါးခယ်မ အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တရုတ်တန်းရပ်ကွက်နှင့် မြို့အဝင်သို့ ဆက်သွယ်ထားသော မြို့ဆက်လမ်းအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးမှုကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်း စစ်ဆေးရာတွင် မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးဗိုလ်ဗိုလ်မြင့်၊ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီမှူး ဦးကျော်မျိုးသူနှင့် ဝန်ထမ်းများက တရုတ်တန်းရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့ဆက်လမ်းသည် အရှည် ၁၁၈၈ ပေရှိပြီး ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ဈေးရောင်း၊ ဈေးဝယ်များ အစဉ်အမြဲ ဖြတ်သန်းသွားလာလျက်ရှိကာ ဆက်သွယ်သွားလာမှု အဆင်ပြေ ချောမွေ့စေရေးအတွက် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# ပုဂံဒေသရှိ ငလျင်ဒဏ်သင့်စေတီပုထိုးနှင့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ရာတွင် ရှေးမူမပျက်သမိုင်းတန်ဖိုးလျော့ကျမှုမဖြစ်စေအောင် စနစ်တကျထိန်းသိမ်းဆောင်ရွက်နေ

နိုင်လင်းကြည်၊ ဇင်ဦး

*ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဩဂုတ်လအတွင်းက လှုပ်ခတ်ခဲ့သောမြေငလျင်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများကို ပြန်လည် ပြုပြင်ရာတွင် ရှေးမူမပျက်သမိုင်းတန်ဖိုးမလျော့အောင် ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိတွင် ယခင်ကျွမ်းကျင်ပညာရှင်များ၏ လက်ဆင့်ကမ်းပညာ များဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြပြီး ယင်းသို့ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လုပ်ငန်းခွင်၌ ထဲထဲဝင်ဝင် လုပ်ဆောင်နေကြသူတချို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။*

အခုပျက်စီးသွားတဲ့ အဆောက်အအုံတွေကို ပြန်လည်ပြုပြင်တဲ့နေရာမှာရှေးမူမပျက် သမိုင်းတန်ဖိုး မလျော့အောင် ဆောင်ရွက်ဖို့အတွက် လက်ရှိမှာဟိုး အရင့်အရင်ကဆရာ့ဆရာတွေရဲ့ လက်ဆင့်ကမ်းပညာတွေနဲ့ ဒီထက်မပျက်စီးအောင် ထိန်းသိမ်းနေတာတွေတော့ လုပ်နေတယ်။ အင်ဂျင်နီယာဆိုပေမယ့် အင်ဂျင်နီယာကျောင်းမှာတော့ လမ်းဖောက်မယ်၊ တံတားဆောက်မယ်ဆိုတဲ့ ဆောက်လုပ်ရေးပညာတွေကိုသာ သင်ခဲ့ရတာ။ ဒီလိုရှေးဟောင်းအဆောက်အအုံတွေကို ပြန်ပြီးထိန်းသိမ်းဖို့ဆိုတာကလည်း ကျောင်းမှာကတော့ မသင်ခဲ့ရဘူး။ UNESCO ကလို နိုင်ငံတကာက ပညာရှင်တွေကလည်း အဆောက်အအုံတွေမှာ ဘိလပ်မြေတွေ မသုံးနဲ့၊ ဘိလပ်မြေသုံးရင် Chemical ရှိတဲ့အတွက်ကြောင့် အုတ်တွေက အစိုဓာတ်တွေက အပြင်ကိုမထွက်နိုင်တော့ဘူး။ အဲဒီအခါကျရင် အုတ်ကြားထဲကအစိုဓာတ်တွေ မြန်မြန်မထွက်တော့ အုတ်တွေ မြန်မြန်ဆွေးမယ်။ စူဠာမဏိလိုအပေါ် ပိုင်းမှာ RC တွေနဲ့ ဘိလပ် မြေနဲ့ဆောက်ခဲ့မယ်ဆိုရင် အခုလို သဘာဝဘေး အန္တရာယ်တွေဖြစ်တဲ့အချိန်မှာ အဲဒီအရာတွေက အောက်မှာရှိတဲ့ စဉ့်ပန်းတွေ၊ ကျောက်ပန်း၊ အင်္ဂတေပန်းတွေ၊ နံရံပန်းချီတွေကိုထိုးဖောက်ပြီးတော့ ခွဲသွား



**ဦးအောင်စိုး**
**လက်ထောက်ညွှန်ကြားရေးမှူး၊ အင်ဂျင်နီယာဌာန**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**
**(ပုဂံဌာနခွဲ)**

နိုင်ပါတယ်။ ဒါကြောင့် ရှေးဟောင်းဆိုတော့ အသစ်တွေလိုအုတ်၊ အင်္ဂတေနဲ့ အချောကိုင်လို့လည်းမရတော့ ဓမ္မရံကြီးမှာဆိုရင် ပြင်ဆင်ဖို့ လိုအပ်တာတွေကို ထုံးတို့၊ ဥသျှစ်ကော်တို့၊ ရှာလကာရည်တို့၊ တင်လဲတို့လို ကော်ရည်တွေနဲ့ လိုအပ်တာတွေကိုသုံးပြီး လုပ်ခဲ့တဲ့အတွက် အပျက်အစီးနည်းသွားတာပေါ့။

အင်းဘုရားကြီးကို အခုလက်ရှိ ရှေးဟောင်း သုတေသနဌာနအနေနဲ့ ဝိတ်လျှော့တဲ့ လုပ်ငန်းလုပ်နေတာဖြစ်ပါတယ်။ ဒီအင်းဘုရားကြီးက ငလျင်လှုပ်တုန်းက ဘုရားကြီးရဲ့ ခရေသီးကြာမှောက်ကြာလန်အောက်က ဖောင်းရစ်သုံးခုက ငလျင်ဒဏ်ကြောင့်ပဲ့ထွက်သွားခဲ့ပါတယ်။ အဲလိုပြုတ်ထွက်သွားတဲ့အတွက်ကြောင့် အပေါ်မှာရှိတဲ့ ခရေသီးကြာမှောက်ကြာလန်တွေက အောက်ကိုပြုတ်ကျခါနီးဖြစ်နေပါတယ်။ အဲလိုဖြစ်နေတဲ့ အတွက် original အင်္ဂတေပန်းတွေကို ထိခိုက်သွားမှာစိုးလို့ အခုလိုအပေါ်မှာရှိတာတွေကို တစ်လွှာချင်းခွာထုတ်ပြီးတော့ ဝိတ်လျှော့လိုက်တာဖြစ်ပါတယ်။ အဲဒါတွေက ၁၉၉၇-၉၈ တုန်းကပြန်ပြီးတင်ထားတဲ့အသစ်တွေပေါ့။ အဲဒီအသစ်တွေရဲ့ အလေးဝန်က ဝိတ်မလျှော့ဘူးဆိုလို့ရှိရင် အောက်မှာရှိတဲ့ အဟောင်းတွေကိုပိုပြီး ပျက်စီးစေမှာဖြစ်တဲ့အတွက် အဲဒီလိုမဖြစ်အောင် ဒီလိုဆောင်ရွက်ရတာဖြစ်ပါတယ်။ ဝိတ်လျှော့ပြီးရင် ရေပိတ်လွှာလောင်းပြီးတာနဲ့ ပြန်လည်ထိန်းသိမ်းတဲ့လုပ်ငန်း ပြီးသွားပြီလို့ ပြောလို့ရပါတယ်။ အဲလိုလုပ်လိုက်တဲ့အတွက်ကြောင့် အသစ်ပြင်ထားတဲ့ အပိုင်းတွေမရှိတဲ့အတွက် အခုလို ပြင်ဆင်ထိန်းသိမ်းတာလည်း ဖြစ်သလို နောက်တစ်ခါ ငလျင်လိုဘေးအန္တရာယ်ကြုံခဲ့ရင် ထပ်ပြီးဆိုးဆိုးရွားရွားမပျက်စီးအောင် ထိန်းသိမ်းပြီးသားလည်း ဖြစ်သွားပါတယ်။ အဲဒါကတော့ ဝိတ်လျှော့တဲ့အပိုင်းပါ။

စူဠာမဏိစေတီတော်မှာ မိုးကာအုပ်တာတွေကျတော့ တကယ်လို့ မိုးတွေရွာတဲ့အခါမှာ ကွဲသွားတဲ့၊ ပြိုကျသွားတဲ့နေရာတွေ၊ အက်သွားတဲ့လှိုင်းတွေကို မိုးရေတွေဝင်မှာစိုးတဲ့အတွက် မိုးကာအုပ်ထားရခြင်းဖြစ်ပါတယ်။ မိုးရေဝင်လို့ရှိရင် ငလျင်ကြောင့် ပြိုတာတစ်မျိုး၊ နောက်ဆက်တွဲမိုးရေကြောင့်ထပ်ပြီး ပြိုမှာစိုးတဲ့အတွက်ကြောင့်နဲ့ မိုးရေဝင်လို့ရှိရင် ပြိုထားတဲ့ သဲခဲတွေထဲကိုမိုးရေတွေဝင်ပြီး ထပ်ပြီးပြိုကျနိုင်တဲ့အတွက်ကြောင့် အပေါ်ပိုင်းအထွတ်ပိုင်းတွေမှာ ငြမ်းတွေဆင်ပြီးတော့ မိုးကာတွေအုပ်ထားခြင်းဖြစ်ပါတယ်။ အခုစူဠာမဏိစေတီတော်ကြီးမှာဆိုရင် ငလျင်ကြောင့် အထွတ်ကနေ ပေါက်သွားတာရှိတယ်။ အဲဒီအပေါက်ကနေ မိုးကာတွေအုပ်မထားဘူးဆိုရင် နံရံမှာရှိတဲ့ ဆေးရေးပန်းချီတွေ၊ အင်္ဂတေပန်းတွေဆီကို မိုးရေတွေဝင်ပြီးတော့ ပျက်စီးသွားနိုင်တယ်။ မိုးရေတွေဝင်ပြီးတော့ ထပ်ပြီးမပျက်စီးအောင် မိုးကာအုပ်ထားခြင်းဖြစ်ပါတယ်။ ဒီလိုမိုးကာတွေအုပ်တာကလည်း First Aid အနေနဲ့ပေါ့၊ နောက်ပိုင်းကျမှ အင်ဂျင်နီယာအဖွဲ့ Expert Team မဆုံးဖြတ်ရသေးခင် ပထမဆုံးအနေနဲ့ ရှေးဦးထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မှုအနေနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ပုဂံမှာက ရှေးဟောင်းအဆောက်အအုံနဲ့ ပတ်သက်လို့ ဘုရား၊ စေတီ၊ သိမ်၊ ကျောင်း၊ ဥမင်၊ အခြားအဆောက်အအုံဆိုပြီး အမျိုးမျိုးရှိတယ်။ မြတောင်အုတ်ကျောင်းကတော့ ၁၆ ရာစု အင်းဝခေတ်က တည်ခဲ့တဲ့ အုတ်ကျောင်းကြီး ဖြစ်ပါတယ်။ အဲဒီမှာ ပြီးခဲ့တဲ့ငလျင်နဲ့ ပတ်သက်ပြီး ကျောင်းကြီးရဲ့ နောက်ဘက်ခြမ်းနံရံကြီး ကအောက်ခြေကနေအပေါ်ထိအောင် တိုးလျှိုပေါက်အက်ကွဲကြောင်းကြီးဖြစ်သွားပါတယ်။ အဲလိုဖြစ်သွားတဲ့အတွက်ကြောင့် ရှေးဟောင်းသုတေသနဌာန အနေနဲ့ ရှေးဦးပြုပြင်ထိန်းသိမ်းမှုအနေနဲ့ ပိုပြီးတော့ ကွဲမသွားအောင် စတီးကြိုးတွေနဲ့ ခါးပတ်သဘောမျိုးချုပ်ပြီး တုပ်နှောင်ထားပါတယ်။ ချုပ်တဲ့နေရာမှာ လဲအုတ်တွေထဲကို ဒီစတီးကြိုးက ညပ်ဝင်ပြီးကွဲမသွားအောင် အောက်ကသစ်သားပြားတွေခံပြီးစနစ်တကျနဲ့ ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ ဒါကတော့ ရှေးဦးအနေနဲ့ကာကွယ်ထားခြင်းသာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ Expert Team မှာပါဝင်တဲ့ ပညာရှင်တွေရဲ့ ရွေးချယ်မှုနဲ့ ဆက်ပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ကိုဖြိုး**
**ဝေဠုကျော်ဖောင်ဒေးရှင်း**
**ပရဟိတအဖွဲ့အစည်း**

ကျွန်တော်တို့ ဒီမှာတာဝန်ယူတာက ဘုရားတွေမှာ ငြမ်းမဆင်ခင် မိုးတွေရွာရင် ဘုရားတွေ ပျက်စီးမှာ



စိုးတဲ့အတွက် ကျွန်တော်တို့ မိုးကာအုပ်တယ်။ မိုးကာအုပ်ပြီးနောက်ပိုင်းငြမ်းဆင်ဖို့အတွက် ရှေးဟောင်းသုတေသနကညွှန်ကြားတဲ့အတိုင်း ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ဒီကို ဖြစ်တဲ့နေ့ညနေပိုင်းမှာ ဖြစ်ပြီးပြီးချင်း ကိုဝေဠုကျော်က ညပိုင်း ပုဂံကို ချက်ချင်းရောက်လာပြီးတော့ ချက်ချင်းဘုရားတွေကိုလည်းကိုင်လို့မရဘူး၊ ကိုင်လို့မရတဲ့အတွက်ကြောင့် ရှေးဟောင်းသုတေသနဌာနနဲ့ ခရိုင်ကညွှန်ကြားမှုကို စောင့်နေရတယ်။ စပြီးခွင့်ပြုတဲ့နေ့ကစပြီး သန့်ရှင်းရေးဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ မိုးကာအုပ်တာ၊ ငြမ်းဆင်တာတွေကိုဆောင်ရွက်ခဲ့ပါတယ်။အစ်ကိုတို့ ပရဟိတအဖွဲ့တွေအနေနဲ့ ပုဂံမှာ ဘုရားစုစုပေါင်း ၆၀ ကျော်ဆောင်ရွက်ခဲ့ပါတယ်။အဲဒီအထဲမှာ ငြမ်းဆင်ပြီးတာနဲ့ သန့်ရှင်းရေးလုပ်တာကတော့ အဓိကပါပဲ။ ကျွန်တော်တို့နဲ့အတူတူလက်ရှိ အခြားပရဟိတအဖွဲ့တွေဖြစ်တဲ့ လှည်းကူးပရဟိတအဖွဲ့၊ မြတ်ပါရမီအဖွဲ့၊ အလင်းစေတမန် အစရှိတဲ့ အဖွဲ့တွေကလည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနအဖွဲ့**

ပုထိုးသားများဘုရား ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပြောကြားရာဘုရားအပေါ်ပိုင်းကဖောင်းရစ်ကွဲအက်နေတာတွေကို ပြန်ပြင်ပေးရတာပါ။ ၁၉၉၇-၉၈ လောက်က အသစ်လုပ်ထားတာတွေကို ပြန်မီး ဝိတ်လျှော့ပေးရတာပါ။ ကျွန်တော်တို့အထူးအဖွဲ့(၆)အနေနဲ့ကတော့ ဂူပြောက်ကြီးဘုရားမှာ ငြမ်းဆင်တဲ့လုပ်ငန်းတစ်ခါလုပ်ပါတယ်။ ကျွန်တော်တို့ဆောက်လုပ်ရေးဝန်ကြီးဌာနက အဖွဲ့ငါးဖွဲ့ခွဲပြီးစုစုပေါင်း ၃၅ ယောက်လောက် လာရောက်ကူညီပေးနေပါတယ်။

**ဦးကိုကို၊ ကိုအောင်မျိုးသွင်(ခ)ဖိုးသား**
**ဒေသခံ၊ ပုဂံဘုရားတာဝန်ထမ်း**

အစ်ကိုတို့ နယ်ခံပရဟိတအဖွဲ့တွေအနေနဲ့ ငလျင်လှုပ်ပြီးနောက်နေ့ကနေစပြီး ကျွန်တော်တို့ တတ်နိုင်သလောက်လုပ်ရင်းဘုရားအဆူ ၃၇ လောက်မှာ တချို့ဘုရားတွေကျ သန့်ရှင်းရေးလုပ်တယ်။ တချို့ ဘုရားကျတော့ ငြမ်းဆင်တယ်၊ မိုးကာအုပ်တယ်။ အရေးပေါ် လေဒဏ်မိုးဒဏ်ကာကွယ်တဲ့အနေနဲ့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒေသခံပရဟိတအဖွဲ့တွေအနေနဲ့ ဒီလိုလုပ်တဲ့နေရာမှာ လက်ရှိဒေသခံတွေအများစု ကျွန်တော်တို့နဲ့အတူတူလက်တွဲပြီးတော့ လုပ်ပေးနိုင်တဲ့အနေအထားက တော်တော်လေးနည်းပါတယ်။ လက်ရှိ ပရဟိတ လာပြီးလုပ်နေတဲ့သူတွေက ရပ်ဝေးတွေက အများစုက ပူးပေါင်းပြီးတော့ လုပ်ဆောင်နေတာတွေပဲရှိပါတယ်။ အဓိကလုပ်နေတာကတော့ ဝေဠုကျော်ဖောင်ဒေးရှင်းပေါ့။ နောက်ပုဂံဒေသခံတွေကတော့ နှစ်ဖွဲ့သုံးဖွဲ့ရှိပါတယ်။ မန္တလေးက မြတ်ပါရမီသွေးလှူအသင်းကအဖွဲ့ပါတယ်။ အလင်းစေတမန်အွန်လိုင်းပရဟိတအဖွဲ့တို့ တော်တော်များများပါကြပါတယ်။ ကုန်ကျစရိတ်တွေကိုတော့ ကျွန်တော်တို့ အလှူရှင်တွေရဲ့ လှူဒါန်းမှုတွေနဲ့ရပ်တည်နေတာပါ။ ဝေဠုကျော်ဖောင်ဒေးရှင်းကလည်းကူညီပါတယ်။ နောက်ပိုင်းစားရေးသောက်ရေးအတွက်ကို အလင်းစေတမန်နဲ့ မြတ်ပါရမီအသင်းကပဲ တာဝန်ယူထားကြတယ်။ လူအင်အားအနေနဲ့ အမာခံအဖွဲ့တွေကို စုစည်းပြီး Unity and Success ဆိုပြီးဖွဲ့စည်းပြီး လုပ်တာဆိုလို့ရှိရင် လောလောဆယ်လုပ်နေတာလူ ၂၀၀ ကျော်လောက်ရှိပါတယ်။ တခြားပရဟိတအဖွဲ့တွေကလာပြီး ပူးပေါင်းတယ်ဆိုရင်တော့ လူ ၄၀၀ လောက်အထိဖြစ်သွားတယ်။ ကျွန်တော်တို့ ပုဂံဆိုတာကလည်း တစ်နိုင်ငံလုံးနဲ့ နိုင်ငံသားတိုင်းနဲ့ သက်ဆိုင်တယ်လို့ ပြောလို့ရပါတယ်။

အဲဒီအထဲကနေ ကျွန်တော်တို့ ပုဂံသားတွေဆိုတာဘိုးစဉ်ဘောင်ဆက် Tourism လုပ်ငန်းဆိုတာ ဒီဘုရားစေတီတွေကို အမှီပြုပြီးထမင်းစားနေကြတာဖြစ်တဲ့အတွက် ကျွန်တော်တို့ အတွက်အများကြီး နစ်နာပါတယ်။ မြေငလျင်ကြောင့် ခုလိုဘုရားတွေပျက်စီးသွားတဲ့အတွက် တော်တော်လေးလည်းစိတ်မကောင်းပါဘူး၊ အဲဒါကြောင့် ကျွန်တော်ကိုယ်တိုင်ကလည်း ကိုယ့်လုပ်ငန်းကိုင်ငန်းတွေ၊ တခြားစီးပွားရေး၊ လူမှုရေးတွေအပျက်ခံပြီး အင်တိုက်အားတိုက်ပူးပေါင်းလုပ်ကိုင်ပေးနေတာဖြစ်ပါတယ်။


နာရီတိုင်းမှာ ၅ မိနစ်စာ
တစ်နာရီ အတွင်း ၅ မိနစ် ထက်ကျော်သွားတဲ့ ဖုန်းပြောချိန်တိုင်းဟာ အခမဲ့ ပါ။
MPT
ရှေ့သို့ လှမ်း ချီ မြန်မာပြည်
မိတ်ပြည်သူများ ပိုမိုသုံးစွဲနိုင်ရန်အတွက်
အောက်တိုဘာလ (၃၁) ရက်နေ့ထိ သက်တမ်းထပ်မံတိုးမြှင့်လိုက်ပါပြီ။
နာရီတိုင်းမှာ ငါးမိနစ်စာ ဆိုတဲ့ အစီအစဉ်က ဘယ်လိုမျိုးလဲ ?
MPT GSM/WCDMA ဖုန်းသုံးစွဲသူ အားလုံးကနေ MPT ဖုန်းတွေကို တစ်နာရီအတွင်းကြိုက်သလောက် ဆက်တိုက်ဖုန်း ပြောနိုင်ပြီး အများဆုံး ၅ မိနစ်ဖိုးပဲ ပေးရမှာလေ
တစ်နာရီလုံးမနားတမ်း ဆက်တိုက်ပြောရမှာလား ၁၀ မိနစ်လောက်ပဲ ပြောရင်ရော
တစ်နာရီလုံးမနားတမ်း ဆက်တိုက်ပြောစရာ မလိုပါဘူး။ ၁၀ မိနစ်ဆက်တိုက်ပြောရင် လည်း ၅ မိနစ်စာပဲ ပေးရပါမယ်၊ နောက်ထပ် ၅ မိနစ်က အခမဲ့ပါ
ဒါဆို မိနစ် ၃၀ ဆက်တိုက် ပြောရင်ရော
၅ မိနစ်စာပဲ ကျသင့်ပါမယ် နောက်ထပ် ၂၅ မိနစ်က အခမဲ့ပါ
၁ နာရီနဲ့ ၁၀ မိနစ် (မိနစ် ၇၀) ဆက်တိုက်ပြောရင်ရော
၁ နာရီအတွက်က ၅ မိနစ်စာနဲ့ နောက်ထပ် ၁၀ မိနစ်အတွက်ကတော့ ပုံမှန်အတိုင်း ကျသင့်ပါမယ်
၅ မိနစ် မပြည့်ဘူး ၃ မိနစ်ပဲ ပြောမိရင်ရော
၃ မိနစ် ဆိုတော့ ပုံမှန်နှုန်း ၃ မိနစ်စာပဲပေါ့
တစ်နေ့မှ တစ်နာရီပဲ ပြောလို့ ရတာလား
ညနေ ၆ နာရီကနေ ည ၁၀ နာရီအတွင်းက လွဲပြီး ကျန်တဲ့ အချိန်တွေအားလုံးမှာ ကြိမ်ရေ အကန့်အသတ်မရှိ ပြောလို့ရပါတယ်။
ဤအစီအစဉ်တွင် ဆွေသဟာရယူထားသူများနှင့် ဆွေသဟာ ရယူထားခြင်းမရှိသော MPT GSM/WCDMA သုံးစွဲသူများအားလုံး အကျုံးဝင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline 24 hours everyday

ကြော်ငြာ

# မင်္ဂလာဧည့်ခံပွဲအခမ်းအနားကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးသိန်းဦး(တိုင်းဒေသကြီးဦးစီးမှူး-ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)-ဒေါ်နန်းလဲ့လဲ့ခိုင် (Director, TAUNG THA MAN THIT SAR Co.,Ltd)တို့၏သား၊
မအိမွန်ခိုင်ဦး (University of Technology,Sydney)၏အစ်ကို

**မောင်အောင်တေဇာဦး**
B.A(Business Science),M.B.A,YUE
Vice Chairman of GI Group Co.,Ltd.နှင့်

ရန်ကုန်မြို့နေ၊ ဦးကျော်ဝင်း(အင်ဂျင်နီယာမှူးကြီး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်မြင့်(အထပြ-ငြိမ်း)၊ အထက-၁ဒဂုံ)တို့၏သမီး၊ ကိုကျော်မင်းဟန်(Mandalay Advertising)-မအိဂျူလိုင်လှမြင့်၊ KPMG Advisory (Myanmar)Ltd.တို့၏ညီမ

**မအေးနန္ဒာကျော်**
B.A(SEAP),B.A (English)
Diploma in International Information Business
(Japan Medicine & Business College)
Sales & Marketing Executive (JPC TRADE Co.,Ltd)

တို့၏ ၂၂-၁၀-၂၀၁၆ရက်တွင် Novotel Yangon Max Hotel (Yangon Ballroom)၌ကျင်းပပြုလုပ်ခဲ့သော ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး ဒေါ်ခင်မိမိကြွယ်၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့်ဇနီးဒေါ်ခင်မြမြအောင်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ နှစ်ဖက်သောဂုဏ်သရေရှိ ဧည့်သည်တော်များအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဧည့်ခံပွဲသို့ မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၀-၁၀-၂၀၁၆ရက်တွင် မင်းကွန်းတိပိဋကရွှေရတုမင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမြင့်သန်းအားလည်းကောင်း၊ မင်္ဂလာဆုံးမစကားပြောကြားပေးသော ဦးတင့်ဆွေ ဒုတိယဝန်ကြီး(ငြိမ်း) နှင့် ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်(ငြိမ်း) တို့အားလည်းကောင်း၊ ၂၃-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် Vintage Luxury Yacht Hotel၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်နှင့် မေတ္တာဖြင့်ဆောင်ရွက်ပေးပါသော MC Andy၊ မင်္ဂလာအခါတော်ပေး သီကျူးပေးပါသော မရတနာဦးနှင့် အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့၊ မေတ္တာဖြင့် မင်္ဂလာသီချင်း ချီးမြှင့်ပေးပါသော မကြူကြူနိုင်၊ မင်္ဂလာပန်းကြဲပေးပါသော မသီရိခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဟန်သီဇော်နှင့် မအေးအေးအောင်၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသောမောင်ဥက္ကာကျော်နှင့် မောင်ခွန်းခမ်းဇော်၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မထက်ထက်အောင်(ပုဂံFM)နှင့် မရွှေရည်ဖူး၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော နှစ်သက်စရာ ရတနာအားလည်းကောင်း၊ မင်္ဂလာဝတ်စုံများဖန်တီးပေးပါသော တော်ဝင်သူ မပုံ့(Fovounit)၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးပါသော မေဦးနှင့်အဖွဲ့၊ မင်္ဂလာဧည့်ခံပွဲတွင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး(Focus Daily)အဖွဲ့နှင့် Pre Wedding ဓာတ်ပုံရိုက်ကူးပေးပါသော ကိုပီတာမင်းဆက်(Peter's The Bridal Garden)၊ ပန်းအလှကိုစိတ်တိုင်းကျ အလှဆင်ပေးပါသော မလေးရှားသန်းမြင့်နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာ ရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်နှင့် Novotel Yangon Max Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလုံးတို့အား နှစ်ဖက်သော မိဘများနှင့် မင်္ဂလာမောင်နှံတို့မှ အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်တေဇာဦး-မအေးနန္ဒာကျော်**


အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

Since 1985
ကျိုက်ထီးရိုး • မြဝတီ
ချောင်းသာ • ပလီ
01-392704, 09 73017110

ရွှေပင့်ကူ
တောင်ကြီးမီးပုံးပျံပွဲတော်
53000/-
Nov-11ထွက်မည်


aysmufqjbkumif;vlunmjcif

ဦးမြင့်ဦး မှတ်ပုံတင်အမှတ်[၁၂/မဘန(နိုင်)၁၅၁၆၉၈]၏ မော်တော်ယာဉ်တင်သွင်းခွင့် ပါမစ်နံပါတ် SCP 115-16 3355 13-10-2015 သည် မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက (၇)ရက်အတွင်း အကြောင်းကြားပေးပါရန်။

**ဒေါက်တာခင်စန္ဒာဝင်း**
**ဖုန်း-၀၉-၄၂၀၀၁၆၀၅၃**

uefYuGufEkumif;vlunmjcm

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၇၉၁၊ မြေကွက်တည်နေရာအမှတ်-၇၉၁၊ ယင်းမာလမ်းသွယ်(၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ (ဗိုလ်မှူးအောင်သွင်) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဦးအောင်သွင်[၁၂/အစန(နိုင်)၀၀၆၅၂၇]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၁၇၂/၁၆)၊ ၁-၈-၂၀၁၆ဖြင့် ရရှိသူ GP ဒေါ်နီနီဦး[၁၂/တမန(နိုင်)၀၀၅၂၈]မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ကတိဝန်ခံချက်၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**





ပညာအောင်ပန်း
Day Camp, လစဉ်ပေးဘော်ဒါ နှင့် စာသင်ဝိုင်း
09-731360078,09-453937873

MIHARA
– မြဝတီ–မဲဆောက်
ခရီးစဉ် (အပတ်စဉ်)
– စင်းလုံးငှားဝန်ဆောင်မှု
( ၃ – ၃၄ ) ယောက်
Ph: 09-49218700, 09-5025400




HITACHI

HAPPY THADINGYUT PROMOTION

1st October ~ 30th November 2016



(5%) Discount အပြင်၊
ဝယ်ယူသောပစ္စည်းတိုင်းအတွက်
လက်ဆောင်ရယူလိုက်ပါ.

FREE GIFTS

FACE CRiE (Ion Cleasing Device) | Gas Table | Japanese rice | Luminarc Glass Jar | Dust bag | Shower Towel | Carpet | FREE INSTALLATION AIRCON (While Stock Last)

**SHOWROOM ADDRESS :**

အရောင်းပြခန်း (၁) - SA-7 အောင်ဇေယျအိမ်ရာ ၊ အလုံလမ်း နှင့် ကမ်းနားလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၃၀၁၂၆၇ ၊ ၀၉-၄၃၁၅၃၄၂၃

အရောင်းပြခန်း (၂) - 105/106 ပထမထပ်(ကားပါကင်အနီး) ၊ ယုဇနပလာဇာ ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၉-၂၆၁၁၃၄၇၇၄

အရောင်းပြခန်း (၃) - ၃၂၂ ၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်းအပေါ်) ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။ဖုန်း ၀၁-၃၇၆၃၆၁ ၊ ၀၉-၇၃၀၁၈၈၀၀

အရောင်းပြခန်း (၄) - No 192, Room 23, ဒုတိယထပ်၊ Life Square ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၉၀၉၈၈၉၁

LWIN AND SWAN TRADING CO., LTD

KOREA CABLE & WIRES

DAESHIN ၏တစ်ဦးတည်း ကိုယ်စားလှယ်



Corner of Kantawgalay St, & Bo Min Khaung St,
Near Yangon Zoo, Mingalar Taung Nyunt Tsp., Yangon, Myanmar.
Tel: (95-1) 252388, 253183, 393070, 371762 Fax: (95-1) 245717
Email: lwinandswan@gmail.com

Home Since 1996
Think of House, Think of Home

ပါကေးအစားထိုး ကြမ်းခင်း PROMOTION

BUY 2 GET 1 FREE Mirror




အမှတ် F.( 2~8 ) ပ-ထပ်၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ ဖုန်း- 09 730 84 840, 09 730 84 841

FAME

Nephrotec®

For healthy kidney

ကျောက်ကပ်ဆေး

ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

TMR 012139 (0516)

FAME

Urocrush®

For renal stones

ဆီးကျောက်ပျော်ဆေး

ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

TMR 006245 (0717)

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ဖျံ-၅-ကောင် အမှတ်တံဆိပ်

သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၉၈၄

**ဝယ်ထားမများ**

သန်လျင်မြို့နယ်၊ ကျိုက်အင်းကျေးရွာ၊ ဇာမနည်အင်းအနီး၊ ဥယျာဉ်ခြံမြေ အမည်ပေါက်(၁. ၆၀)ဧက၊ ယိုးဒယားပိန္နဲပင်နှင့် စိန်တစ်လုံးသရက်ပင် ခြံအပြည့်စိုက်ပျိုးထားသည်။ အုတ်တံတိုင်းပတ်လည် ကာရံထားသည်။

သိန်း ၁၅၀၀ အလျှော့အတင်းရှိသည်။

ဖုန်း-၀၉-၇၉၄၂၈၅၅၀၁၊ ၀၁-၅၅၃၂၁၀

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ

T.V (ရန်ကုန်)

ကားမောင်း--စက်ပြင်သင်တန်း

သိမ်ဖြူ- 09-421150033, 09-73044311
09-5041550, 09-44005114, 09-779144498
ခရုံ- 09-260111942, 09420066955
09-440051112, 09-44051113

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

စက်ရုံမှ ထုတ်လုပ်ပြီးအရည်အသွေးမြင့် ပေါင်းတင်ပြီး ကျွန်းပါကေးများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိပါသည်။

Ph:09-250682702

SW ရွှေသစ် ပျဉ်းကတိုးပါကေး

| | | |
|---|---|---|
| ၃×၉×၃/၄-(၁၀)ပေတစ်ကျင်း | - | (၃၅၀,၀၀၀/-) |
| ၂×၈×၃/၄-(၁၀)ပေတစ်ကျင်း | - | (၃၂၀,၀၀၀/-) |
| ၃×၉×၁ -(၁၀)ပေတစ်ကျင်း | - | (၄၂၀,၀၀၀/-) |
| ၂×၈×၁ -(၁၀)ပေတစ်ကျင်း | - | (၄၀၀,၀၀၀/-) |

အိမ်တိုင်ရာရောက် ပေါလစ်၊ လိုက်ကာ၊ ဖကာတင် အပြီးအစီး ရန်ကုန်တိုင်းအတွင်း လိုက်လံခင်းကျင်းပေးပါမည်။ အစိုဓါတ်ထုတ်ပြီး ခြောက်သွေ့သည့် အရည်အသွေး အာမခံပါသည်။

ပျဉ်းကတိုးရာထိုးဆိုက်စုံ (၁)တန် - ၁,၂၀၀,၀၀၀/-

ကျွန်း၊ ပျဉ်းကတိုး ဆိုက်စုံ ပါကေး (၁)တုံးခြင်း လက်လီ၊ လက်ကား ရမည်။

ရွှေသစ် သစ်အရောင်းဆိုင်လုပ်ငန်း အမှတ်(၆၂)၊ ဂန္ဓဝင်လမ်း၊ စက်မှုဇုန် (၅)၊ လှိုင်သာယာ၊ ၀၁-၆၈၈၀၃၈၊ ၀၉-၉၇၁၃၃၂၈၃၃၊ ၀၉-၄၅၈၄၇၀၇၇၈၊ ၀၉-၄၃၀၄၀၃၉၃၊ ၀၉-၉၆၄၀၄၀၃၉၃။

## ကြော်ငြာ

### မူလကမ္ဘာအေးကျောင်းတိုက်မိုးကုတ်ရိပ်သာ
### လစဉ်နေ့(၅)ရက်၊ အထူးတရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားမြောက်မုခ်အနီး၊ မူလကမ္ဘာအေးကျောင်းရိပ်သာတွင် ဆရာတော် ဦးဝိမလကို ဦးထိပ်ထား၍ အရှင်ဝဏ္ဏိတ(ဓမ္မာစရိယ)၊ မိုးကုတ်နယ်လှည့် ဆရာတော်မှ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၅-၁၁-၂၀၁၆)ရက်မှ (၉-၁၁-၂၀၁၆)ရက်ထိ နေ့စဉ် မွန်းလွဲ(၁၂း၃၀)နာရီမှ ညနေ ၄း၃၀နာရီထိ ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတို့ကို အကျယ်တဝင့် ဟောကြားမည်ဖြစ်ပါ၍ နိဗ္ဗာန်အကျိုးမျှော်၍ လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**တရားစခန်းဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့**
**ဆက်သွယ်ရန်-မူလကမ္ဘာအေးကျောင်း**
**ဖုန်း-၀၉-၄၉၂၇၆၈၇၁၊ ၀၉-၄၅၀၀၀၇၀၆၀၊ ၀၁-၃၈၂၂၈၆**


" Better English For a Smarter Life"
ဦးရဲဇော်လတ် M.A(UFL)
APPLIED GRAMMAR & SPOKEN ENGLISH
SPECIAL ENGLISH COURSES
တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများနှင့်ဘွဲ့ကြို၊ဘွဲ့ရများအတွက်
Basic 4 Skills
Intermediate 4 Skills
Advanced 4 Skills
နိုဝင်ဘာ လသင်တန်းဖွင့်ပြီ
၁၀၁၆၊ ဘိုးရာဇာလမ်း၊ ၃၅-ရပ်ကွက်၊ မြောက်ဒဂုံ။
09-73175231, 09-5057138

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

GOLDEN CITY
Nov-11,23
09-450765726
09-454466958

ကျိုက်ထီးရိုး/ချောင်းသာ
Nov 11,12
18,23,25
Ph: 01-392704, 09 73017110,09 795066657,09 785066657

ဇော်ရဲနိုင် ဘုရားဖူး...တန်ဆောင်တိုင် (၁၁.၁၁.၁၆)ည ထွက်မည်
မြဝတီ (၂)ညအိပ်၊ မဲဆောက်၊ ဘားအံ၊ ဝ(၅)ဝ
Visa၊ (75000)..14.11.16 ည
(65000)..Ph : 09-421089338,09-420125216
























မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်


telenor
သင့်အတွက် တည်ဆောက်ထားတဲ့
အကြီးမားဆုံးကွန်ရက်မှာ
ပါဝင်ချိတ်ဆက်လိုက်ပါ
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင် ဝင်ရောက်ကြည့်ရှုပြီး
သင်နဲ့အကိုက်ညီဆုံး Pack အမျိုးမျိုး၊ ဝန်ဆောင်မှုအမျိုးမျိုးကို နှစ်သက်သလို ရွေးချယ်အသုံးပြုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးအင်တာနက်ကွန်ရက်


နေ့စဉ်နေ့တိုင်းကျန်းမာဖို့ နီယိုမစ်ဆာဂရစ်နဲ့ လမ်းလျှောက်စို့ ..
“အခမဲ့ လူထုလမ်းလျှောက်ပွဲကြီး”
NEO MIXAGRIP
FUN WALK 2016
ပျော်ရွှင်ဖွယ်ရာ အထူးအစီအစဉ်များ
Morning Exercise
Health Talk
Photo Contest
Games & Lucky Draw
Jingle Contest
T-Shirt နှင့် Morning Snack သည် ပထမဆုံးအယောက် (၃,၀၀၀) အတွက်သာ ..
ရန်ကုန်မြို့တွင်
နေ့ရက် ~ ၆.၁၁.၂၀၁၆ (တနင်္ဂနွေနေ့)။
အချိန် ~ နံနက် – ၅း၃၀ မှ ၉း၀၀ အထိ။
နေရာ ~ သုဝဏ္ဏအားကစားရုံ။
မန္တလေးမြို့တွင်
နေ့ရက် ~ ၁၃.၁၁.၂၀၁၆ (တနင်္ဂနွေနေ့)။
အချိန် ~ နံနက် – ၅း၃၀ မှ ၉း၀၀ အထိ။
နေရာ ~ မန္တလာသီရိဘောလုံးကွင်း။
Mixagrip Myanmar
KALBE

# စဉ်လာမပျက်ဆင်နွှဲကြမည့် မဒေါက်မြို့ရဲ့ တန်ဆောင်တိုင်မီးမျှောပွဲ


မဒေါက်တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲတော်ကို ယမန်နှစ်က စစ်တောင်းမြစ်အတွင်း ကျင်းပခဲ့စဉ်။ ဓာတ်ပုံ-ရန်အောင်ထွန်း(ပိန်းဇလုပ်)

မိုးအကုန် ဆောင်းအကူး အလှထူးသည့် ဟေမန်ဦးအစ တန်ဆောင်မုန်းလတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပသော ပွဲတစ်ပွဲကား မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲပင်ဖြစ်သည်။ ဤအချိန်အခါဝယ် မဒေါက်သူ မဒေါက်သားများက တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲအတွက် တက်ခုတ်ယိမ်း၊ တက်ပျံယိမ်း၊ ယိမ်းအဖွဲ့၊ တိုင်းရင်းသားရိုးရာယိမ်းအကအဖွဲ့များက အကအလှသဘာဝဟန်ချက်ညီ ကပြဖျော်ဖြေပြိုင်ပွဲဝင်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ စက်တပ်လှေဖောင်များပေါ်တွင် ဒီဇိုင်းအလိုက် သရုပ်ဖော်ဇာတ်စင်များ ပြင်ဆင်ခြင်းများကို စတင်လှုပ်ရှားနေကြပြီဆိုသည်ကတော့ အသေအချာပင်ဖြစ်သည်။

လာမည့် ၁၃၇၈ ခုနှစ် (၄၄)ကြိမ်မြောက် မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲတော်ကြီးကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၁၃ ရက်) မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်(နိုဝင်ဘာ ၁၅ ရက်)အထိ ကျင်းပမည်ဖြစ်ကာ တန်ဆောင်မုန်းလပြည့်ကျော် ၁ရက် (နိုဝင်ဘာ ၁၅ ရက်) မွန်းလွဲ ၁ နာရီခန့်က စတင်၍ စစ်တောင်းမြစ်အတွင်း ရေသဘင်ပွဲအဖြစ် မဒေါက်မြို့ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၁ ရွာမှ အမျိုးသား အမျိုးသမီး တက်ခုတ်တက်ပျံအကအလှ ယိမ်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ၏ ကရင်ဒုံးယိမ်းအကအလှများဖြင့် ဖျော်ဖြေယှဉ်ပြိုင်မှုများ ပြုလုပ်မည်ဖြစ်ပြီး ညနေ ၆ နာရီတွင် ဗုဒ္ဓမြတ်စွာဘုရားကို အမှူးထား၍ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ရောင်စုံ

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✱

# Original Bill of Lading တင်ပြနိုင်ပါက ကုန်ထုတ်လွှာထုတ်ပေးနိုင်ရန် အောက်တိုဘာ ၁၁ ရက်မှ ဆောင်ရွက်ခဲ့ ပြည်သူကိုမျက်နှာမူပြီး ကြန့်ကြာမှုမရှိစေရေးနှင့် ဝန်ဆောင်ခများလျှော့ချနိုင်ရေး ပြောင်းလဲအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်

ရန်ကုန် အောက်တိုဘာ ၂၉

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၅ ရက်တွင် ဆိပ်ကမ်းများသို့ရောက်ရှိလာသည့် ကုန်သေတ္တာ၊ ကုန်စည်အပါအဝင် ကုန်စည်များထုတ်ယူရာ၌ ကုန်ကျစရိတ်သက်သာပြီး ပိုမိုမြန်ဆန်သည့် နည်းလမ်းများ စိစစ်ရေးကော်မတီတစ်ရပ်ကို အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ထည့်သွင်းဖွဲ့စည်းခဲ့သည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့ ■

## လက်ပံတပင်ကျေးရွာတွင် မြစ်ရေတိုက်စားမှုကြောင့် မြေကေပေါင်းများစွာနှင့် စိုက်ပျိုးသီးနှံမျိုးစုံ ပျက်စီးဆုံးရှုံးခြင်းများ ကြုံတွေ့နေရ

စာမျက်နှာ - ၁၁

## ကြေးမုံ ဆန်းဒေးကာတွန်း



စာမျက်နှာ ၁၆၊ ၁၇

# ပင်လယ်ရေကြောင်းကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စွာဆောင်ရွက်စေချင်


ဗိုလ်တထောင်ဆိပ်ကမ်းရှိ စနစ်တကျစီရီထားသော ကွန်တိန်နာများအားတွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စွာဆောင်ရွက်စေချင်ကြောင်း အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပြီးခဲ့သည့် အောက်တိုဘာ ၁၀ ရက်က အမိန့်ကြော်ငြာစာ၏ အပိုဒ်(က) တွင်ဖော်ပြခဲ့သော ကုန်ပိုင်ရှင်သည် ကုန်လက်ခံပြေစာ တင်ပြနိုင်ပါက ကိုယ်စားလှယ်လုပ်ငန်း ဌာနတွင် ကုန်ထုတ်ခွင့်အမိန့် (Deliver Order-D/O) တိုက်ရိုက်ထုတ်ယူခြင်းကို အောက်တိုဘာ ၁၁ ရက်မှစတင်၍ ကျင့်သုံးမည်ဖြစ်ကြောင်းနှင့် အမိန့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○





မျိုးဆက်သစ်ရှင်ပြင်

ကြေးမုံ
အထူးဂျာနယ်

အောက်တိုဘာ ၃၀၊ ၂၀၁၆ (တနင်္ဂနွေနေ့)

# စည်းကမ်းမဲ့မှုကိုမုန်းတဲ့ ဝိညာဉ်





ဆုဆုတာ
B.Sc Microbiology

မန္တလေးရဲ့ညနေခင်း ကတ္တရာလမ်းမပေါ်မှာ ယာဉ်မျိုးစုံစည်ကားနေတယ်။ လခစားတွေအတွက် ဒီနေ့တော့ ပျော်စရာလခထုတ်ရက်ပေ့ါ။ ကျွန်မအတွက်တော့ ပထမဦးဆုံးလစာရသည့်နေ့မို့ အလွန်ပျော်နေမိပါတယ်။ ဆိုင်ကယ်တွေ၊ ကားတွေရဲ့ ဟွန်းတီးသံတွေ၊ လူတွေအသံနှင့် ကျွက်ကျွက်ညံနေတယ်။ လခထုတ်လာတဲ့ကျွန်မ အမေနှင့်မောင်လေးကြိုက်သော ခေါက်ဆွဲထုပ်လေးနှင့်အတူ စီးတော်ယာဉ်ဆိုင်ကယ်လေးကိုစီးလျက် ဆိုင်ကယ်ဦးထုပ်ဆောင်းလျက် ရှုပ်နေသောယာဉ်တွေကြား ဖြည်းညင်းစွာ မောင်းနေလိုက်ပါတယ်။ မီးပွိုင့်ကမီးနီနေတော့ ဆိုင်ကယ်ကိုအရှိန်လျှော့ကာရပ်ရင်း ဟိုတွေးဒီတွေးရင်းပေ့ါ။

မိဘများက ပိုက်ဆံချမ်းသာကြီးထဲမှာ မပါဝင်ပေမယ့် ကျွန်မကို တက္ကသိုလ်ထိကျောင်းထားကာ ပညာတတ်ဖြစ်အောင်ထားပေးပါတယ်။ ခုဆို ကျွန်မကျောင်းပြီးကာ ဘွဲ့ယူရတော့မည်။ ဘွဲ့ယူရင် အိမ်ရှေ့ခန်းမှာ ကျွန်မပုံကို ချိတ်။ ဘွဲ့ဝတ်စုံနှင့် ကျွန်မမိသားစုနှင့်အတူ ဓာတ်ပုံရိုက်ကာ ချိတ်ဆွဲရမည်ကိုတွေးရင်း ပျော်မိပါတယ်။ ကျွန်မမိဘတွေကတော့ အတိုင်းမသိပေ့ါ။

မိဘတွေက အလုပ်မခိုင်းပေမယ့် ဘွဲ့မယူခင်စပ်ကြားမှာ ရရာအလုပ် စတိုးဆိုင်မှာ အရောင်းစာရေးမလုပ်နေပါတယ်။ ဘွဲ့ရရင်တော့ အစိုးရအလုပ်တစ်ခုလျှောက်ကာ ကျွန်မမိဘတွေကို ပိုထောက်ပံ့ဖို့မျှော်လင့်ထားပါတယ်။ မောင်နှမနှစ်ယောက်သာရှိတာကြောင့် မောင်ဖြစ်သူက ဒီနှစ်ကိုးတန်းကျောင်းသား၊ သူ့ကိုလည်း ကျွန်မလိုဘွဲ့ရပညာတတ်ဖြစ်အောင် ကျွန်မတတ်နိုင်တဲ့ဘက်က ထောက်ပံ့ပေးရမယ်။

မီးစိမ်းသွားလို့ အတွေးစကိုဖျောက်ကာ ဆိုင်ကယ်ကို မောင်းထွက်လိုက်ပါတယ်။ "ကျွိ. . . ဒိုင်း. . . အား. . . " ဆူညံသံနှင့်အတူ တစ်ဖက်မှမီးနီနေသည်ကို ဂရုမထားဘဲ အတင်းမောင်းထွက်လာသောဆိုင်ကယ်က ကျွန်မဆိုင်ကယ်ရှေ့ဦးပိုင်းကို ဖြတ်တိုက်သွားတယ်။ နှစ်စီးစလုံး လုံးထွေးလဲကျသွားပါတယ်။ နာကျင်မှုတွေနဲ့အတူ ကျွန်မကုန်းရုန်းထမိပါတယ်။ ခေါင်းမှာဆောင်းထားတဲ့ ဆိုင်ကယ်ဦးထုပ်က အဝေးလွင့်လျက်။ ခေါက်ဆွဲထုပ်လေးက ဘေးကိုပြုတ်ကျနေပြန်တယ်။ တစ်ဖက်ဆိုင်ကယ်ကို ကြည့်မိတော့ သွေးတွေအများကြီးပေကျံလျက်။ လူတွေစုပြုံအုံခဲလာကြပါတယ်။ တဝီဝီနှင့်အရေးပေါ်ကားသံကိုလည်း ကျွန်မကြားလိုက်ရပါတယ်။ လူအုပ်ကြားထဲက ကျွန်မဆိုင်ကယ်တွန်းထုတ်ရင်း ခေါက်ဆွဲထုပ်ကို ကောက်ယူပြီး ခပ်တည်တည်ပဲမောင်းထွက်ခဲ့ပါတယ်။

တော်သေးတာ ကျွန်မ ဘာမှမနာကျင်တာ၊ ပြင်းပြင်းထန်ထန်မဖြစ်လို့။ သူတို့မှားတာလေ မီးနီနေတာကို ဖြတ်မောင်းကြတာ၊ သေကြပြီလားတော့မသိဘူး။ သွေးတွေအိုင်လို့။ အရေးပေါ်ကားပေါ် ပါသွားကြပြီထင်တယ်။ အိမ်ကိုပြန်ချင်စိတ်တွေကြောင့် ဘယ်သူ့မှဂရုမစိုက်ဘဲ လူအုပ်ကြားမှတိုးထွက်ကာ မောင်းထွက်ခဲ့လိုက်တယ်။ အော်သံပြောသံတွေကတော့ ဆူညံလို့။

အိမ်က အမေနှင့် အဖေက မျှော်နေတော့မယ်။ အိမ်ကျရင် အမေ့ကိုပြန်ပြောပြရမယ် ဒီအဖြစ်အပျက်ကို။ တော်သေးတယ် ကံကြီးပေလို့။

"ကျွိ" အိမ်ရှေ့တော့ရောက်ပြီ။ ခါတိုင်းထွက်ကြိုနေကျ အမေ့ကိုမတွေ့ရ။ အိမ်ထဲဝင်ကြည့်မိတော့ တစ်ယောက်မှမရှိ။ အဖေနဲ့အမေ ဘယ်သွားတာပါလိမ့်လို့ တွေးမိပါတယ်။ အိမ်ဘေးက အဒေါ်ကြီးမြင်မှ "ဒေါ်ကြီးလှ၊ အိမ်ကလူတွေဘယ်သွားလဲ"ကျွန်မအမေးကို မကြားတာလားမသိ ပြန်မဖြေဘူး။

မောင်လေးကတော့ ကျူရှင်မဆင်းသေးတော့ မတွေ့ရ။ တစ်နေရာရာအလုပ်ရှိလို့ သွားတာဖြစ်နိုင်တယ်လို့ တွေးမိပါတယ်။ အကျီအဝတ်အစားလဲပြီး ပြန်လာရင် အရန်သင့်စားရအောင် ခေါက်ဆွဲတွေကို ပန်းကန်ပြားထဲ ထည့်ထားလိုက်ပါတယ်။ လုပ်ခလစာအပ်ရမယ့်အရေးတွေကာ ပျော်မိပါတယ်။

"ဟော ပြန်လာပါပြီ ကျွန်မ အဖေနဲ့အမေ"မျက်နှာကလည်း မကောင်းလှပါလား။

အိမ်ရှေ့ထွက်ကာ ကျွန်မပြုံးရယ်ပြရင်း "အဖေနဲ့အမေ ဘယ်သွားနေတာလဲ" ကျွန်မအမေးကို တစ်ခွန်းမှ ပြန်မဖြေဘဲ အိမ်ထဲဝင်သွားကြပါတယ်။ ကျွန်မ ကိုယ့်ကိုယ်ကိုယ် ပြန်တွေးရင်း ငါဘာများအမှားလုပ်မိပါလိမ့်ပေ့ါ။ စိတ်မကြည်လို့နေမှာပါ။ အိမ်ထဲကျမှ မေးကြည့်ရမယ်ဟုတွေးကာ အနောက်က ကပ်လိုက်ခဲ့ပါတယ်။အိမ်ထဲရောက်တော့ အဖေနဲ့အမေအနားကို ကျွန်မ မထိုင်အား။ ကျွန်မအခန်းထဲဝင်ကာ လစာပိုက်ဆံဝင်ယူလိုက်ပါတယ်။ ပထမဆုံးလစာကို အဖေနဲ့အမေကို ကြွားချင်နေပြီလေ။

"မိခိုင်ရေ မိခိုင်၊ မောင်နိုင်တို့" အိမ်ရှေ့မှဒေါ်ကြီးလှအသံနှင့်အတူ အိမ်ပေါ်တက်လာပါတယ်။ ကျွန်မကတော့ ပိုက်ဆံကိုရေတွက်ရင်း မောင်လေးအတွက်ရောပါ သီးသန့်မုန့်ဖိုးခွဲတမ်းချနေတုန်း။

"နင်တို့ သမီးပြန်မလာသေးဘူးလား" ကြီးလှအသံကြောင့် ကျွန်မကြားလိုက်လို့ အသံပေးချင်ပေမယ့် ပိုက်ဆံရေနေ၍ အသံမပေးမိ။ အဖေနှင့်အမေ ပြန်ဖြေသံတော့ မကြားမိ။ ပိုက်ဆံကိုကိုင်ကာ အခန်းထဲမှ ကျွန်မထွက်ခဲ့ပါတယ်။ မောင်လေးပြန်လာမှ ခေါက်ဆွဲကြော်အတူစားဖို့ တွေးထားပါတယ်။ ကြီးလှဘေးကို ဝင်ထိုင်ရင်း ကျွန်မက "အဖေနဲ့အမေ ဒါသမီး ပထမဆုံးရတဲ့လုပ်အားခ၊ အဖေနဲ့ အမေကို ကန်တော့ပါတယ်။"

"ကလင် ကလင် ကလင်" ကျွန်မစကားသံနဲ့အတူ အဖေ့ဖုန်းက ထမြည်လာပါတယ်။ အဖေက ကျွန်မ အပြောကို အရေးမလုပ်။ ဖုန်းကိုင်ရင်း တစ်ဖက်က ဘာပြောသည်မသိ အခုလာခဲ့မည်ဟုဆိုကာ အမေနဲ့အတူ ကြီးလှပါသုံးယောက်သား ထွက်သွားကြပါတယ်။ ဒီနေ့ကျမှ ဘာမှန်းလည်းမသိဘူး။ ကြွားမလို့ပါဆို။ စိတ်ထဲမှာ အလိုမကျစွာ ဖြစ်မိပါတယ်။ ကျူရှင်က မောင်လေးကို စောင့်ရတော့မှာပဲ။

ဟော ပြန်လာပါပြီ ကျွန်မမောင်လေး၊ တံခါးပေါက်ကို ကွယ်ပြီး ခြောက်ဦးမှ။ "ဝါး. . . "ကျွန်မကသာ အတင်းခြောက်ပေမယ့် ကိုယ်တော်ချောက မလန့်ပါတော်။ ကိစ္စလွယ်ထားရသည်ထင်ပ။ အိမ်သာကို တစ်ချိုးတည်းပြေးဝင်သွားလေရဲ့။

"အောင်မလေး ကယ်ကြပါဦး။ လုပ်ကြပါဦး။ ကျွန်မသမီးလေး အဖြစ်ဆိုးလှချည်လား" အိမ်ရှေ့မှကြားရသည့်အမေ့အသံ။ ဘာကိစ္စ အမေငိုနေတာလဲ။ ကျွန်မအိမ်ပြင်ထွက်ကာ အမေ့နားသွားမေးပေမယ့် အမေက မဖြေ။ "အဖေ သမီးဒီမှာလေ၊ အဖေ" အဖေ့ကို ကပ်ပြောပေမယ့် အဖေက မကြားသလိုပင်။ အမေ့ကို ဖေးမကာ မျက်ရည်တွေကျလျက်။ "ကြီးလှ သမီးဒီမှာလေ" ကျွန်မစကားကို အရေးမစိုက်ကြ။ ငိုရင်းသာ အမေ့ကို အိမ်ပေါ်တွဲတင်သွားပါတယ်။ ကျွန်မ သူတို့နောက်လိုက်ပြီးပြောနေပေမယ့် မကြားကြဘူး။

"မေမေ ဘာလို့ငိုတာလဲ" အိမ်သာမှထွက်လာသောမောင်လေးအသံ။ "သားမမ ဆုံးပြီသားရယ်။ ဆိုင်ကယ်တိုက်လို့ နေရာမှာတင် ပွဲချင်းပြီးဆုံးပြီသားရယ်" ငိုသံကြီးနှင့် ထွက်လာသော အဖေ့အသံ။ ကျွန်မလက်နှစ်ဖက်နှင့် နားကိုအုပ်ကာ မယုံနိုင်ဖြစ်နေမိပါတယ်။ ဘာလို့ ကျွန်မသေရမှာလဲ။ သေသွားတာ တစ်ဖက်က ဆိုင်ကယ်ပေါ်ကလူလေ။

ကျွန်မ မယုံနိုင်ဖြစ်နေမိပါတယ်။ ငိုနေသော ကျွန်မမိဘနှစ်ပါးနားထိုင်ကာ "သမီးမသေဘူးလေ။ သမီး ဒီမှာလေ မေမေ၊ မောင်လေး မမဒီမှာလေ" ကျွန်မဘယ်လောက်ပြောပြော အရေးမလုပ်ကြ ငိုနေကြသည်။

ကျွန်မ အိမ်ရှေ့လမ်းမကြီးပေါ်ထွက်ပြေးလိုက်မိပါတယ်။ ဟော "ဝီဝီ"အသံ။ ဒီကားသံပါ။ ကျွန်မဆိုင်ကယ်တိုက်တုန်းက ကြားသည့်ကားသံ။ ကျွန်မတို့ရပ်ကွက်ဘက်ဘာလုပ်တာပါလိမ့်။ ကားသံကြားရာလိုက်ကြည့်မိတော့ ရပ်ကွက်အပြင်ဘက်ကားက ထိုးရပ်သွားပါတယ်။ နှာခေါင်းပိတ်နဲ့ လူကြီးနှစ်ယောက်က ကားပေါ်မှပက်လက်အိပ်နေဟန်တူသော အရာတစ်ခုကို ပြင်ဆင်ထားသော ခုတင်ပေါ်ချနေကြပါတယ်။ ကြည့်ရင်းတွေးနေတုန်း "အမလေး ငါ့သမီးလေး အဖြစ်ဆိုးလိုက်တာ သမီးရယ်" ကျွန်မအမေအသံ။ "အမေ ဘာလို့ငိုတာလဲ" ခုတင်နားက ပက်လက်အိပ်နေသောသူကိုကြည့်မိတော့ ကျွန်မပဲ။ ခေါင်းမှာ ပတ်တီးအဖြူနှင့် မျက်နှာတို့က စုတ်ပြတ်လျက်။ သွေးစတို့က လက်မှာခြောက်ကပ်လျက် ခုတင်ပေါ်မှာ ငြိမ်သက်နေသည်။

ဒါဆို ကျွန်မ တကယ်ပေ့ါ။ တကယ်သေတာ ကျွန်မပေ့ါ။ ကျွန်မထိတ်လန့်စွာအော်ငိုမိရင်း "အမေ သမီးဒီမှာလေ။ သမီး မသေချင်သေးဘူးအမေ။ သမီးကိုကယ်ကြပါဦး အဖေရယ်" ကျွန်မ အာခေါင်ခြစ်အော်နေပေမယ့် အရေးမလုပ်ကြ။ "သမီး အမေနဲ့အဖေကို လုပ်ကျွေးချင်သေးတယ်။ သမီးဘွဲ့ယူပြီး ဘွဲ့ဝတ်စုံနဲ့ မိသားစုပုံ အိမ်ရှေ့ခန်းမှာ ချိတ်ချင်သေးတယ်အမေ၊ သမီးမသေချင်သေးဘူး။ အမေ သမီးအသက်ငယ်သေးတယ်။ သမီး အမေနဲ့အဖေတို့နဲ့ နေချင်သေးတယ်။ မောင်လေးကိုလည်း ဘွဲ့ရတဲ့အထိ သမီးထောက်ပံ့ချင်သေးတယ်။ အဖေ သမီးကိုကယ်ကြပါဦး။ သမီးကို အဖေ၊ အမေ၊ မောင်လေးတို့နဲ့ ကွဲအောင်လုပ်တဲ့ စည်းကမ်းမရှိမောင်းလာတဲ့ ဆိုင်ကယ်သမားကိုလည်း မုန်းတယ်အမေ။ သမီးဘဝရည်မှန်းချက်တွေကို ပျက်စေတဲ့စည်းကမ်းမရှိဆိုင်ကယ်သမားကို မုန်းတယ် အဖေ။ သူသာစည်းကမ်းရှိရှိမောင်းမယ်ဆိုရင် သမီးအမေတို့နဲ့ခွဲရမှာမဟုတ်ဘူး။ သမီး မသေချင်သေးဘူးအမေရယ်။ သူတို့ရဲ့ စည်းကမ်းမလိုက်နာမှုကြောင့် သမီးချစ်ရတဲ့မိသားစုနဲ့ ခွဲရပြီအမေရယ်။ စည်းကမ်းလိုက်နာခဲ့ရင် သမီးသေရမှာမဟုတ်ဘူး"။

ကျွန်မဘယ်လောက်ပင်ပြောနေပါစေ ဝမ်းနည်းကြေကွဲနေသော ကျွန်မမိသားစုကတော့ ကြားနိုင်မည်မထင်တော့။ ဘာပဲဖြစ်ဖြစ် စည်းကမ်းမရှိသော ထိုယာဉ်မောင်းသမားကိုတော့ သမီးမုန်းတယ်အမေ။ ။

## ကျင့်ဝတ်

ရှိသေစွာခစားက
မင်းခစားပင် မင်းကိုနိုင်သည်။
ကျင့်ဝတ်မချို့လျှင်
တပည့်ပင် ဆရာကိုနိုင်သတဲ့။
ပထမရွှေကျင်ဆရာတော်ဘုရားရဲ့
ဩဝါဒကထာ မှတ်သားနာယူစရာတွေအပြည့်
မမေ့သင့်ဘူး။
အလိုလိုက်အကြိုက်ဆောင်တာတွေက
ရှိသေမှုဘောင်ကိုကျော်မသွားဖို့တော့လိုမယ်။
ဆန္ဒာဂတိပါးပါး
ဘယာဂတိတွေ ကြောင့်ကြထားမိတဲ့ခါ
အမှန်တရားဟာ အမှားတစ်ရုံအဖြစ်
သင့်ဘေးမှာကျန်ရစ်။

မောင်စိုးဝေ(မြို့သာ)

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

# ထက်မြက်သော မိန်းမနှင့် တုံးအသော မိန်းမ

**ခန့်နေ**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်

"မင်းနဲ့ မေသူရဲ့အခြေအနေ ဘယ်လိုလဲသူရိန်"

သူရိန်က ရေနွေးကြမ်းပန်းကန်ကို နှုတ်ခမ်းတေ့ထားရင်းက မျက်လုံးလှန်ကြည့်သည်။

"နေမြဲပါပဲကွာ"

အေးအေးလူလူပင် ပြန်ပြောသည်။

"လက်လျှော့လိုက်ပါငါ့ကောင်ရာ။ မေသူက မင်းကို လုံးဝပြန်ကြိုက်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့တုံး"

"ဟ မေသူက ရည်မှန်းချက်ကြီးတယ်ဟ။ တော်ရုံယောကျ်ားကို ချစ်သူမရွေးဘူးရယ်"

"ဘာဖြစ်ဖြစ်ကွာ။ ငါကတော့ ဆက်ကြိုးစားရမှာပဲ။ ယောကျ်ားတို့လုံ့လ သေခါမှလျှော့ကွာ"

သူရိန်က ပြောင်စပ်စပ်မျက်နှာပေးနှင့်ပြောပြီး ရေနွေးကြမ်းကို ဖလူးဖလူးမြည်အောင် ဆက်သောက်နေပြန်သည်။

"ဟေ့ အတန်းမတက်ကြဘူးလား"

"မတက်ဘူး။ နည်းနည်းနောက်ကျသွားလို့"

"ဒါဆို ရုပ်ရှင်သွားကြည့်ရအောင်"

"မလိုက်ချင်ပါဘူးဟာ၊ ခုတင်ထားတဲ့ကားတွေက ပျင်းစရာကြီး"

ကျွန်တော်က ငြင်းလိုက်ပေမယ့် သူရိန်ကတော့ ပျာပျာသလဲ။

"ငါလိုက်ခဲ့ပေးမယ်လေ"

"ဒါဆိုသွားစို့"

"ဟေ့ကောင် သွားပြီ"

သူရိန်က ရွှင်မြူးနေသော မျက်နှာကြီးနဲ့ ပြုံးပြကာ လိုက်သွားသည်။ ဒီကောင့်ကိုကြည့်ပြီး Tom and Jerry ထဲက ခွေးဘီလူးကြီးကိုတောင် ပြေးမြင်မိသေးသည်။ ကြောင်က အရိုးပြ၍ မျှားခေါ်လိုက်သည့်အခါ မြေကြီးကို ခြေထောက်နှင့်ယက်လိုက်၊ အမြီးတွေယမ်းလိုက်၊ လျှာတွေ သပ်လိုက်နှင့် ဂနာမငြိမ်ဖြစ်ကာ အလွန်ဝမ်းသာနေသော ခွေးဘီလူးကြီးလေ။ ခု ပြုံးဖြီးနေသော ဒီကောင့်မျက်နှာကြီးကလည်း အဲဒီခွေးဘီလူးကြီးအတိုင်းပဲ။

နှစ်ယောက်သား ဘေးချင်းယှဉ်လျှောက်ကာထွက်သွားသော သူငယ်ချင်းနှစ်ယောက်၏ နောက်ကျောကို ငေးကြည့်ရင်း ကျွန်တော်အတွေးနယ်ချဲ့ကာ ကျန်ခဲ့သည်။ သူရိန်သည် မေသူ့ကို ပိုးပန်းနေတာကြာပြီ။ မေသူကတော့ ခုထိ အင်းမလုပ် အဲမလုပ်။ သူရိန်ကို ပြတ်ပြတ်သားသားကြီးလည်း ငြင်းမထား။ သူရိန်နှင့် မျက်နှာချင်းဆိုင်ရှိနေသည့်အချိန်သာ သူရိန် ချစ်ခွင့်ပန်ထားတဲ့ကိစ္စကို သတိရပုံ။ သူရိန်နှင့်အတူရှိမနေတော့တာနှင့် ထိုကိစ္စလည်း မေ့ပျောက်နေပုံ။ ပြောရလျှင် ခေါင်းထဲလုံးဝထည့်မထားသည့်သဘော။

ရုပ်ရည်အရဆိုလျှင် ဘာမှငြင်းစရာရှိမည်မဟုတ်ပါ။ မေသူနှင့် သူရိန်တွဲလျှောက်သွားတာ တော်တော်လိုက်ဖက်သည်။ သူရိန်က အညာသားဆိုပေမယ့် အသားဖြူသည်။ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းရဲရဲနှင့်။

ပညာရေးအရလည်း ငြင်းစရာမရှိ။ တစ်ကျောင်းတည်း တူတူတက်နေသည်ပဲ။ အဲ မေသူ့ဘက်ကငြင်းစရာရှိသည်က သူရိန်၏ နောက်ခံအခြေအနေ။ မုံရွာသား သူရိန်သည် မေသူစိတ်ဝင်စားလောက်သော အနေအထားမှာ မရှိ။ အဆောင်မှာနေသည်။ ဘတ်စ်ကားနှင့် ကျောင်းလာသည်။ မေသူတို့က ဒီအဆင့်လောက်ကို စာရင်းထဲတောင် ရှိမှာမဟုတ်။ သူက အလှကြီးလှသလို သူ့အဆင့်ကလည်း မသေးဘူးမဟုတ်လား။ မေသူ့အဖေသည် အသည်းအထူးကုဆရာဝန်ကြီးဖြစ်သည်။ လူချမ်းသာထဲကလို့ ပြောလို့ရသည်။ မေသူသည် တစ်ဦးတည်းသောသမီးလေး။

သို့သော် သူက ယဉ်ကျေးပြီး စိတ်ကောင်းရှိပါသည်။ ဒါကြောင့်လည်း သူ့ရည်မှန်းချက်နှင့်မကိုက်သော သူရိန်ကို စိတ်လည်းမဆိုး၊ ပစ်ပစ်ခါခါလည်း မငြင်းပါ။ ပေါ့ပေါ့ပါးပါး ရင်ဆိုင်ကာ ခပ်မဆိတ်သာနေသည်။ သူရိန်ကလည်း မေသူဘာကြောင့်ပြန်မကြိုက်သလဲဆိုတာကို သိပုံရပါသည်။ ဒါပေမယ့် ဒီကောင်က သူပြောခဲ့သလို ယောကျ်ားတို့လုံ့လ သေခါမှလျှော့သဘောထားနေသလားမသိ။ အပြုံးမပျက်၊ ကြိုက်ဆဲ၊ လိုက်ဆဲ။ ကျွန်တော်ကတော့ အညာသားလေးကို မြင်းမိုရ်တောင်ကို ဆီးစေ့နှင့် ပေါက်နေသူဟုသာ မြင်သည်။

"ကဲ ကျောင်းပိတ်ပြီ။ ငါ့သူငယ်ချင်းတွေ ငါ့အိမ်လိုက်လည်ဖို့ ဖိတ်ခေါ်ချင်တယ်။ လိုက်ကြမလား"

Test (၁) ဖြေအပြီး ဧပြီတစ်လပိတ်သည်။

"ငါကတော့ လိုက်လို့ရပါတယ်။ မေသူ့သာ မေး"

"မေသူလိုက်မယ်မဟုတ်လား၊ မုံရွာသင်္ကြန် ပျော်ဖူးတာပေါ့"

"နင်က ခုပြန်မှာမဟုတ်လား၊ သင်္ကြန်ထိဆိုရင် နင့်အိမ်က ငါတို့လိုက်ဖို့အဆင်ပြေပါ့မလား"

"အမယ်လေး သင်္ကြန်ထိတင်မဟုတ်ဘူး။ ဧပြီတစ်လလုံး နေလို့ရတယ် အေးဆေး။ ကဲပါ အထုပ်တွေသာ ပြင်ထားကြပေတော့"

"အိုကေ ဆရာ"

--------

"ကဲ ဒါငါ့အိမ်ပဲ"

"အိုး မိုင် ဂေါ့"

ကျွန်တော် တော်တော်ကို အံ့အားသင့်ပါသည်။ ကျွန်တော်တို့ရောက်နေတာ သူရိန့်အိမ်တဲ့။ အိမ်က ခရစ္စမတ်ကတ်တွေထဲမှာပါသော ဥရောပတိုက်က အိမ်တွေပုံစံမျိုး။ မျက်စိထဲတန်းမြင်အောင် ခြုံပြောရလျှင် မော်စကို ကရင်မလင်နန်းတော်၏ ပုံတူအသေးစားလေးကို မြင်နေရသလိုပင်။ ခါတိုင်းနှင်းဖြူဖြူတွေနှင့်မြင်ရလေ့ရှိသော အိမ်ပုံစံက အညာခေါင်ခေါင်ကြီးမှာ လာရှိနေတာ စိတ်ထဲတစ်မျိုးပင်။ သို့သော် မြက်ခင်းစိမ်းစိမ်း၊ သစ်ပင်ပန်းမန်အစုံအလင်နှင့် ခြံဝင်းထဲမှာတော့ အတော်လှပပါသည်။

"ဟေ့ကောင်သူရိန် မင်းကတကယ့် ဟိုက်ဘော့စ်ပဲ။ ငါတို့ကို ဘာမှလည်း ပြောပြမထားပါလား"

"ဟ ငါကဘယ်လိုပြောပြရမှာတုံး၊ ငါက သူဌေးသားကွလို့ အလကားနေရင်း အော်နေရမှာလား"

သူရိန်က ပုံမှန်ပင်။ ခပ်အေးအေး၊ ခပ်ပြုံးပြုံး။

"အေးလေဟယ်၊ နင့်ကို ငါတို့ထင်ထားတာနဲ့ တခြားစီ"

မေသူကလည်း မယုံနိုင်ဖြစ်နေဟန်။

"ကဲပါ လာကြ။ အိမ်ထဲရောက်မှ အေးဆေးပြောကြ"

ခြံစောင့်ကတံခါးဖွင့်ပေးသည်။ အထဲဝင်ခဲ့ကြသည်။ အိမ်ထဲက အပြင်အဆင်တွေကလည်း တကယ့်အမိုက်စားတွေချည်း။ ကျွန်းသစ်၊ ကျောက်စိမ်း၊ စကျင်ကျောက်တွေကို သူ့နေရာနှင့်သူ လှပစွာတန်ဆာဆင်ထားသည်။

"ကဲ ခဏနားကြဦး။ ပြီးရင် အခန်းပေးမယ်"

ဧည့်ခန်းက အကျယ်ကြီး။ ပရိဘောဂတွေကလည်း ကောင်းပေ့ဆိုတာတွေချည်း။ သူရိန်က ရီမုယူကာ တီဗွီဖွင့်ပေးသည်။ တီဗွီက လက်မသုံးဆယ်လောက်ရှိသည့် Plasma TV ကြီး။

"သူရိန် မင်းကတကယ့် ဘောစိပဲကွာ"

"ဟေ့ကောင် မင်းဘယ်နှစ်ခါပြောနေမှာတုံး"

သူရိန်က နှုတ်ခမ်းထောင့်တစ်ဖက်တည်းတွန့်ကာ ပြုံးရင်း ပြန်ပြောသည်။

"မင်းတို့ ဘာအလုပ်လုပ်လဲ"

"သစ်လုပ်ငန်း"

မေသူက ခေါင်းတဆတ်ဆတ်ညိမ့်နေသည်။

"တခြားလုပ်ငန်းတွေလည်းရှိတယ်။ သစ်က ပင်မလုပ်ငန်းပေါ့"

"ဒါနဲ့များ မင်းဘာလို့ သိုသိုသိပ်သိပ်နေနေတာလဲ"

"ဟမ်. . ငါက ဘယ်လိုသိုသိပ်နေလို့လဲဟ။ ပုံမှန်နေတာပဲကို"

"မဟုတ်ဘူးလေကွာ။ မင်းက ဒီလောက်ချမ်းသာတာကို အဆောင်မှာနေတယ်၊ ဘတ်စ်ကားနဲ့ ကျောင်းလာတယ်"

"ဩော် ဒါက ရန်ကုန်ရောက်စမို့ကွ။ ငါက ရန်ကုန်မှာ ကားမမောင်းဖူးသေးဘူးလေ။ အဆောင်ကလည်း ရောက်စမို့ပါ။ ကျောင်းပြန်ဖွင့်ရင် တိုက်ခန်းတစ်ခန်း ဝယ်ချင်လည်းဝယ်မယ်၊ ငှားချင်လည်းငှားမယ်"

အတော်ကြာနားပြီး အခန်းတွေလိုက်ပြသည်။

"မင်းကတော့ ငါ့အခန်းမှာပဲနေပေ့ါ။ မေသူ့ကို တစ်ခန်းပေးလိုက်မယ်။ ဖြစ်တယ်မဟုတ်လား"

"သိပ်ဖြစ်တာပေါ့ကွာ"

"ကဲ ငါ့သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ်သာ နေကြ။ ငါ့အဖေက နိုင်ငံခြားထွက်သွားတယ်။ အမေက မြို့ထဲသွားတာ။ ခဏနေရင်ပြန်လာလိမ့်မယ်"

မုံရွာမှာ ကျွန်တော်တို့ အတော်ပျော်ကြပါသည်။ မုံရွာမြို့အနောက်ဘက် ချင်းတွင်းမြစ်ကူးတံတား၊ တစ်ဖက်ကမ်းက ရွှေတောင်ဦးဘုရား၊ မိုးညှင်းသံဗုဒ္ဓေ၊ လေးကျွန်းမာန်အောင် ရပ်တော်မူဘုရားကြီး၊ ရွှေစည်းခုံဘုရားတွေသွားလည်ကြ၊ ဖူးမြော်ကြသည်။ နယ်မြို့လေးပေမယ့် ဆိုင်ကယ်နဲ့ မသွားရ။ သူရိန့်ပြိုင်ကားနှင့် လည်ပတ်ကြသည်။ မုံရွာမြို့ပြင်ရောက်တိုင်း သစ်လုံးပုံကြီးတွေ၊ သစ်ကားကြီးတွေ မြောက်မြားစွာကို တွေ့ရသည်။ တွေ့လိုက်တိုင်းလည်း သူရိန်က လက်ညှိုးထိုးပြတတ်သည်။ သူ့အဖေပိုင်တာတွေချည်းတဲ့။ ခုတော့ သူရိန်က မေသူနှင့် လုံးဝဥဿုံလိုက်ဖက်သွားပါပြီ။ ဒီလို အခြေမြင့်၊ အနေမြင့် ရှိပြီးသားမို့ သူရိန် တည်ငြိမ်သွေးအေးနေတယ်ဆိုတာ ကျွန်တော်လည်း ခုမှသဘောပေါက်ပါတော့သည်။

"မေသူက မနက်ဖြန်အဖြေပေးမယ်တဲ့ ကိုယ့်လူ"

သူရိန်က ထုံးစံအတိုင်း ခပ်အေးအေးပြောသည်။

"မင်း တော်တော်ပျော်နေမှာပေ့ါ"

"ဒါပေ့ါကွာ။ ငါသူ့ကို စတွေ့ကတည်းက တအားချစ်ခဲ့ရတာကွ"

"ဟုတ်ပါပြီ။ ဒါနဲ့ မင်းကို တစ်ခုမေးရဦးမယ်"

"အင်း"

"အရင်က မင်းဘယ်လောက်ကြိုးစားကြိုးစား မေသူက မတုံ့ပြန်ခဲ့ဘူးလေကွာ။ ခု ချက်ချင်းကြီးပြောင်းလဲသွားတာ ဘာကြောင့်လဲလို့ မင်းတွေးမိတာမျိုးမရှိဘူးလား"

သူရိန်က ကျွန်တော့်ပခုံးကိုဖက်ကာ ပြုံးသည်။

"မင်းပြောချင်တာ ငါသိပါတယ်ကွာ။ ငါချမ်းသာမှန်းသိသွားတော့မှ မေသူက ပြန်ချစ်တာကို မင်းပြောချင်တာ မဟုတ်လား"

"အေး ဟုတ်တယ်"

"ဒါဖြစ်သင့်ပါတယ်ကွာ၊ မိန်းကလေးဆိုတာ သူ့အားကိုးနိုင်မယ့်၊ သူ့ဘဝအာမခံချက်ရှိမယ့် ယောကျ်ားကိုပဲ လက်တွဲချင်မှာပေ့ါ"

"မင်းချမ်းသာမှန်းမသိရခင်ကတည်းက ပြန်ချစ်လို့ရပါတယ်ကွာ။ ဆရာဝန်လောင်းချင်းပဲဟာ"

"ပညာအရည်ချင်းလေးပဲ တူတာလေကွာ။ ဘက်ဂရောင်းက တခြားစီကြီးကို။ ငါကတော့ ခုမှပြန်ချစ်တာကို ပိုကျေနပ်တယ်"

"ဘာဖြစ်လို့လဲ"

"ငါချစ်တဲ့မိန်းကလေးက ငါ့ကိုပြန်ချစ်တာဟာ ငါက သူ့အတွက် မက်လောက်စရာရှိလို့၊ တခြားယောကျ်ားတွေထက် ရွေးချယ်ချင်စရာကောင်းနေလို့ပဲ ဖြစ်ချင်တယ်။ ဒါမှ ငါက တန်ဖိုးရှိတဲ့ယောကျ်ားတစ်ယောက်ဖြစ်မှာပေ့ါ။ မျက်နှာလေးချောတာ နှစ်သက်မိတာနဲ့ ဒီယောကျ်ား ဘာကောင်ပဲဖြစ်နေနေ ပြန်ချစ်လိုက်တဲ့မိန်းမတွေကို ငါမကြိုက်ဘူးကွ။ ခပ်တုံးတုံးမိန်းမတွေလို့ မြင်တယ်"

"ဒါဆို မင်းကို သာမန်လူထင်တုန်းက ပြန်မချစ်ဘဲ သူဌေးသားမှန်းသိမှ ပြန်ချစ်တဲ့ မင်းဆရာမက ထက်မြက်တဲ့သူပေ့ါ ဟုတ်လား"

"ဒါပေ့ါ"

သူရိန်က ပြုံးပြုံးကြီးလုပ်ကာ ဖြေသည်။ တစ်ဆက်တည်း နောက်လိုက်သေးသည်။

"ထက်မြက်တဲ့ မေသူလေးအတွက် ငါက တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်ရတာ ဂုဏ်ယူတယ်"

"မင်းကတော့ ဝိုင်းစုခိုင်သိန်းဖြစ်နေပြီ"

"ဘာလဲကွ"

"အပြစ်မမြင်ပါဘူး ချစ်ချင်တာပဲသိတယ်နော် လေကွာ"

သူရိန်က ကျွန်တော့်စကားကိုသဘောကျကာ ရယ်နေပါတော့သည်။

သူရိန်နှင့် မေသူ ချစ်သူတွေဖြစ်ပြီး နှစ်ယောက်သား အတော်ပျော်ကြပါသည်။ သူရိန်က မေသူကို အတော်အလိုလိုက်သည်။ ဘာဖြစ်ချင်သလဲ အမြဲအဆင်သင့်ဖြစ်နေရမယ်ဆိုတဲ့ ပုံစံမျိုး။ သူ့ကားပေါ်မှာလည်း မေသူကို အမြဲပင်တွေ့နေရပြီ။ ရှေ့သွားနောက်လိုက်ညီသော စုံတွဲပါပေ။ နေနဲ့လ ရွှေနဲ့မြပါပဲ။

ကျွန်တော်ကတော့ တစ်လအတွင်း ပြောင်းပြန်ဖြစ်သွားသော အခြေအနေတွေကို အံ့သြမိတုန်း။ ကြည့်လေ။ ဟိုတုန်းက မမီသည့်ပန်းကို တုံးခုပြီးလှမ်းနေသည့် ကောင်လေးအဖြစ် ကျွန်တော်မြင်ခဲ့မိသော သူရိန်သည် အခုတော့ ထိုပန်းကလေးထက် အဆပေါင်းများစွာကြွယ်ဝသောသူ ဖြစ်နေသည်။

သို့သော် ကျွန်တော် အံ့သြလို့မှမဆုံးလိုက်။ အခြေအနေတွေက တစ်မျိုးတစ်ဖုံပြောင်းလဲသွားပြန်သည်။ ချစ်သူတွေဖြစ်ပြီး နှစ်လကျော်ကျော်လောက်မှာ မေသူက သူရိန့်ကို ဖြတ်သွားသည်။ မကြာခင်မှာပင် ချစ်သူအသစ်ရသွားသည်။ ရည်းစားအသစ်က ကျောင်းကမဟုတ်။ မေသူ့ထက် လေးနှစ်လောက်ကြီးသည်။ သူ့အဖေကုမ္ပဏီမှာ ဝင်လုပ်နေသူ။ မိဘအသိုင်းအဝိုင်းက ကျိုကျိုတက်ချမ်းသာသည်။ ရုပ်ရည်ကတော့ သူရိန်ထက်အများကြီးညံ့ပါသည်။ အသားညိုညို မျက်နှာကြောတင်းတင်းနှင့်။

ကျွန်တော်ကတော့ သူရိန်တော်တော်ခံစားနေရမှာပဲဟု ထင်နေသည်။ တော်တော်လည်း ခံပြင်းနေမှာပဲ။ တကယ့်အဖြစ်ကား ထိုသို့မဟုတ်။ သူသိပ်ချစ်သော ကောင်မလေးကို လွမ်းပုံရသော်လည်း ယူကျုံးမရဖြစ်နေဟန်တော့ မတွေ့ရ။ ဒေါသဖြစ်နေတာလည်း မမြင်မိ။

"သူရိန် မင်းကြည့်ရတာ သိပ်မခံစားရသလိုပဲနော်"

"အေး မခံစားရဘူး၊ အဲလို ခပ်တုံးတုံးမိန်းကလေးနဲ့ လွဲရတာ ကံကောင်းပါတယ်ကွာ"

"ဟင် မင်းက မစားရတဲ့စပျစ်သီး ချဉ်တော့တာလားဟ။ မင်းပဲ ထက်မြက်တဲ့မိန်းမဆို"

"မဟုတ်ဘူးကွ။ ငါအထင်မှားခဲ့တာ။ မေသူက တကယ်တုံးတယ်"

"ကဲ လင်းစမ်းပါဦးကွာ။ ထက်မြက်တဲ့ ချစ်သူဟောင်းကြီးက ဘယ်လိုလုပ် တုံးအတဲ့မိန်းမကြီး ဖြစ်သွားရတာတုံး"

ဒီကောင် သိပ်မခံစားရတာသိရတော့ ကျွန်တော်လည်း ပေါ့ပေါ့ပါးပါးပင် မေးလိုက်သည်။ သူ့အတွက် ကျွန်တော်က ဝမ်းသာနေခြင်းဖြစ်သည်။ ကျွန်တော်ပင်ကြားထဲက မေသူ့ကို စိတ်ဆိုးမိသေးတာပဲ။ ခုဒီကောင်က ခံနိုင်ရည်ရှိနေတော့ သူငယ်ချင်းအတွက် စိတ်သက်သာရာရသည်။ သူရိန်က ပါးစပ်ထဲကအစာတွေကုန်အောင် ဝါးပြီးမှ တစ်ခွန်းချင်းဖြေသည်။

"မေသူက အမြင့်အလွန်မှန်းတာ သိပြီးသားပဲ။ ခု သူက ငါ့ထက်ချမ်းသာတဲ့ကောင်ကို ရွေးသွားတယ်။ အဲဒါ တုံးလို့ကွ"

"မင်းပဲ အဲဒါကို ထက်မြက်တာဆို"

"အေး ပုံမှန်ဆိုရင်တော့ အဲလိုငါလက်ခံထားတယ်။ ခု မေသူကတော့ တကယ်ကိုတုံးတယ်။ ခုသူရွေးလိုက်တဲ့သူက တစ်သက်စားမကုန်အောင် ချမ်းသာတယ်။ ဒါပေမယ့် ငါ့ကလည်း တစ်သက်စားမကုန်အောင် ချမ်းသာတဲ့ကောင်ပဲ။ ငါက သူ့ရည်းစားထက် ရုပ်ရည်လည်းသာတယ်။ သူ့ကိုလည်း ငုံထားမတတ်ချစ်တာ မင်းတို့အသိပဲလေ"

"ဟုတ်ပါတယ်၊ အဲဒီတော့ ဆက်ပါဦး"

သူရိန်က လည်ပင်းကို ရှေ့ထုတ်ကာ ကျွန်တော့်ကို စိုက်ကြည့်ပြီး အသံကိုနှိမ့်၍ပြောသည်။

"သူငယ်ချင်း ငွေတစ်ရာကျပ်က တစ်သက်စားမကုန်တဲ့ ပမာဏဆိုပါစို့။ ဒါဆို ငွေနှစ်ရာကျပ်ကို ငမ်းငမ်းတက်စရာလိုသေးလား"

ကျွန်တော်က ဘာမှပြန်မပြောဘဲ ဆက်ပြောဆိုသည့်သဘောနှင့် ငြိမ်နေလိုက်သည်။

"ခု ငါက ငွေတစ်ရာချမ်းသာတဲ့သူ။ မေသူ့ ချစ်သူအသစ်က ငွေနှစ်ရာချမ်းသာတဲ့သူပေ့ါ။ သူ့ချစ်သူ ငွေနှစ်ရာသူဌေးက သူ့ကို သာမန်ပဲသဘောထားတာကွ။ ငွေတစ်ရာသူဌေး ငါက သူ့ကို ဘုရင်မတစ်ပါးလို တန်ဖိုးထား မြတ်နိုးခဲ့တာ။ တစ်သက်တာအတွက် စားမကုန်နိုင်လောက်တဲ့ ကြွယ်ဝမှုပိုင်ဆိုင်တာချင်းအတူတူ မေတ္တာတွေရော၊ တန်ဖိုးထားမှုတွေရော ပိုသာတဲ့ ငါ့ကိုပစ်ပြီး ပိုင်ဆိုင်မှုကိန်းဂဏန်းပိုကြီးတဲ့ ငွေနှစ်ရာသူဌေးကို သူရွေးသွားတာ အဲဒါ တုံးလို့ပေ့ါ"

သူရိန်၏ ဥပမာပေးပိုင်မှုနှင့် ဆိုလိုရင်းကို သဘောကျကာ ကျွန်တော် ပြုံးမိသည်။

"ဟုတ်ပါပြီမောင်ရာ။ ဒါနဲ့ မင်း နောက်ချစ်သူရွေးရင် တုံးတာကို ရွေးမှာလား၊ ထက်မြက်တာကို ရွေးမှာလား"

"မဖျှိမ ပဋ္ဋိပဋ္ဍာ မထက်မတုံးလေးပေ့ါကွာ"

"ဟား ဟား ဟား . . . ."

သူငယ်ချင်းနှစ်ယောက် ဟက်ဟက်ပက်ပက်ရယ်မောဖြစ်ကြသည်။ ထိုခဏမှာပင် ကားတံခါးကို ဆောင့်ကြီးအောင့်ကြီးပိတ်ကာ ဆင်းလာသော ကျွန်တော်တို့၏ သူငယ်ချင်းမလေး မေသူနှင့် သူမကို တစ်ချက်မှလှည့်မကြည့်ဘဲ ကားကိုအရှိန်ပြင်းစွာ မောင်းထွက်သွားသော သူ့ရည်းစားအသစ်ကြီးကို လှမ်းမြင်လိုက်ရပါသည်။

■

# ဖေဖေမေမေတို့၏ ရင်သွေးငယ်



သစ္စာဖြူ (ကုံကော်မြေ)
တတိယနှစ် အင်္ဂလိပ်စာ
ရန်ကုန်တက္ကသိုလ်



တစ်နေ့ဘကြီးဖြစ်သူကျွန်တော်က ကျူရှင်မှ ပြန်အလာ ခေတ္တနားနေသော တူမလေးအား "ကေသီ သမီးတို့မိသားစု အိမ်ပြောင်းကြတော့မှာဆိုတော့ ဒီက သူငယ်ချင်းတွေကို သတိရနေတော့မှာပေါ့"ဟု စကားစလိုက်သည်။

"ဟာ ဘကြီးတုတ်ကလည်း မလွမ်းနိုင်ပါဘူး။ သမီးလည်း သူတို့ကို လွမ်းမှာမဟုတ်သလို သူတို့လည်း သမီးကို လွမ်းမှာ မဟုတ်ဘူး။ မလွမ်းတာဘဲ ကောင်းပါတယ်။ သူငယ်ချင်းတွေက သမီးအပေါ် ကောင်းကြတာ မဟုတ်ဘူး။ သမီးကိုပဲ မုန်းနေကြတာ။ သမီးကို စာတော်တယ်ဆိုပြီး ကျိတ်မနာလိုဖြစ်နေကြတာ။ ဘကြီးတုတ်မသိလို့"ဟုဆိုပြီး လျှာထုတ်ကာ "ဝေါ့"ဟူသော အသံလေးနှင့်အတူ ရွံရှာသည့်မျက်နှာပုံစံပါ လုပ်ပြလိုက်သေးသည်။

"ဟိုက် ဘာတွေဖြစ်နေပါလိမ့်" ကျွန်တော်အနည်းငယ်တုန်လှုပ်သွားသည်။ ကျွန်တော်သိထားသလောက် ကေသီလေးက ကူညီတတ်သည့်၊ မိဘစကားလည်းနားထောင်သည့်(ကလေးတို့သဘာဝ ဂျစ်ကန်ကန်ကျသည်၊ ပူဆာတတ်သည်ကိုတော့ ထည့်မတွက်ချင်တော့) ကျွန်တော်အပြင်ကပြန်လာပြီဆို ရေခပ်တိုက်ပေးတတ်သည့် သူ့အရွယ်နှင့်သူ သိတတ်လိမ္မာသည်ထင်ရသည့် မူလတန်းကျောင်းသူလေး။ ဒီတော့ ကလေးရဲ့ စိတ်ခံစားမှု အပြောအဆိုကို ကျွန်တော် ပတ်သက်ပြီး များများစားစားမစိုးရိမ်ခဲ့။ ခုတော့ မုန်းချက်နဲ့ နှမ်းထွက်မကိုက်လှပြီ။

ကေသီလေး ဒီလိုဖြစ်နေတာရဲ့ အဓိကအကြောင်းရင်းကို ရှာကြည့်တော့ သူ့မိခင်၊ ကျွန်တော့်ညီမ ဒေါ်ရွှေလုံးကို ပြေးမြင်သည်။

ရွှေလုံးက သူ့သမီးကို တအားဂရုစိုက်သည်။ ဂရုစိုက်လွန်နေသည်ဟုပြောလျှင် ပိုမှန်လိမ့်မည်။ သူ့သမီး ခဲဖျက်သူများငှားပြီး ပြန်မပေးလည်း သူဝင်ပါသည်။ သူ့သမီး စာအုပ် သူများငှားလို့ စုတ်ပြဲသွားတုန်းကလည်း သူဝင်ကောသည်။ ဆရာမနှင့်သွားတိုင်သည်။ ဒီလိုနှင့် သူ့သမီးရဲ့ အသည်းအိမ်ထဲ သူငယ်ချင်းမုန်းတီးစိတ်တွေ ရိုက်သွင်းမှန်းမသိ ရိုက်သွင်းခဲ့မိသည် ထင်သည်။ ခုတော့ သမီးဖြစ်သူက သူငယ်ချင်းဆိုလျှင် မုန်းစရာရန်သူအဖြစ်သာ မြင်ချေတော့သည်။

"ဪ-ခက်ပ ရွှေလုံးရယ်၊ ညည်းသမီး ညည်းမရှိတဲ့အခါ အားပေးဖော်၊ ကူညီဖော်၊ တိုင်ပင်ဖော်၊ ဆိုးဖော်ကောင်းဖက်သူငယ်ချင်းမရှိ တစ်ကိုယ်တည်း အထီးကျန်ဖြစ်ချေတော့မည်။ တစ်ဦးတည်းသောသမီးမို့ မောင်နှမဆိုသည်လည်း တစ်ဦးမှမရှိ။ ခုတော့ သူငယ်ချင်းဆိုသည်လည်း တစ်ယောက်မှမရှိ။

ကေသီလေးရဲ့ သူငယ်ချင်းမုန်းတီးစိတ်ကို ခုနေမပြင်ရင် သူလေးဘဝ အနာဂတ်က ရင်လေးစရာ။ ခက်ရချည်ရဲ့။ တွေးပူနေရုံနှင့်တော့မရ။ ကိုယ်တတ်နိုင်တဲ့ဘက်က တစ်ခုခုတော့ လုပ်ပေးကောင်းရဲ့ဆိုပြီး အရင်ဆုံး ကလေးစိတ်အပြောင်းအလဲလည်းဖြစ်အောင် ကေသီလေးကို အပြင်ခေါ်ထုတ်ခဲ့သည်။

ဒီလိုနှင့် ကလေးကစားကွင်းဘက် ရောက်လာခဲ့သည်။ ကစားကွင်းမှာ ကလေးတစ်သိုက် ပျော်ပျော်ပါးပါးကစားနေကြသည်။ မိဘများကလည်း ဆိုးဆိုးရွားရွားအန္တရာယ်မဖြစ်နိုင်လျှင် ကလေးတွေကြားဝင်မပါ။ ကလေးများအော်လိုက်ဟစ်လိုက် ရယ်လိုက်ငိုလိုက် စနောက်လိုက်ပြန်တည့်သွားလိုက်နှင့်။ သူ့ဟာနှင့်သူ ဟုတ်နေကြသည်။

ကလေးသိုက်ထဲမှ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ဆီ ဘောလုံးလှမ်းပစ်လိုက်သည်။ ကောင်မလေးမျက်နှာမှန်ပြီး မျက်လုံးထဲ ဖုန်များဝင်သွားသည်။ ဘောလုံးအရှိန်ကြောင့် ကောင်မလေးလဲကျသွားသည်။

ထိုစဉ် အချိန်အတော်ကြာ နှုတ်ဆိတ်နေခဲ့သော ကေသီလေး ထပြောသည်ကား "တွေ့လား ဘကြီးတုတ် ဟိုကောင်လေး လုပ်လိုက်တာ ကောင်မလေး ဘောလုံးမှန်သွားပြီ။ အဲဒါကြောင့် သမီး ကျောင်းကလူတွေနဲ့ မကစားချင်တာ။ သူငယ်ချင်းတွေက မကောင်းဘူး။ သမီးကို နာအောင်လုပ်တယ်"။

တကယ်တော့ကောင်လေးက ကောင်မလေး နာပါစေတော့ဆိုပြီး ဘောလုံးကို တမင်တကာ ပစ်လိုက်သည် မဟုတ်။ မတော်တဆမျက်နှာမှန်သွားခြင်းသာ။ သို့ပေမယ့် ကောင်မလေး တော်တော်နာသွားလိမ့်မည်တော့အမှန်ပင်။

ဒါကို ကေသီလေးနားလည်အောင် ကျွန်တော်ရှင်းပြရသည်။ သူလေးက နားထောင်ပြီး ခေါင်းတော့ညိတ်ပြသည်။ ပုံစံကြည့်တော့ သိပ်လက်ခံချင်ပုံမရသေး။

ခဏကြာတော့ မထင်မှတ်သည့် အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့သည်။ စောစောက ဘောလုံး မှန်သွားသော ကောင်မလေးဆီ ဘောလုံးပစ်လိုက်တဲ့ ကောင်လေး ရောက်လာသည်။

"ဆောရီးပါဟာ ငါ တမင်တကာရည်ရွယ်တာ မဟုတ်ပါဘူး။ နင်တော်တော်နာသွားမှာပဲ။ နင့်မျက်နှာ တအားနာသွားတယ်ဆို လူကြီးတွေကို သွားပြကြည့်ရအောင်။ ငါ့ကိုစိတ်မဆိုးပါနဲ့နော်"ဟု အရွယ်နှင့်မလိုက်အောင်ပင် တောင်းပန်စကားစဆိုလာသည်။

ကာယကံရှင်ကောင်မလေးကလည်း သူ့အမေ ပြေးတိုင်ခြင်းမရှိ။ အော်ဟစ်ငိုယိုခြင်းလည်းမရှိ။ တစ်ပါးသူ၏ မတော်တဆအမှားကို သူ၏ချစ်စဖွယ်အပြုံးလေးနှင့် ခွင့်လွှတ်ပေးရှာသည်။ နှစ်ဦးသား နားလည်မှုရပြီး ကောင်လေးက ကောင်မလေးကိုဆွဲထူပေးသည်။ ကောင်မလေးက ဘောလုံးကိုကုန်းကောက်ပြီး ကောင်လေးကို ပြန်ပေးသည်။ ထို့နောက် အပြုံးမပျက်ပင် ဆက်ကစားကြသည်။

ဤအဖြစ်အပျက်ကို ကျွန်တော်နှင့် ကေသီလေးသာမက ကလေးနှစ်ယောက်၏ မိခင်တို့သည်လည်း မြင်ကြ၏။ သို့သော် မလိုအပ်သေးဘူးဟုယူဆ၍ ကလေးတွေကြား ဝင်ရောက်စွက်ဖက်ခြင်းမပြု။ ဖြစ်လာသော ပြဿနာကို ကလေးအချင်းချင်း ဖြေရှင်းစေသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှုရယူစေသည်။ ဖြစ်တတ်သည့်သဘောကို နားလည်သင်ယူမှတ်သားစေသည်။

ထိုစဉ်က ကေသီလေးမျက်နှာပေါ် ရောင်ပြန်ဟပ်ခဲ့တဲ့အပြုံး။ အဲဒီအပြုံးကို ကျွန်တော်ဘယ်တော့မှ မေ့နိုင်မည်မထင်။ ကေသီလေးတစ်ယောက် အနည်းဆုံး တွေးစရာတစ်ခုတော့ ရသွားလိမ့်မည်။

ကျွန်တော်သိသည်။ တခြားမြောက်မြားစွာသော ကေသီလေးများလည်း ရှိလိမ့်မည်။ ထိုကေသီလေးများကိုလည်း ဒီစာလေးနှင့် ကျွန်တော်တတ်နိုင်တဲ့ဘက်က ကူညီနိုင်စွမ်းပါရဲ့ဟု ဆန္ဒပြုရင်း။ ။

## ခိုကိုးရာ

ဘဝရဲ့လှည့်စားမှုအောက်မှာ
ခိုကိုးရာမဲ့နေတဲ့ခံစားချက်ကို
အားနည်းချက်မို့
နှုတ်ဆက်ဖော်မရကြဘူး။
လူတွေရဲ့
အပေါ်ယံသုံးနေတဲ့အပြုံးတွေ
ရင်ထဲကိုတော့ဖုံးမထားနိုင်ပါဘူး။
မတူညီတဲ့ အတန်းစားအတွက်
အာမခံချက် မပေးရဲစေဘူး။
အထင်သေးခံရတဲ့ဘက်က
နလုံးသားပါ လက်နက်ချလိုက်ရတယ်။
အပြင်းစားအတိတ်ကံကြောင့်
နပ်မှန်အောင်မစားရတော့
ခါးစည်းခံနေတတ်ဖို့
ဘဝကိုကျွန်ပြုပြီး
လောကကြီးကို သခင်ပြုလိုက်တယ်။

ရိုးတံ(ပုလဲ)

# လှုံ့ဆော်ခြင်းထက် လုပ်ယူခြင်းက ပိုထိရောက်

မောင်မြင့်ဝင်း



အမေရိကန်ပြည်ထောင်စု မီချီဂန်ပြည်နယ်မှ ဆံပင်ညှပ်ဆိုင်တစ်ဆိုင်မှာ ဆံပင်ညှပ်ရင်း စာဖတ်တဲ့ကလေးတွေကို ဆံပင်ညှပ်ခ ဈေးလျှော့တောင်းတယ်ဆိုတဲ့ စာလေးတွေ့လိုက်ရတော့ ပီတိဖြစ်ခဲ့ရတယ်။ လေးစားအတုယူဖို့ ကောင်းပါတယ်။

အပြင်မှာ "စာဖတ်ကြပါ စာဖတ်ကြပါ"လို့ကြွေးကြော်နေတာနဲ့စာရင် ဒီနည်းက ထိရောက်မှုအများကြီးဖြစ်စေပါတယ်။ အတုယူလုပ်ဆောင်သင့်ပါတယ်။

လူငယ်ဆိုတာ မခံချင်စိတ်လေးတွေရှိသလို အလောင်းအစားစိတ်၊ စူးစမ်းအကဲစမ်းချင်တဲ့စိတ်၊ သိချင်စိတ်တွေက ကိုယ်စီရှိတတ်ကြပါတယ်။ ဒီစိတ်လေးတွေဖြစ်နေချိန်မှာ စာဖတ်ခြင်းအလေ့အထအဖြစ် အသိဉာဏ်ကြွယ်ဝအောင် ပြုစုပျိုးထောင်သင့်ပါတယ်။

မြတ်စွာဘုရားရှင်လက်ထက်အခါက မုဆိုးယစ် သောက်စားနေတဲ့သားကို ဘုရားရှင်ထံသွားပြီး တရားနာရင် အသပြာပေးမယ်လို့ မိခင်က ပြောဆိုဆွဲဆောင်ပြီး တရားအနာခိုင်းရာမှ တရားထူးရသွားတဲ့ သာဓကလည်း ရှိခဲ့ဖူးပါတယ်။

**ဒီနေ့ မြန်မာလူငယ်အများစုကို**
**စာဖတ်ပါပြောနေမယ့်အစား**
**စာဖတ်ခြင်းကြောင့် လက်တွေ့ရလာမယ့်အကျိုးကို**
**အရင်ပေးခြင်းက ပိုပြီးထိရောက်လိမ့်မယ်လို့**
**မြင်မိပါတယ်။**

ပြီးတော့ လူဆိုတာ လောဘသားပါ။ လိုအပ်ချက်တွေနဲ့ ပြည့်နေသူကို ပြည့်စုံမှုတွေပေးပြီး လိုချင်တဲ့ပုံစံကို လုပ်ယူခြင်းက လှုံ့ဆော်ခြင်းထက် ပိုပြီးထိရောက်စေပါတယ်။

ဒီနေ့မြန်မာလူငယ်အများစုကို စာဖတ်ပါပြောနေမယ့်အစား စာဖတ်ခြင်းကြောင့် လက်တွေ့ရလာမယ့်အကျိုးကို အရင်ပေးခြင်းက ပိုပြီးထိရောက်လိမ့်မယ်လို့ မြင်မိပါတယ်။

အဲဒီကမှတစ်ဆင့် ဒါလုပ်ရင်ဒါရတယ်ဆိုတဲ့ အသိရစေဖို့ အဆင့်ဆင့်ဆွဲဆောင်စည်းရုံးလုပ်ဆောင်ရမှာဖြစ်ပါတယ်။ တဖြည်းဖြည်း သူတို့ရင်ထဲ စာပေအသိလေးတွေ ထိုက်သင့်သလောက်ရလာပြီဆိုရင် စာမဖတ်နဲ့တားရင်တောင် တားဆီးလို့ရတော့မှာမဟုတ်ပါဘူး။

## အမေ့ထံသို့ပြန်ဦးစို့

လူတိုင်းမှာတော့
အပူလှိုင်းဖြာ အထွေထွေသောကနဲ့
အမေဆိုတာရှိတယ်။
ကိုးလလွယ် ဆယ်လဖွားပါလို့
ဝါးဖတ်တော် ကစီအနှစ်များရယ်က
စင်စစ်အားကွယ်။
သူ့မေတ္တာ မလစ်သဋ္ဌါအစွမ်းဟာဖြင့်
အနီရောင်လွှမ်း သွေးမြခြယ်
ထွေးပွေ့ဆယ် အဖြူရောင်ပေး။
အနန္တကရုဏာရှင်
သီတာရေစင် မြင်းမိုရ်ထက်များပါလို့
ပြဟ္မစိုရ်မြတ်တရားနဲ့ အကြင်နာပို
ဇရာအိုအမေ့ထံကိုဖြင့်
နေညိုညိုမပြန်ခင်မှာပေါ့
စိတ်ဘဝင် ကျေးဇူးတွေးလို့ရယ်
(ကွယ်တို့ရေ)
ဖေးမလုပ်ကျွေး။ ။

သင်းစေမင်း



ထွန်းအောင်လှိုင်

# အရိုးကို အရွက်မဖုံးစေချင်

လူမှုကွန်ရက်စာမျက်နှာများတွင် နေ့ရှိသရွေ့ တွေ့နေရသော "အာ့လာပြောထှာ"၊ "ဂယ်ကြောထှာ"၊ စမီးရဲ့ ကွီးလေ"ဆိုသည့်စကားအသုံးများကို မြင်တွေ့နေရသည်။ ထိုစကားအသုံးများကို မြင်တွေ့နေရသောကြောင့် ဟိုးအရင်တစ်ချိန်တုန်းက ကြွေးကြော်သံတစ်ခုကို သတိရတမ်းတမိသည်။ ၎င်းမှာ-

"ဗမာပြည်သည် တို့ပြည်၊
ဗမာစာသည် တို့စာ၊
ဗမာစကားသည် တို့စကား၊
တို့ပြည်ကို ချစ်ပါ၊
တို့စာကို ချီးမြှင့်ပါ၊
တို့စကားကို လေးစားပါ" ဟူသော တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံဖြစ်ပါသည်။ တို့ဗမာအစည်းအရုံးသည် ထိုကြွေးကြော်သံစကားကို ကြွေးကြော်စဉ်အခါတုန်းက မြန်မာနိုင်ငံမှာ သူတစ်ပါးလက်အောက် ကျွန်သားပေါက်ဘဝဖြင့် ကျရောက်နေရသောအချိန်ဖြစ်သည်။ ထို့ကြောင့် ကိုယ့်လူမျိုး၊ ကိုယ့်စကား၊ ကိုယ့်စာပေ မပျောက်ပျက်စေရန် ရည်ရွယ်၍ ကြွေးကြော်ခဲ့ခြင်းဖြစ်သည်။ ဤသည်ကို အားလုံးလည်း အသိပင်ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ဤဆောင်ပုဒ်ကို အရေးထားပြီး မြန်မာစာ၊ မြန်မာစကားကို (ယနေ့ခေတ်အခါတွင် လူမှုကွန်ရက်စာမျက်နှာများပေါ်၌ တွင်တွင်သုံးလာသော သရုပ်ပျက်စကားအသုံးအနှုန်း များနှင့်ပတ်သက်ပြီး) အလေးထားသင့်ကြောင်း အသိပေးထားသောကဗျာလေးတစ်ပုဒ်ကို ဖတ်လိုက်ရပါသည်။

> "အမှားမှာ အကျင့်ပါ၊ အမှန်ပါ မေ့သွားတတ်တယ်"ဆိုသည့်အတိုင်း အမှားဆိုတာ သိသိချင်းမပြင်ဘဲ နောက်မှပြင်မည်ဆိုလျှင် ကဗျာစာသားလေးအတိုင်းပင် အမှန်ဆိုတာ မေ့သွားပါလိမ့်မည်။

"အရိုးကို . . . အရွက်မဖုံးစေနဲ့"
'ဟွာလေ' 'စမီးကိုသက်လား'
'ဂယ်ကျောထှာ' 'ဘူဒွေလဲ'
'အာ့လေးလာပြောထှာ'
ပုံစံပျက်စာလုံးတွေနဲ့
မူရင်းသတ်ပုံပျက်သုဉ်း
ဖေ့စ်ဘွတ်ခ်မှာ
တွင်တွင်သုံးကြတယ်။
အပျော်သဘောသုံးသုံး
အလွယ်သဘောသုံးသုံး
အမှားမှာ အကျင့်ပါ
အမှန်ဆိုတာ မေ့သွားတတ်တယ်။
'တို့ပြည်ကို ချစ်ပါ
တို့စာကို ချီးမြှင့်ပါ
တို့စကားကို လေးစားပါ'ဆိုတဲ့
ဆောင်ပုဒ်ကို အလေးထား
မြန်မာစာ၊ မြန်မာစကားကို
အလေးထားကြပါ။
မြန်မာစာ၊ မြန်မာစကားဆိုတာ
တို့စာပေ တို့စကား
တို့တစ်တွေ တန်ဖိုးထားမှ
အများသူငါ လေးစားမယ်။
ဒါကြောင့်. . .
တို့စာပေ တို့စကားကို
အတည်အခံ့
ယဉ်ယဉ်ကျေးကျေး
စကားလုံးလေးတွေနဲ့
စာလုံးပေါင်းသတ်ပုံ အမှန်သုံး
အရိုးကို အရွက်မဖုံးရအောင်
ထုံးခလေ့
မမေ့ကြစေချင်ဘူး။ ။

**လင်းခ(မော်လမြိုင်)**

၎င်းကဗျာကို ဆရာလင်းခ(မော်လမြိုင်)ရေးစပ်သီကုံးထားပြီး မြန်မာစာ၊ မြန်မာစကားကို အလေးထားသင့်ကြောင်း အသိပေးထားပါသည်။ မှန်ပါသည်။ ဆရာလင်းခပြောသလို "အမှားမှာ အကျင့်ပါ၊ အမှန်ပါ မေ့သွားတတ်တယ်" ဆိုသည့်အတိုင်း အမှားဆိုတာ သိသိချင်းမပြင်ဘဲ နောက်မှ ပြင်မည်ဆိုလျှင် ကဗျာစာသားလေးအတိုင်းပင် အမှန်ဆိုတာ မေ့သွားပါလိမ့်မည်။ ထို့ကြောင့် အမှန်တွေမမေ့ရလေအောင် တစ်နည်းအားဖြင့် အရိုးကို အရွက်မဖုံးရလေအောင် စကားလုံးအမှန်တွေ များများပြောရင်း-

"တို့ပြည်ကို ချစ်ပါ
တို့စာကို ချီးမြှင့်ပါ
တို့စကားကို လေးစားပါ"ဟု ပြောပါရစေ။အားလုံးသော သူတို့သည်လည်း မြန်မာစာ၊ မြန်မာစကားကို အလေးဂရုပြုကြပါဟု ပြောပါရစေ။

■



တိုးတက်အောင်(ပဲခူး)
ပထမနှစ်၊ အင်္ဂလိပ်စာ(အဝေးသင်)၊
ပဲခူးတက္ကသိုလ်

# ကောင်းသောပုံရိပ်၊ မြဲသောအောင်မြင်မှု

လူတိုင်းမှာ ပုံရိပ်ကိုယ်စီ ရှိကြတယ်။ အဲဒီပုံရိပ်ကို ဖန်တီးတဲ့သူကတော့ ကိုယ်ကိုယ်တိုင်ပဲပေါ့။ တချို့လူတွေရဲ့ပုံရိပ်ဟာ အင်မတန်မှ လှပလွန်းတယ်။ သူတို့ကို တွေ့လိုက်ကတည်းက လူအများက လေးစားတယ်။ တချို့လူတွေရဲ့ ပုံရိပ်ကျတော့ အကျည်းတန်ရုပ်ဆိုးနေတယ်။ သူတို့ကိုတွေ့လိုက်ကတည်းက လူတော်တော်များများက မနှစ်သက်ကြဘူး။ ဝေါင်ဝေါင်ရှေ့ ဝေးဝေးရှောင်ချင်ကြတယ်။ ပုံရိပ်မကောင်းတဲ့သူတစ်ယောက်ဟာ လူ့လောကထဲမှာ ရပ်တည်ဖို့ အခက်အခဲမျိုးစုံရှိနိုင်ပါတယ်။ ပုံရိပ်မကောင်းရင် လူဝင်ဆန့်ဖို့နဲ့ လူကိုလူလို့ သတ်မှတ်ခြင်းခံရဖို့ မလွယ်ပြန်ဘူး။

ကျွန်တော်တို့ ပြုသမျှနှုသမျှ အခြေအနေအားလုံးက ကျွန်တော်တို့ရဲ့ ပုံရိပ်ကို ဖန်တီးနေပါတယ်။ ပုံရိပ်ကျဆင်းမှာ မလိုလားဘူးဆိုရင် ကျွန်တော်တို့ရဲ့အပြုအမူတွေကို တတ်နိုင်သလောက် ထိန်းသိမ်းနိုင်ဖို့ လိုတယ်။ ဥပမာ အနေနဲ့ပြောရရင် အနုပညာနယ်ပယ်ကသူတွေ အဆိုတော်၊ သရုပ်ဆောင်၊ မော်ဒယ်၊ စာရေးဆရာ အစရှိသဖြင့်ပေါ့။ သူတို့အားလုံးဟာ မိမိပုံရိပ်ကို ကောင်းမွန်စွာထိန်းသိမ်းနိုင်ဖို့ အရေးကြီးတယ်။ အဲဒီလိုမှ မဟုတ်ဘဲ ခဏတာ ရူးသွပ်တိုင်း မထင်ရင်မထင်သလို လျှောက်လုပ်နေရင်တော့ နှစ်ပေါင်းများစွာ တည်ဆောက်ထားတဲ့ အောင်မြင်မှုဟာ မိနစ်အနည်းငယ်အတွင်း ပျက်စီးသွားနိုင်ပါတယ်။

> ကျွန်တော်တို့ရဲ့အပြုအမူတွေကို နောက်ကွယ်က ထိန်းကျောင်းပေးနေတဲ့အရာတွေရှိပါတယ်။ အဲဒါတွေကတော့ အတွေ့အကြုံနဲ့ ရင့်ကျက်မှုပါ။ အတွေ့အကြုံကတော့ ကျွန်တော့်ဘဝတစ်လျှောက် ဖြတ်သန်းခဲ့သမျှအချိန်တွေ၊ ပြုလုပ်မိခဲ့သမျှ အမှားတွေပေါ့။ ရင့်ကျက်မှုကတော့ ဖြစ်လာတဲ့အခြေအနေ ဒါမှမဟုတ် ပြဿနာတစ်ခုကို တည်တည်ငြိမ်ငြိမ်ရင်ဆိုင်နိုင်ခြင်းပါ။

ကျွန်တော်တို့ရဲ့ပုံရိပ်ဟာ ကျွန်တော်တို့ နောက်မှာ အရိပ်တစ်ခုသဖွယ် အမြဲတမ်းလိုလို လိုက်နေပါတယ်။ ခဏတာရူးသွပ်ခြင်းက တစ်ဘဝစာအထိကို ထိခိုက်သွားတတ်တယ်။ ကျွန်တော်တို့ရဲ့အပြုအမူတွေကို နောက်ကွယ်က ထိန်းကျောင်းပေးနေတဲ့ အရာတွေရှိပါတယ်။ အဲဒါတွေကတော့ အတွေ့အကြုံနဲ့ ရင့်ကျက်မှုပါ။ အတွေ့အကြုံကတော့ ကျွန်တော့်ဘဝတစ်လျှောက် ဖြတ်သန်းခဲ့သမျှအချိန်တွေ၊ ပြုလုပ်မိခဲ့သမျှအမှားတွေပေါ့။ ရင့်ကျက်မှုကတော့ဖြစ်လာတဲ့အခြေအနေ ဒါမှမဟုတ် ပြဿနာတစ်ခုကို တည်တည်ငြိမ်ငြိမ်ရင်ဆိုင်နိုင်ခြင်းပါ။

ဒီလိုအခြေအနေတွေဖြစ်လာဖို့ဆိုရင် ပထမတစ်ချက် စာဖတ်ခြင်းနဲ့ စဉ်းစားတွေးခေါ် စူးစမ်းလေ့လာလိုစိတ်ရှိဖို့ လိုအပ်ပါတယ်။

စာဖတ်ခြင်းဟာ စိတ်ရဲ့ထွက်ပေါက်တစ်ခုလည်းဖြစ်သလို ကမ္ဘာ့အဖိုးတန်ဗဟုသုတဘဏ်တိုက်ထဲ ဝင်မွှေတာလည်း ဖြစ်နိုင်တယ်။ ကုန်ကျစရိတ် အသက်သာဆုံး ခရီးသွားခြင်းတစ်ခုလည်းဖြစ်သလို စာသင်ခန်းထဲမှာ မသင်ခဲ့ရတဲ့ ပညာရပ်တွေကို သင်ပေးတဲ့နေရာကိုသွားတာလည်း ဖြစ်နိုင်တယ်။

စာဖတ်ခြင်းက ခံစားတတ်စေဖို့ နှိုးဆွပေးတယ်။ အတွေ့အကြုံများစွာ ရရှိစေတယ်။ ရင့်ကျက်စေရန် လမ်းညွှန်ပေးတယ်။ တွေးခေါ်တတ်စေရန် သင်ကြားပေးတယ်။

ဒုတိယတစ်ချက်က လူအများနဲ့ လိုက်လျောညီထွေဖြစ်အောင် အလိုက်အထိုက် ဆက်ဆံနေထိုင်တတ်ဖို့လည်း လိုသေးတယ်။ အနည်းဆုံးတော့ လူမှုဆက်ဆံရေးအခြေအနေဟာ သင့်တင့်ကောင်းမွန်တဲ့ အနေအထားမှာ ရှိနေရပါမယ်။ အပြန်အလှန်တိုင်ပင်မှု၊ ကူညီဖေးမမှုတွေနဲ့ ပြည့်ဝနေတဲ့ သူငယ်ချင်းရပ်ဝန်းလေးတစ်ခုဖြစ်အောင် ဖန်တီးကြည့်သင့်တယ်။ ကိုယ့်ရဲ့အတွေ့အကြုံတွေ၊ ဗဟုသုတတွေဖလှယ်ရင်း တစ်ပါးသူရဲ့အတွေ့အကြုံ၊ ဗဟုသုတတွေပါ ပြန်ရနိုင်ပါတယ်။ ဘဝထဲက ပြန်သင်ယူမယ်။ နေ့စဉ်ကြုံတွေ့နေရသမျှထဲက ပြန်သင်ယူမယ်ဆိုရင် ဒါဟာ ဘဝအတွက် ကောင်းမွန်တဲ့အလေ့အထလေးတစ်ခု ဖြစ်လာလိမ့်မယ်။

အခုပြောသွားတဲ့ အခြေအနေတွေက ကိုယ့်ရဲ့အပြုအမူတွေကို ကောင်းမွန်စွာ ထိန်းကျောင်းပေးနိုင်တဲ့ အရာတွေပါပဲ။ ဒီလိုကောင်းမွန်တဲ့ အပြုအမူတွေ ဖြစ်လာရင် ကိုယ့်ရဲ့ပုံရိပ်ဟာလည်း ကောင်းမွန်လာမယ်။ ကိုယ့်ရဲ့ပုံရိပ်ကောင်းမွန်လာရင် လူဝင်ဆန့်လာပါမယ်။ လူကို လူလို့ သတ်မှတ်ခြင်းခံရပါမယ်။ ပြီးရင်ကိုယ့်ရဲ့ပုဂ္ဂိုလ်ရေးရာ အောင်မြင်မှုကလည်း နောက်ကနေ ကပ်ပါလာပါလိမ့်မယ်။ ဒါကြောင့် ကိုယ့်ရဲ့ပုံရိပ်ကို စနစ်တကျမြှင့်တင်ပြီး ဂရုတစိုက် ထိန်းသိမ်းကြပါလို့ တိုက်တွန်းရင်း . . . ။

■

## ကလေးလုပ်သားတစ်ယောက်၏ ရင်ဖွင့်ချက်

* ဒီကဗျာကိုရေးဖို့
ကလေးလုပ်သားဘဝကပေးတဲ့
မျက်ရည်တွေကို အန်တုကာ
နှလုံးသွေးနဲ့ရင်း ရေးခဲ့ရတယ်။
* တစ်စစ ငတ်မွတ်လာတဲ့စီးပွားရေးကပ်မှာ
လက်ဖက်ရည်ဆိုင်
စားသောက်ဆိုင်
အရက်ဆိုင်မှာ
အရွယ်နဲ့မလိုက်အောင်
လောကဓံကိုရင်ဆိုင်ရတာက
စာသင်ကျောင်းတက်ပြီး
ငတ်နေတာထက်စာရင်
ဘဝတွေလှပါသေးတယ်။
* ကလေးလုပ်သား ၁ ဒသမ ၃ သန်းကျော်ရှိတဲ့
မြန်မာနိုင်ငံမှာ
ကျွန်တော်က သူများတွေထက်
အလုပ်စောစောရခဲ့တာ
အဆိုးထဲက ကံကောင်းခြင်းများလား
တချို့ကလေးတွေဆို
အလုပ်မရကြရှာသေးဘူး။
* အဖြူ၊ အစိမ်းဝတ်ထားတဲ့
ရွယ်တူကျောင်းသားလေးတွေကိုမြင်ရင်
အရက်ဝိုင်းခုံကိုသုတ်နေတဲ့
လက်ကိုင်ပဝါလေးကိုခဏချ
လက်ထောက်ပြီးငေးခဲ့ဖူးတယ်။
* တက်ချင်တာပေါ့
သူများတွေတက်နေကြတဲ့ စာသင်ကျောင်းကြီး
ဖြစ်ချင်မိတာပေါ့
တက္ကသိုလ်ကျောင်းသားကြီး။
* ဒါပေမယ့် လက်တွေ့ကျကျဘဝမှာတော့
လကုန်လို့အမေ့ဆီ
ပိုက်ဆံသုံးသောင်းပို့ခွင့်ရတာနဲ့တင်
ကျွန်တော်ဝမ်းသာပီတိဖြစ်နေရပါပြီ။
* ကျွန်တော့်အိမ်ရဲ့အခြေအနေကို
ထောင့်တိုင်တစ်ခုနေရာကနေ
ကျားကန်ပေးရပေမယ့်
အမေနဲ့အဖေကိုအပြစ်မတင်ဘူး
လင်မယားနှစ်ယောက် တစ်နေကုန်အောင်
စားဖို့ရှန်းတာတောင်
မလောက်ငတဲ့အဖြစ်ရယ်ပါ။
* နိုင်ငံရေးဆိုတဲ့ အဘိဓာန်ကြီးကြောင့်လား
ကျွန်တော့်ဘဝလေးနဲ့
ဉာဏ်မမီလို့ မပြောတော့ပါဘူး။
နိုင်ငံတော်ကြီးကြောင့်လား
ကျွန်တော်အပြစ် မတင်တော့ပါဘူး။
* ခေတ်တွေစနစ်တွေကြောင့်လား
ပြည်တွင်းစစ်မီးကြောင့်လား
မတွေးတော့ပါဘူး။
* ကျွန်တော်သိတာကတော့
တစ်စစ တိုးတက်လာတဲ့
ကလေးလုပ်သားထုကြီးကို
လည်ပင်းဖက်ပေါင်းရတိုင်း
ကျွန်တော့်ဘဝလို
ကလေးလုပ်သားဖြစ်လာရတဲ့
ရွယ်တူကလေးတွေအတွက်
ကျွန်တော့်ရင်ဘတ်ကြီးထဲ
ကျွန်တော့်နှလုံးသားထဲက
တဆစ်ဆစ်အောင့်နေမိတယ်။

**တေးသီပိုင်**